# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၈)၊ အမှတ်(၀၈၈)


**သံသရာ**

ကြောင့်ကြစိုးရိမ်မှုရှိသောသူမှာ အိပ်မရသဖြင့် ညတာရှည်လျား၊ ခရီးပန်းသူမှာ တစ်ယူဇနာမျှသော ခရီးသည် ရှည်လျား၊ သူတော်ကောင်းတရားကို မသိသော လူမိုက်အဖို့ သံသရာရှည်လျား၊ သံသရာမှ လွတ်မြောက်ကြောင်း လမ်းစကို မတွေ့ရသဖြင့် သံသရာထဲတွင် တဝဲလည်လည်ကျင်လည်၏။ သူတော်ကောင်းတရားသိသော ပညာရှိတို့အဖို့မှာကား သံသရာသည် တိုတောင်း၏။

ဗာလဝဂ် (ဓမ္မပဒ-၆၀)

# ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




ဒုတိယသမ္မတ ဦးမြင့်ဆွေ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် (Universal Periodic Review-UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review-UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒေါက်တာဝင်းမြတ်အေး၊ ဦးကျော်တင်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်အောင်သူ၊ ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်၊ ဦးခင်မောင်တင်၊ ဦးအောင်လှထွန်း၊ ဒေါက်တာဒေါ်မြလေးစိန်နှင့် ဦးဆက်အောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး၊

*စာမျက်နှာ ၃ ကော်လံ ၁* ❇


**ရေစကြိုကျွန်းပေါ်ရှိ ကျေးရွာများအနက်မှ ပထမဦးစွာ ကျေးရွာရှစ်ရွာ မီးလင်းရေး ဆောင်ရွက်ပေးမည်** စာ ၄

**ပြည်ပမှ အလုပ်သမားများ အဆင်ပြေစေရေး ဆောင်ရွက်ချက်များ ဂျပန်အစိုးရ အတည်ပြု** စာ ၁၄


## ကော့သောင်းနယ်စပ်ဂိတ်မှ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ ပြန်လည်ဝင်ရောက်



**ကော့သောင်း ဒီဇင်ဘာ ၂၆**

ထိုင်းနိုင်ငံ တောင်ပိုင်းဒေသများတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမား အမျိုးသား ၈၂ ဦး၊ အမျိုးသမီး ၁၈ ဦး စုစုပေါင်း ၁၀၀ သည် ဒီဇင်ဘာ ၂၆ ရက် ညနေပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ရေလမ်းခရီးဖြင့် ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာကြောင်း သိရသည်။ (ဝဲပုံ)

အဆိုပါအလုပ်သမားများမှာ ထိုင်းနိုင်ငံအတွင်း သွားရောက်အလုပ်လုပ်ကိုင်ရင်း အကြောင်းအမျိုးမျိုးကြောင့် ထိုင်းနိုင်ငံဥပဒေအရ

*စာမျက်နှာ ၇ ကော်လံ ၁* ❇




မြန်မာ့အလင်း

# သီးနှံဈေးကွက် ခိုင်မာရေးနှင့် တောင်သူတို့ဘဝ တည်ငြိမ်အသားကျရေး

အိန္ဒိယသမ္မတ မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်အတွင်း၌ ပဲမျိုးစုံကို မြန်မာနိုင်ငံက ဝယ်ယူမည့် အရေအတွက်ကို သီးခြားသတ်မှတ်ပေးသည့် (သီးသန့်ကိုတာ) စနစ်ဖြင့် တင်ပို့ခွင့်ပြုရေး အပါအဝင် နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းထုတ်ပြန်ချက်များအရ သိရပါသည်။ အိန္ဒိယသမ္မတက ပဲမျိုးစုံတင်ပို့ရာတွင် နှစ်နိုင်ငံအကျိုးရှိမည့် နည်းလမ်းများကို ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဆိုခဲ့ပါသည်။

၂၀၁၇ ဩဂုတ်အတွင်းက အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှု ကန့်သတ်ချက်ကြောင့် ပဲတင်ပို့သည့် နိုင်ငံအားလုံး အကျပ်တွေ့ခဲ့ရ ပြီး နှစ်ပေါင်းများစွာ တင်ပို့ရောင်းချနေသော မြန်မာနိုင်ငံအတွက်လည်း ပဲတင်ပို့မှု လုံးဝရပ်ဆိုင်းရသလောက် ဖြစ်ခဲ့ရသည်။ ပဲတင်ပို့သူ ကုန်သည်ကြီးများ၊ နယ်အသီးသီးမှ လိုက်လံဝယ်ယူသိုလှောင်သူ ကုန်သည်ငယ်များ ထိခိုက်နစ်နာခဲ့ရပြီး ပဲတောင်သူများ အနစ်နာဆုံး ဖြစ်ခဲ့ရသည်။

ယခု နှစ်နိုင်ငံ ဆွေးနွေးချက်များအရ မြန်မာပဲစိုက်တောင်သူတို့အတွက် များစွာမျှော်လင့်ချက်ရောင်ခြည် လင်းလက်လာ၏။ ပဲတင်ပို့မှုရပ်ဆိုင်းရသည့်အခါ ဈေးကွက်ထဲရှိ ပဲဈေးနှုန်းကျရ၏။ ကောက်ပဲသီးနှံဈေး ကျဆင်းသည့်အခါ လယ်ထွက်သီးနှံများဖြင့်သာ ရပ်တည်နေထိုင်ကြရသော တောင်သူလယ်သမားတို့မှာ ဒုက္ခဆင်းရဲနှင့်ကြုံကြရလေတော့၏။

ယင်းသို့သော အခက်အခဲများကြားမှာ နိုင်ငံတော်အစိုးရက တောင်သူတို့ကို သီးနှံတစ်မျိုးတည်း စိုက်ပျိုးသည့်ဓလေ့အစား သီးနှံ နှစ်မယ် သုံးမယ် စိုက်ပျိုးခြင်းကို တိုက်တွန်းပညာပေးခဲ့၏။ ဤသို့ ဖြင့် ဈေးကွက်မရှိသော မတ်ပဲ၊ ပဲစင်းငုံတို့ကိုသာ စိုက်မိသော တောင်သူတို့အတွက် အခြားသော သီးနှံအမျိုးအစားရှိခြင်းဖြင့် အတန်အသင့် သက်သာရာရမည်ဖြစ်၏။ ဥပမာအားဖြင့် ပဲတီစိမ်းမှာ တရုတ်နိုင်ငံက ပုံမှန်ဝယ်ယူနေသဖြင့် ခုသာခံသာရှိခဲ့ခြင်းမျိုး ဖြစ်ပါသည်။ ထို့အတူ ပြည်တွင်းစားသုံးမှုရှိသော ကုလားပဲဆိုလျှင် ဈေးကွက်ထဲတွင် ဆက်လက်တည်ရှိနိုင်နေသည့်အတွက် မျှတစိုက်ပျိုးသည့် တောင်သူတို့ အတန် သက်သာခဲ့ကြသည်။

စိုက်ပျိုးရသည့် တောင်သူတို့မှာ မိမိတို့ စိုက်ပျိုးနေသည့် သီးနှံများ ဈေးကွက်ထဲတွင် လည်ပတ်တွင်ကျယ်နေမှုက လွန်စွာအရေးပါပါသည်။ ဈေးကွက်ထဲတွင် တွင်ကျယ်ကောင်းမွန်နေဖို့က ဦးဆုံးအနေဖြင့် ဈေးကွက်ခိုင်မာရန် လိုပါသည်။ တစ်နှစ်တလေ ဈေးကျသည်ဆိုသည်နှင့် တောင်သူတို့ဘဝပျက်မတတ်ဖြစ်ရသည်ကို ထောက်ချင့်၍ အစိုးရက ဈေးကွက်သေချာရေး ကြိုးပမ်းနေရခြင်း ဖြစ်ပါသည်။ ယခုလို အိန္ဒိယနှင့် မြန်မာနိုင်ငံတို့ သီးနှံတင်ပို့နိုင်ရန် အစိုးရချင်း စာချုပ်ချုပ်နိုင်ရန် ဆွေးနွေးညှိနှိုင်းနေခြင်းသည် တောင်သူတို့အတွက် မျှော်လင့်ချက်ဖြစ်၏။ အိန္ဒိယဘက်မှ ထုတ်လုပ်မှုစရိတ်ကို ၃၀ ရာခိုင်နှုန်း အမြတ်ပေါင်းသည့် ဈေးနှုန်းဖြင့် အဆိုပြုထားပြီး မြန်မာကုန်သည်များဘက်ကမူ ဈေးကွက်ပေါက်ဈေးအတိုင်း ရောင်းဝယ်လိုသည်ဟု အဆိုပြုထား၏။ အိန္ဒိယ၏ အဆိုပြုချက်အရဆိုလျှင် ပုံမှန်ဈေးကွက်ကို ရရှိမည်ဖြစ်သော်လည်း ဈေးကွက်၏ အမြင့်ဆုံး ဈေးနှုန်းကိုတော့ ရနိုင်မည်မဟုတ်။ မြန်မာကုန်သည်တို့ အဆိုပြုသည့်အတိုင်း ပုံမှန်ဈေးကွက်လည်းရ၊ ပေါက်ဈေးအတိုင်းလည်း ရမည်ဆိုလျှင်တော့ အတိုင်းထက်အလွန်ဖြစ်မည်။ သို့သော် တရားဝင်ဈေးကွက်မရှိဘဲ အနိမ့်ဆုံးဈေးအထိ ထိုးဆင်းသွားသည့်အခါမျိုးတွင် တောင်သူတို့ မည်မျှတောင့်ခံနိုင်မလဲဆိုသည်ကို စဉ်းစားရန်လိုပါမည်။

မြန်မာ့စိုက်ပျိုးရေးကဏ္ဍတွင် စပါးပြီးလျှင် ပဲအမျိုးမျိုးသည် ဒုတိယစိုက်ပျိုးမှု အများဆုံးဖြစ်သလို ပြည်ပပို့ရာတွင်လည်း စပါးပြီးလျှင် ပဲအမျိုးမျိုးက ထိပ်ဆုံးမှာဖြစ်၏။ ထို့ကြောင့် စိုက်ပျိုးသည့် တောင်သူတို့၏ အခြေအနေတည်ငြိမ်မှုနှင့် ခိုင်မာသော ဈေးကွက်အနေအထားသို့ ရောက်ရှိရန်တို့ကို အလေးအနက်ထား ဦးစားပေးစဉ်းစားရန် လိုအပ်မည်ဟု ယူဆပါကြောင်း။ ။

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ၂၀၁၉ ခုနှစ်၊ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး “စုပေါင်းအင်အား” ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို ထိရောက်စွာ တားဆီးကာကွယ်ရေး။

(၄) တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ရေး။

(၅) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးရေး။

(၁၉)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်

နှီးနှောဖလှယ်ပွဲ

(၂၈-၂၉.၁၂.၂၀၁၈) နေပြည်တော်

## ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန အာစရိယပူဇော်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတည်ထောင်သည့် ( ၇၇ ) နှစ်မြောက်အထိမ်းအမှတ်မြန်မာစာမိသားစု၏ ( ၁၈ ) ကြိမ်မြောက်အာစရိယပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက်က ရန်ကုန်တက္ကသိုလ်အပန်းဖြေရိပ်သာ၌ ကျင်းပသည်။ အခမ်းအနားတွင် ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနပါမောက္ခ ဌာနမှူး ဒေါက်တာ အောင်မြင့်ဦးက အမှာစကားပြောကြားပြီး အမျိုးသမီးငယ်များက ဆီမီးထွန်းညှိ၍ ပူဇော်ကန်တော့ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့်ကန်တော့ခံဆရာကြီးဆရာမကြီးများကိုတစ်ဦးချင်း မိတ်ဆက်ပေးကြပြီး ကန်တော့ခံဆရာကြီးတစ်ဦးက ဩဝါဒအမှာစကားပြောကြားသည်။

ထို့နောက် မြန်မာစာဘာသာရပ်တွင် ထူးချွန်ကြသူများကို ဆုများပေးအပ်သည်။ ရန်ကုန်တက္ကသိုလ်မြန်မာစာကျောင်းသားဟောင်းများအသင်းကို ၂၀၁၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ မြန်မာစာကျောင်းသားဟောင်းများအသင်းက ကြီးမှူး၍ ၁၉၄၁ ခုနှစ် အင်္ဂလိပ်အစိုးရအုပ်ချုပ်ခဲ့သည့်ကာလတွင် ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနကို စတင်တည်ထောင်ခဲ့သည့် ရန်ကုန်တက္ကသိုလ် (ယူနီဗာစီတီကောလိပ်) ၏ ပထမဦးဆုံး မြန်မာလူမျိုး ကျောင်းအုပ်ကြီး ဆရာကြီး ဦးဖေမောင်တင် ရုပ်တုကို ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းတွင် မြန်မာစာဌာနတည်ရှိရာ တောင်ငူဆောင်ရှေ့၌ ဖွင့်ပွဲအခမ်းအနားပြုလုပ်ပြီးထားရှိမည်ဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် တက္ကသိုလ်မြန်မာစာဆရာဆရာမများ စောင့်ရှောက်မှုငွေပဒေသာပင်ဖောင်ဒေးရှင်းကို တည်ထောင်ထားသည့်အသင်း၏ ရန်ပုံငွေကို မြန်မာစာဆရာဆရာမများ၊ မြန်မာစာကျောင်းသူ ကျောင်းသားဟောင်းများ၊ မြန်မာစာဘာသာရပ်နှင့် တွဲဖက်သင်ကြားခဲ့သော ကျောင်းသူ ကျောင်းသားဟောင်းများက ထည့်ဝင်လှူဒါန်းရာ ငွေကျပ် သိန်း ၁၄၀၀ ရရှိသည်။ ထိုငွေများထဲမှ ငွေကျပ် သိန်း ၅၀၀ ကိုစာရင်းသေအပ်ငွေအဖြစ်ထားရှိပြီး ကျန်ငွေများကို စုငွေအဖြစ်ထားရှိကာ လစဉ်ရရှိသော အတိုးငွေမှ ကျန်းမာရေးကုသစရိတ်လိုအပ်သော ဆရာကြီး ဆရာမကြီးများကို လစဉ်ကုသိုလ်ပြုလျက်ရှိသည်။

၂၀၁၇ ခုနှစ် အောက်တိုဘာလမှ စတင်၍ အသက် (၈၅နှစ်) အထက် ဆရာကြီး ဆရာမကြီး ငါးဦးတို့ကိုလစဉ် ကျပ်ငါးသောင်းနှင့် လိုအပ်ချက်အရ အငြိမ်းစားဆရာကြီး ဆရာမကြီး ငါးဦးတို့ကို ကျပ်သုံးသောင်းစီလစဉ် ကုသိုလ်ပြုလျက်ရှိသည်။ (၁၈) ကြိမ်မြောက် အာစရိယပူဇော်ပွဲသို့ တက်ရောက်လာကြသည့် ဆရာကြီး ဆရာမကြီး ၅၇ ဦးတို့ကို တက္ကသိုလ် မြန်မာစာဆရာဆရာမများ စောင့်ရှောက်မှု ငွေပဒေသာပင် ဖောင်ဒေးရှင်း၊ မြန်မာစာဌာနနှင့် အလှူရှင်များ၏ လှူဒါန်းမှုမှာ ကျပ် ၃၈ သိန်းခုနစ်သောင်း ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

## ရှမ်းနှစ် ၂၁၁၃ နှစ်ပြည့် ရိုးရာနှစ်သစ်ကူးနှင့် ကောက်ဦးဆွမ်းကပ်လှူပွဲတော် ကျင်းပ

**ဗန်းမော် ဒီဇင်ဘာ ၂၆**

ရှမ်းနှစ် ၂၁၁၃ နှစ်ပြည့် တိုင်းလိုင်တိုင်းနိုင်း(ရှမ်းနီ) ရိုးရာနှစ်သစ်ကူးနှင့် ကောက်ဦးဆွမ်းကပ်လှူပွဲတော်ကို ပထမအကြိမ်အဖြစ် ယနေ့နံနက်က ကချင်ပြည်နယ် ဗန်းမော်မြို့ မင်းကုန်းရပ်ကွက်ရှိ သိမ်မဟာစေတီတော်ဘုရားဝင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ တက်ရောက်လာကြသည့် ရှမ်းတိုင်းရင်းသားများက လမ်းကြောင်းလေးကြောင်းမှ စီတန်း၍ သိမ်မဟာစေတီတော်ဝင်း အတွင်းနေရာယူကာ နိုင်ငံတော်အလံကို စုပေါင်းအလေးပြုခဲ့ကြသည်။

ထို့နောက် ပြည်နယ် ရှမ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးစိုင်းစိန်လင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်း၊ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးစိုးလှိုင်၊ ဗန်းမော်ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးလင်းသက်၊ ပြည်နယ် ရှမ်းနီစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်အေးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဗန်းမော်မြို့နယ်အတွင်းရှိ ရှမ်းလူငယ်မောင်မယ်များက ကောက်စိုက်အကဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

အဆိုပါ ပွဲတော်ကို ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက် ကျင်းပမည်ဖြစ်ပြီး ကချင်ပြည်နယ်အတွင်းရှိ ဗန်းမော်၊ ရွှေကူ၊ မိုးမောက်၊ မန်စီ၊ မြစ်ကြီးနား၊ ဆင်ဘို၊ မိုး ကောင်း၊ မိုးညှင်း၊ ကာမိုင်း၊ ဖားကန့်၊ ဒေါ့ဖုန်းယန်၊ ဝိုင်းမော် မြို့နယ်များ အပြင် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်၊ ဟုမ္မလင်း၊ ပင်လည်ဘူး၊ ဗန်းမောက်၊ ရွှေဘိုမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီးရှိ ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့များအပါအဝင် ရှမ်းနီတိုင်းရင်းသားလူငယ်မောင်မယ် ၂၀၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

## သရက်အကျဉ်းထောင်နှင့် အချုပ်စခန်းများ စစ်ဆေး

**မကွေး ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်းသည် သရက်ခရိုင် တရားသူကြီး ဒေါ်ခင်သန့်ဇင်၊ သရက် ခရိုင်ဥပဒေအရာရှိ ဒေါ်လှလှဝင်း၊ မြို့နယ်တရားသူကြီး ဦးဝေလင်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်စိုးတို့နှင့်အတူ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်က သရက်အကျဉ်း ထောင်သို့သွားရောက်ပြီး သရက်အကျဉ်းထောင်ရှိ ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်တရားခံများနှင့် တွေ့ဆုံကာ နေထိုင်ရေး၊ ကျန်းမာရေး၊ စားသောက်ရေး အခြေအနေများ မေးမြန်း၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားရမှု ရှိ မရှိ၊ ဥပဒေ နှင့်မညီဘဲ မတရားနှိပ်စက်ညှဉ်းပန်းခံရမှုများ ရှိ မရှိ၊ အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှု ရှိ မရှိ မေးမြန်းပြီး အကျဉ်းထောင်အတွင်း အဆောင်များကို လှည့်လည် စစ်ဆေးကြည့်ရှုခဲ့သည်။ အဆိုပါ လှည့်လည် စစ်ဆေးကြည့်ရှုရာသို့ သရက် အကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က လိုက်ပါရှင်းလင်းပြသခဲ့သည်။

ယင်းနေ့မှာပင် သရက်မြို့မရဲတပ်ဖွဲ့ အချုပ်စခန်းကိုလည်း သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး (သရက်)**

## ပန်းချီပြပွဲ မန္တလေးတွင် ကျင်းပမည်

**မန္တလေး ဒီဇင်ဘာ ၂၆**

နှစ်သစ်ကို ကြိုဆိုသောအားဖြင့် New Year New Men Group Show ပန်းချီဆရာ ၁၀ ဦး စုပေါင်းပန်းချီပြပွဲကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့မှ ၅ ရက်နေ့အထိ မန္တလေး အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်ခြေ ပန်းချီပြခန်း (Mandalay Hill Art Gallery) တွင် ကျင်းပမည်ဖြစ်သည်။ ပန်းချီပြပွဲ ဖွင့်ပွဲကို ၂၀၁၉ခုနှစ် ဇန်နဝါရီလ ၁ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် ပြသမည့် ပန်းချီဆရာများမှာ ဒေါက်တာ ဇော်ထွန်းလင်း၊ ညောင်ဦးသန်းဌွေး၊ ဦးစိုးငြိမ်း၊ ခင်အောင်ဝင့်၊ ဆွေနိုင်စစ်၊ ကျော်စိုး၊ မော်စီ၊ မိုးဦးပန်းချီ၊ စန္ဒာဝင်း၊ အေးသန္တာလှိုင်တို့ ပါဝင်ပြသမည် ဖြစ်သည်။ အဆိုပါ ပန်းချီဆရာ ၁၀ ဦး၏ ပန်းချီကားပေါင်း ၁၀၀ ကျော် ပြသမည်ဖြစ်ပြီး ရေဆေး၊ ဆီဆေး၊ အခရိုက်လစ် စသည်တို့ ပါဝင်မည်ဖြစ်သည်။

**ခင်ခင်ဝင်း (ပညာရေး)**


ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး


ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်


ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး

**❑ UPR လုပ်ငန်းစဉ်သည် မိမိတို့နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်မှုများကို ကမ္ဘာကသိစေရန် စနစ်တကျ ဖော်ထုတ်ပြသခွင့်ရမည့် အခွင့်အရေးဖြစ်သည့်အတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများကို ပီပီပြင်ပြင်နှင့် ကျစ်လျစ်စွာ ဖော်ပြနိုင်ရန် အလေးထား**

**❖ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနည်းတူ လူ့အခွင့်အရေးအခြေအနေများ တိုးတက်မှုရှိစေရေးအတွက် ဘက်ပေါင်းစုံမှ အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိသည်ကို ဖော်ပြနိုင်ရေးအတွက် National Report တွင် ပါဝင်သင့်ပါဝင်ထိုက်သည့်ကိစ္စရပ်များ ပါဝင်စေရေးနှင့် ကျန်ရှိမှုမရှိစေရေးကို အထူးဂရုပြုဆောင်ရွက်**

❄ *ရွှေဖုံးမှ*

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက Universal Periodic Review (UPR) ဆိုသည်မှာ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ်ဖြစ်ပြီး ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် (၆၅/၂၅၁) အရ ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် UPR ပထမအကျော့ (First Cycle) ကို ၂၀၁၁ ခုနှစ်တွင် လည်းကောင်း၊ ဒုတိယအကျော့ (Second Cycle) ကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း အစီရင်ခံစာများကို သက်ဆိုင်ရာအကျော့အလိုက် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးသို့ ပေးပို့တင်ပြခဲ့ပြီး ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီတွင် သုံးသပ်မှုခံယူခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ဒုတိယအကျော့ (Second Cycle) သုံးသပ်မှုခံယူခဲ့စဉ်က အဖွဲ့ဝင်နိုင်ငံပေါင်း ၉၃ နိုင်ငံ၏ အကြံပြုတိုက်တွန်းချက်ပေါင်း ၂၈၁ ချက်တွင် ၁၆၆ ချက်ကို လက်ခံခဲ့ပါကြောင်း၊ လက်ခံခဲ့သည့် အကြံပြုချက်များနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နှင့် ၁၀ ရက်တို့တွင် နေပြည်တော်၌ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဦးဆောင်၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ပါကြောင်း။

**ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့**

ထို့အတူ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် နေပြည်တော်၌ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် The Lutheran World Federation (Myanmar) တို့ ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကိုလည်း ထပ်မံကျင်းပခဲ့ပါကြောင်း၊ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများမှ ရရှိခဲ့သည့် ရလဒ်များအပေါ် အခြေခံ၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ နိုင်ငံတော်သမ္မတရုံးသို့ အကြံပြုတင်ပြခဲ့ရာ နိုင်ငံတော်သမ္မတရုံးက ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်တွင် **“Universal Periodic Review (UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ”** ကို လုပ်ငန်းတာဝန် (၅)ရပ် ချမှတ်ကာ အဖွဲ့ဝင် ၂၅ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်တွင် အမျိုးသားအဆင့်ကော်မတီ၏ အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်၍ တာဝန်ရှိသူများနှင့် ကျင်းပခဲ့ပါကြောင်း၊ အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံက လက်ခံခဲ့သည့် အကြံပြုတိုက်တွန်းချက်များနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကဏ္ဍ (၁၂)ရပ်အတွက် တာဝန်ခံဝန်ကြီးဌာန၊ အဖွဲ့အစည်းများကို သတ်မှတ်နိုင်ခဲ့ပါကြောင်း၊ အဆိုပါကဏ္ဍ (၁၂)ရပ်အတွက် တာဝန်ခံဆောင်ရွက်ရမည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှာ **“အဓိကအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များတွင် ပါဝင်ချုပ်ဆိုရန်ကိစ္စရပ်(၄၁)ရပ်နှင့် စပ်လျဉ်း၍”** နိုင်ငံခြားရေးဝန်ကြီးဌာနက လည်းကောင်း၊ **“အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် စပ်လျဉ်းသည့် ကိစ္စရပ် (၇)ရပ်နှင့် စပ်လျဉ်း၍”** မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က လည်းကောင်း၊ **“ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရားနှင့် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်(၄)ရပ်နှင့်စပ်လျဉ်း၍”** အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနက လည်းကောင်း၊ **“ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေး ပြုပြင်ပြောင်းလဲရေးကိစ္စရပ် (၁၉)ရပ်နှင့် စပ်လျဉ်း၍”** ပြည်ထောင်စုရှေ့နေချုပ်ရုံးက လည်းကောင်း၊ **“စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ် (၁၂)ရပ်နှင့် စပ်လျဉ်း၍”** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက လည်းကောင်း၊ **“ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖော်ဆောင်ရေးကိစ္စရပ်နှင့် မြေသိမ်းမှုကိစ္စရပ်(၁၀)ရပ်နှင့် စပ်လျဉ်း၍”** ပြည်ထဲရေးဝန်ကြီးဌာနက လည်းကောင်း၊ **“ကျား- မ တန်းတူရည်တူရှိမှုမြှင့်တင်ရေးကိစ္စနှင့် ထိခိုက်ခံစားလွယ်သောအုပ်စုများ ကာကွယ်ရေးကိစ္စရပ် (၁၅)ရပ်၊ ခွဲခြားမှုမပြုရေးကိစ္စရပ်(၁၅)ရပ်တို့နှင့် စပ်လျဉ်း၍”** လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်းကောင်း၊ **“ကျန်းမာရေးနှင့် ပညာရေးကိစ္စရပ်(၁၃)ရပ်နှင့်စပ်လျဉ်း၍”** ပညာရေးဝန်ကြီးဌာနက လည်းကောင်း၊ **“ဘာသာပေါင်းစုံချစ်ကြည်ရေးကိစ္စ၊ လွတ်လပ်စွာထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်ကိစ္စရပ် (၁၈)ရပ်နှင့် စပ်လျဉ်း၍”** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက လည်းကောင်း၊ **“နိုင်ငံသားစိစစ်ရေးကိစ္စ၊ ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေရသူများ ကိစ္စနှင့် လူကုန်ကူးခြင်းကိစ္စရပ်(၇)ရပ်နှင့်စပ်လျဉ်း၍”** အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက လည်းကောင်း၊ **“အပစ်အခတ်ရပ်စဲရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ကိစ္စရပ်(၅)ရပ်နှင့် စပ်လျဉ်း၍”** နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတို့က လည်းကောင်း တာဝန်ယူဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

**လျာထားဆောင်ရွက်**

၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေကို ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက တတိယအကျော့အဖြစ် သုံးသပ်မည်ဖြစ်ရာ ဒုတိယအကျော့၏ အကြံပြုတိုက်တွန်းချက်များအား အကောင်အထည်ဖော်မှုဆိုင်ရာ National Report ကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး National Report မူကြမ်းအား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် အမျိုးသားအဆင့်ကော်မတီသို့ တင်ပြနိုင်ရေး လျာထားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်တကျရှိစေရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးပြည့်စုံသည့် National Report ရရှိစေရန်အတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

UPR လုပ်ငန်းစဉ်သည် မိမိတို့နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်မှုများကို ကမ္ဘာကသိစေရန် စနစ်တကျဖော်ထုတ်ပြသခွင့်ရမည့် အခွင့်အရေးဖြစ်သည့်အတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများကို ပီပီပြင်ပြင်နှင့် ကျစ်လျစ်စွာ ဖော်ပြနိုင်ရန် အလေးထားဆောင်ရွက်ပေးစေလိုပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနည်းတူ လူ့အခွင့်အရေးအခြေအနေများ တိုးတက်မှုရှိစေရေးအတွက် ဘက်ပေါင်းစုံမှ အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိသည်ကို ဖော်ပြနိုင်ရေးအတွက် National Report တွင် ပါဝင်သင့်ပါဝင်ထိုက်သည့် ကိစ္စရပ်များ ပါဝင်စေရေးနှင့် ကျန်ရှိမှုမရှိစေရေးကို အထူးဂရုပြုဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ ယခု အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် ဆက်လက်ဆောင်ရွက်သင့်သည့်လုပ်ငန်းများ၊ လုပ်ငန်းကော်မတီများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

**လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြ**

ထို့နောက် ကော်မတီအတွင်းရေးမှူး ဗိုလ်ချုပ်အောင်သူက ယခင်ဆောင်ရွက်ခဲ့သည့် UPR လုပ်ငန်းစဉ်များ၊ အကြိုလုပ်ငန်းညှိနှိုင်းမှု အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် UPR အကြံပြုတိုက်တွန်းချက် (၁၆၆)ချက်နှင့် စပ်လျဉ်း၍ ကဏ္ဍ (၁၂)ရပ်အတွက် တာဝန်ခံဝန်ကြီးဌာန၊ အဖွဲ့အစည်းများဖြစ်ကြသည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က **“အဓိကအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များတွင် ပါဝင်ချုပ်ဆိုရန် ကိစ္စရပ်(၄၁)ရပ်”**နှင့် **“ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရားနှင့် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်(၄)ရပ်”** တို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက **“အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်(၇)ရပ်”**နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက **“ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေး ပြုပြင်ပြောင်းလဲရေးကိစ္စရပ်(၁၉)ရပ်”**နှင့် စပ်လျဉ်း၍ လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က **“စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ် (၁၂)ရပ်”**နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က **“ကောင်းမွန်သောအုပ်ချုပ်မှုစနစ် ဖော်ဆောင်ရေးကိစ္စရပ်နှင့် မြေသိမ်းမှုကိစ္စရပ် (၁၀)ရပ်”**နှင့် စပ်လျဉ်း၍ လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက **“ကျား-မ တန်းတူရည်တူရှိမှု မြှင့်တင်ရေးကိစ္စနှင့် ထိခိုက်ခံစားလွယ်သောအုပ်စုများ ကာကွယ်ရေးကိစ္စရပ် (၁၅)ရပ်၊ ခွဲခြားမှုမပြုရေးကိစ္စရပ် (၁၅)ရပ်”**တို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်က **“ကျန်းမာရေးနှင့် ပညာရေးကိစ္စရပ် (၁၃)ရပ်”**နှင့် စပ်လျဉ်း၍ လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက **“ဘာသာပေါင်းစုံချစ်ကြည်ရေးကိစ္စ၊ လွတ်လပ်စွာထုတ်ဖော်ခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်ကိစ္စရပ် (၁၈)ရပ်”**နှင့် စပ်လျဉ်း၍လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရှိန်ဝင်းက **“နိုင်ငံသားစိစစ်ရေးကိစ္စ၊ ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းနေရသူများကိစ္စနှင့် လူကုန်ကူးခြင်းကိစ္စရပ် (၇)ရပ်”** နှင့်စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က **“အပစ်အခတ်ရပ်စဲရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကိစ္စရပ် (၅)ရပ်”**နှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြလေးစိန်၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်နှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့က ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review-UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review-UPR) အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ရေစကြိုကျွန်းပေါ်ရှိ ကျေးရွာများအနက်မှ ပထမဦးစွာ ကျေးရွာရှစ်ရွာ မီးလင်းရေးဆောင်ရွက်ပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဒီဇင်ဘာ ၂၄ ရက် ညနေပိုင်းက မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းမော်ဌေး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ကြားရှိ ရေစကြိုကျွန်းသို့ သွားရောက်ကြပြီး ကျေးရွာများနေ ပြည်သူများနှင့် တွေ့ဆုံကာ လျှပ်စစ်မီးရရှိသုံးစွဲနိုင်ရန်၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးရန် ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သောနည်းပညာအကူအညီပေးခြင်း၊ စိုက်ကွင်းများကို အဆင့်မြှင့်တင်ခြင်းနှင့် ကုန်ထုတ်လမ်းများ ဖောက်လုပ်ဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ မဟာဓာတ်အားလိုင်းနှင့် ဝေးကွာပြီး ၁၀ နှစ်တာကာလအတွင်း လျှပ်စစ်မီးရရှိရေးစီမံကိန်းများတွင် မပါဝင်သေးသည့်ကျေးရွာများ လျှပ်စစ်မီးရရှိအသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အသေးစားလျှပ်စစ်မီးရရှိရေးစီမံကိန်းအရ ဒေသမီးလင်းရေး ဆောင်ရွက်ပေးမည့် အခြေအနေများနှင့် လျှပ်စစ်မီးရရှိပါက အသေးစားကုန်ထုတ်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေး ဆက်လက်ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။



ရေစကြိုကျွန်းပေါ်တွင် ကျေးရွာ ၄၃ ရွာ ရှိသည့်အနက် ပထမအဆင့်စီမံကိန်းအရ အရှေ့ပိုင်းကျွန်းရွာများဖြစ်သည့် ငတရော်၊ မြေတော်၊ သပြေပင်၊ ဘိစပ်ကုန်း၊ ကိုင်း၊ မြေစွန်း၊ ညောင်မွေး၊ ဆည်သစ်မြင်ကျေးရွာ ရှစ်ရွာတို့တွင် ၂၈၈ ကီလိုဝပ် ဆိုလာစနစ်နှင့် အရန်မီးစက် ၁၆၀ ကီလိုဝပ် ဒီဇယ်အင်ဂျင်တို့ဖြင့် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ရာ အိမ်ခြေ ၁၄၄၂ လုံး၊ လုပ်ငန်းသုံး ၆၆ ဦးနှင့် စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘုန်းကြီးကျောင်း ၂၃ ကျောင်းတို့ကို အကျိုးပြုနိုင်မည်ဖြစ်ပြီး ဒုတိယအဆင့်စီမံကိန်းအတွက် ကျေးရွာ ၁၂ ရွာတွင် ဆက်လက်ဆောင်ရွက်ရန် လျာထားကာ တစ်ကျွန်းလုံးမီးလင်းရေးအတွက် ကျန်ရှိသော ကျေးရွာများကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေစကြိုမြို့နယ် မင်းကန်မြစိမ်းရောင်ရွာတွင် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး စနစ်အရလုပ်ကိုင်နေကြသော သဲကျောက်အလှဆင်ကုန်ထုတ်လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ကျေးရွာအနီးရှိ သဲကျောက်တောင်မှ သဲကျောက်များကို အသုံးပြု၍ ကျောက်ပျဉ်၊ ကျောက်စားပွဲ၊ ကြိတ်ဆုံ၊ ကျောက်မီးဖို၊ ကျောက်ငရုတ်ဆုံ၊ ကျောက်မီးအိမ်၊ ကျောက်ရေအိုးများ ထုဆစ်နေမှုများကို ကြည့်ရှုအားပေးသည်။ **(ဝဲပုံ)**

ထို့နောက် ဒေသနေပြည်သူများ၏ တင်ပြတောင်းဆိုမှုအရ သောက်သုံးရေအခက်အခဲများ ကူညီဖြေရှင်းပေးနိုင်ရန် လိုအပ်လျက်ရှိသောစက်ရေတွင်း၊ ရေစင်၊ ရေပိုက်များ တပ်ဆင်ပေးနိုင်ရေးနှင့် မူလရှိပြီးရေကန် ပြန်လည်ဆယ်ယူမွမ်းမံရေး လိုအပ်ချက်များကို အမြန်ဖြည့်ဆည်းဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားပြီး မိသားစုတစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်စိုက်ပျိုးနိုင်ရေးအတွက် မျိုးနှင့် နည်းပညာများကူညီဖြည့်ဆည်းပေးမည့် အစီအစဉ်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၅၀၀ ကေဗွီ ကံကောင်း(မိတ္ထီလာ)-စပါးကြွယ်(တောင်ငူ) မဟာဓာတ်အားလိုင်းကြိုးဆွဲလုပ်ငန်းအပ်နှံခြင်း သဘောတူစာချုပ်လက်မှတ်ရေးထိုး

နေပြည်တော် ဒီဇင်ဘာ ၂၆

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနနှင့် China Energy Engineering Group Hunan Electric Power Design Institute Co., Ltd (For Lot-1)၊ SEPCO Electric Power Construction Corporation (For Lot-2) တို့အကြား ၅၀၀ ကေဗွီ ကံကောင်း(မိတ္ထီလာ)-စပါးကြွယ်(တောင်ငူ) မဟာဓာတ်အားလိုင်းကြိုးဆွဲလုပ်ငန်း အပ်နှံခြင်းသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားခွဲရုံများကို အဆင့်မြှင့်တင်ပြုပြင်ခြင်း၊ ဓာတ်အားပေးစက်ရုံအသစ်များ တည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိပြီး နှစ်အလိုက် တိုးတက်သုံးစွဲလာမည့် ဓာတ်အားကို လိုအပ်ချက်များအတိုင်း ပြည့်ပြည့်ဝဝ ဖြည့်ဆည်းပေးနိုင်ရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံ မြောက်ပိုင်းရှိ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်လျက်ရှိသော ဓာတ်အားနှင့် တည်ဆောက်မည့် ဓာတ်အားပေးစက်ရုံများမှရရှိလာမည့် ဓာတ်အားများကို ဓာတ်အားသုံးစွဲသူအများအပြားရှိရာ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းသို့ ပို့လွှတ်ပေးရာ၌ လက်ရှိအခြေအနေတွင် ၂၃၀ ကေဗွီဗို့အားအဆင့်ဖြင့်သာ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနေရသည့်အတွက် ဓာတ်အားပျောက်ဆုံးမှု များပြားခြင်း၊ ဓာတ်အားလိုင်းများ ဝန်အားပြည့်နေခြင်းနှင့် ဓာတ်အားလိုင်းတစ်လိုင်းအပြစ်ဖြစ်ပွားလျှင် System Breakdown ဖြစ်ပွားခြင်း စသည့် အားနည်းချက်များ ဖြစ်ပေါ်နိုင်သည့်အတွက် ပင်မကျောရိုးဓာတ်အားလိုင်း (Back Bone) အနေဖြင့် ယခု ၅၀၀ ကေဗွီ ကံကောင်း(မိတ္ထီလာ)-စပါးကြွယ်(တောင်ငူ) ဓာတ်အားလိုင်းကို ၂၀၁၄ ခုနှစ်မှစတင်ကာ အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားလိုင်းအူကြောင်းရှာဖွေတိုင်းတာခြင်းကို AF Consultant ၏ အကြံပြုချက်များနှင့်အညီ ဌာနမှဆောင်ရွက်ခဲ့ပြီးဖြစ်၍ ကုမ္ပဏီများအနေနှင့် သတ်မှတ်ချိန်အတွင်း အရည်အသွေးပြည့်မီစွာဖြင့် ပြီးစီးအောင် အထူးအလေးထား ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ယခု ၅၀၀ ကေဗွီဓာတ်အားလိုင်းသည် မြန်မာနိုင်ငံ ဓာတ်အားစနစ်အတွက် အရေးပါသည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံး ၅၀၀ ကေဗွီ ဓာတ်အားလိုင်းစီမံကိန်းတစ်ခုဖြစ်သည့်အပြင် ဓာတ်အားလိုင်းပြီးစီးပါက ပြည်သူများကို ဓာတ်အားပျောက်ဆုံးမှုနည်းပါးစွာဖြင့် ဓာတ်အားပိုမိုဖြန့်ဖြူးပေးလာနိုင်မည်ဖြစ်ခြင်း၊ ဓာတ်အားစနစ်ပြတ်တောက်မှု (System Breakdown) ဖြစ်ပွားမှုအကြိမ်ရေ လျော့နည်းစေပြီး ဓာတ်အားစနစ် တည်ငြိမ်မှု ပိုမိုရရှိလာမည်ဖြစ်ခြင်းတို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးရှိစေမည့် စီမံကိန်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် China Energy Engineering Group Hunan Electric Power Design Institute Co.,Ltd (CEEC)နှင့် SEPCO Electric Power Construction Corporation (SEPCO) တို့မှ တာဝန်ရှိသူများက ကြိုးဆွဲလုပ်ငန်းများ သတ်မှတ်ချိန်အတွင်းပြီးစီးရေး ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းသည်။

ယင်းနောက် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် China Energy Engineering Group Hunan Electric Power Design Institute Co., Ltd (CEEC)မှ Project Manager ၊ SEPCO Electric Power Construction Corporation (SEPCO)မှ Director တို့က လုပ်ငန်းအပ်နှံမှု သဘောတူစာချုပ်များပေါ်တွင် လက်မှတ်ရေးထိုးကာ **(အောက်ပုံ)** အပြန်အလှန် လဲလှယ်ကြသည်။

**သတင်းစဉ်**




# ရခိုင်ပြည်နယ် လူငယ်ရေးရာကော်မတီ လူငယ်ရေးရာမူဝါဒ မဟာဗျူဟာစီမံချက်အကောင်အထည်ဖော်ဆောင်နိုင်ရေး လုပ်ငန်းအကြိုညှိနှိုင်း

**စစ်တွေ ဒီဇင်ဘာ ၂၆**

ရခိုင်ပြည်နယ် လူငယ်ရေးရာကော်မတီ လူငယ်ရေးရာမူဝါဒ မဟာဗျူဟာ စီမံချက် အကောင်အထည်ဖော် ဆောင်နိုင်ရေး လုပ်ငန်းအကြိုညှိနှိုင်း ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။ **(ဝဲပုံ)**



ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လူငယ်များအတွက် လုပ်ဆောင်ပေးရမည့် အပိုင်းများ၊ ပြင်ဆင်ပေးရမည့်အပိုင်းများ၊ ကူညီပေးရမည့်အပိုင်းများကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ လူငယ်ထု ဖွံ့ဖြိုးတိုးတက်လာမှသာ ရှေ့ဆက်လက်ဆင့်ကမ်းတာဝန်ယူရမည့် အပိုင်းများကို အဆင်သင့်သွားနိုင်မည်ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။ ထို့နောက် ပြည်နယ်လူငယ်မူဝါဒရေးရာကော်မတီအတွင်းရေးမှူး ဦးစိုးကလျာထွန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် လူငယ်ရေးရာကော်မတီဝင်များက လူငယ်ရေးရာမူဝါဒ မဟာဗျူဟာစီမံချက် အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဆွေးနွေးကြသည်။

“လက်ရှိ နိုဝင်ဘာ ၁၁ ရက်မှ ၁၄ ရက်ထိ နေပြည်တော်မှာ ကျင်းပခဲ့တဲ့ မဟာဗျူဟာ ရေးဆွဲရေးကတော့ နောက်ဆုံးအခြေအနေ ပြီးခဲ့ပါပြီ။ နေပြည်တော်ရဲ့ ဆုံးဖြတ်ချက်အရပေါ့။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဒီမဟာဗျူဟာ မိတ်ဆက်ရှင်းလင်းပွဲကို လုပ်ဖို့ဆုံးဖြတ်တဲ့အတွက် ဒီနေ့ ဆွေးနွေးပွဲကို လုပ်တာဖြစ်ပါတယ်။ ဒီနေ့မှာတော့ တက်ရောက်လာကြတဲ့ ဌာနဆိုင်ရာကိုယ်စားလှယ်တွေနဲ့ လူငယ်ကိုယ်စားလှယ်တွေရဲ့ သဘောတူညီချက်တွေနဲ့အတူ ရခိုင်ပြည်နယ်နဲ့ ကိုက်ညီတဲ့ ခေါင်းစဉ်တွေကို ရွေးချယ်ပြီးတော့ ဆုံးဖြတ်ချက်ချပါမယ်။ ဆုံးဖြတ်ချက်တွေရရှိလာတဲ့အခါ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ပူးပေါင်းပါဝင်မှု၊ ဆက်စပ်တဲ့ဝန်ကြီးဌာနတွေရဲ့အားပေးကူညီမှုနဲ့အတူ အကောင်းဆုံး အကောင်အထည်ဖော်သွားဖို့ ရှိပါတယ်”ဟု ပြည်နယ်လူငယ်မူဝါဒရေးရာကော်မတီအတွင်းရေးမှူး ဦးစိုးကလျာထွန်းက ပြောသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အသီးသီးမှ လူငယ်ရေးရာကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



မြန်မာ့ရိုးရာ ကစားနည်း ဖန်ခုန်ခြင်း ဓာတ်ပုံ-ကြည်မျိုးသက်

**"လွတ်လပ်ရေးဖခင်ကြီးများ မျှော်မှန်းခဲ့တဲ့ တရားမျှတမှုနဲ့ လွတ်လပ်တဲ့နိုင်ငံ၊ လူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ အာမခံမယ့် ဖြူစင်တဲ့ဝါဒ ကျင့်သုံးတဲ့နိုင်ငံ အမှန်တကယ် ဖြစ်စေဖို့ စုပေါင်းအင်အားနဲ့လုပ်ဆောင်ကြပါစို့"**

*[ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ၂၀၁၇ ခုနှစ်အတွက် နိုင်ငံတော် အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းမှ ကောက်နုတ်ချက်]*

# ဒဂုံတက္ကသိုလ် (၂၅) နှစ်ပြည့် ငွေရတုအထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ဒဂုံတက္ကသိုလ် (၂၅) နှစ်ပြည့် ငွေရတုအထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံတက္ကသိုလ်၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ဒဂုံတက္ကသိုလ် (၂၅) နှစ်ပြည့် ငွေရတုအထိမ်းအမှတ် အခမ်းအနားကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဒဂုံတက္ကသိုလ်ကို ၁၉၉၃ ခုနှစ် နိုဝင်ဘာလတွင် စတင်တည်ထောင်ခဲ့ပြီး ဘာသာရပ် ၁၁ ခုဖြင့် ပါမောက္ခချုပ်အပါအဝင် ဆရာ ၁၄ ဦးဖြင့် စတင်သင်ကြားခဲ့ပါကြောင်း၊ ဒဂုံတက္ကသိုလ်ရှိ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၏ ဝိုင်းဝန်းကြိုးပမ်းမှုဖြင့် ယခုအချိန်တွင် ဘာသာရပ်ဌာန ၂၂ ခုမှ ဘာသာရပ်ပေါင်း ၂၆ ခုအထိ သင်ကြားပို့ချပေးလျက်ရှိပါကြောင်း၊ ၂၅ နှစ်တာ ဖြတ်သန်းခဲ့ရသော ဒဂုံတက္ကသိုလ်၏ အတွေ့အကြုံများမှ ကောင်းမွန်သည့် ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်အားကောင်းစေရန်နှင့် အခက်အခဲ၊ မပြည့်စုံမှု၊ စိန်ခေါ်မှုများကို ပြန်လည်ပျိုးထောင် သင်ကြားသင်ယူလေ့ကျင့်ပေးခြင်း၊ သုတေသနလုပ်ငန်းများကိုလည်း ဒေသအကျိုးပြု၊ နိုင်ငံအကျိုးပြု၊ ကမ္ဘာ့အကျိုးပြုဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုမည့် တီထွင်ဆန်းသစ်မှုများအထိ ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

ဒဂုံတက္ကသိုလ်၏ ဆောင်ပုဒ်ဖြစ်သည့် "စိတ်ထားကောင်းမြတ်၊ ကျင့်ဝတ်လိုက်နာ၊ ပညာထူးချွန်၊ လူရည်မွန်များ၊ မွေးဖွားရိပ်ခို၊ တို့တက္ကသိုလ်" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ဆရာ ဆရာမများ၊ စီမံခန့်ခွဲသူများ၊ ကျောင်းသားကျောင်းသူများ အနေဖြင့် အမိတက္ကသိုလ်၏ တိုးတက်အောင်မြင်မှုများအပေါ် ဆက်လက်ထိန်းသိမ်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုရီတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဒဂုံတက္ကသိုလ် (၂၅) နှစ်ပြည့် ငွေရတုအထိမ်းအမှတ် သိပ္ပံပြပွဲနှင့် သင်ရိုးအထောက်အကူပြုပြခန်းများကို ကြည့်ရှုအားပေးကြသည်။

**သတင်းစဉ်**




# "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ပွဲတော်ကျင်းပရေးအတွက် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းသို့ Inner Monogolia Kincaid Industrial Group မှ အလှူငွေပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

"သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ပွဲတော်ကျင်းပရေးအတွက် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းသို့ အလှူငွေ ငွေကျပ်သိန်းနှစ်ထောင် လှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဂုဏ်ထူးဆောင်နာယကက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးလုမော်ဦး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးယောဆက်နှင့်အဖွဲ့ဝင်များ၊ အလှူရှင် Inner Monogolia Kincaid Industrial Group မှ Mr.Zhang rui နှင့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ယခုကျင်းပမည့် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်ကို မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ဦးဆောင်ပြီး ဝိုင်းဝန်းပံ့ပိုးကူညီပေးသောကြောင့် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးယောဆက်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာ အောင်ရဲဇော်က "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ပွဲတော် ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး Inner Monogolia Kincaid Industrial Group မှ Mr.Zhang rui က ပွဲတော်ကျင်းပရေးအတွက် အလှူငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Mr.Zhang rui နှင့် Mr.Aimin တို့က အလှူငွေ ငွေကျပ်သိန်းနှစ်ထောင်ကို ပေးအပ်လှူဒါန်းရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က လက်ခံရယူပြီး (ဝဲပုံ) ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ပွဲတော်ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးမင်းဗညားစန်းက ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် Inner Monogolia Kincaid Industrial Group တို့က ပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ လျော့နည်းနေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/၉လ**

# အတွေးသစ်များနှင့် လွတ်လပ်ရေး

သိန်းထွန်း (IR)

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ အချိန်က မြန်မာတစ်နိုင်ငံလုံး၊ မြန်မာနိုင်ငံသားအားလုံး ပျော်ခဲ့ကြသည်။ သွေးမြေကျခဲ့သမျှ၊ ပင်ပန်းခဲ့သမျှ၊ ဆင်းရဲခဲ့သမျှသည် ထိုနှစ်၊ ထိုရက်၊ ထိုအချိန်က အတိုးချဝမ်းသာပီတိ ဖြစ်ခဲ့ကြပေလိမ့်မည်။

သူ့ကျွန်ဘဝမှလွတ်မြောက်ခဲ့ပြီး လွတ်လပ်ရေး၏ အရသာအပေါ် ခံစားခဲ့ကြသည့် ထိုအချိန်က ပျော်ရွှင်မှုများကို မှန်းဆကြည့်မိသည်။ အတိုင်းထက်အလွန် ပျော်ခဲ့ကြပေလိမ့်မည်။ ၁၈၂၄ ခုနှစ် မတ်လ ၅ ရက်နေ့ စတင်ခဲ့သည့် အင်္ဂလိပ်မြန်မာ ပထမစစ်မှ စတင်၍ လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်အထိဆိုလျှင် နှစ်ပေါင်း ၁၂၀ ကျော်သည်။ မြန်မာတစ်မျိုးသားလုံး သူ့ကျွန်လက်အောက်သို့ တစ်စတစ်စရောက်ခဲ့ကြရပြီး နယ်ချဲ့တို့၏ ခြယ်လှယ်အုပ်ချုပ်မှုအောက်နေခဲ့ကြရသည်။ ထိုကာလအတွင်း ပေးခဲ့ကြရသည့် တန်ဖိုးများမှာ အကန့်အသတ်မဲ့။ အသက်များ၊ ချွေးများ၊ စိတ်သောကများ၊ ပစ္စည်းဥစ္စာများ၊ အနာဂတ်မျိုးဆက်များ၊ မျှော်လင့်ချက်များ အနှိုင်းအဆမဲ့စွာဖြင့်။

ထိုဆုံးရှုံးမှုများကို ကျော်လွန်ဖြတ်သန်းခဲ့ရသည့် လွတ်လပ်ရေးလွန်ကာလ ၇၀ နှစ်အတွင်း နိုင်ငံ ပြန်လည်တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာနှင့် ပြန်လည်ရင်ပေါင်တန်းနိုင်ရေးတို့သည် အဘယ်သို့နည်း။ အတုယူရမည့်ဖြစ်ရပ်များ၊ သင်ခန်းစာယူရမည့် ဖြစ်စဉ်များကို သုံးသပ်ကာ အနာဂတ်ကို အတွေးသစ်များနှင့် မျှော်မှန်းမိသည်။

## ရုန်းကန်နေရဆဲ လွတ်လပ်ရေးအနှစ်သာရ

နိုင်ငံအတွက် ဆုံးရှုံးရမှုများ၊ ပေးဆပ်ခဲ့ရမှုများ၊ နိမ့်ကျခဲ့ရမှုများကြောင့် မြန်မာတစ်မျိုးသားလုံးသည် လွတ်လပ်ရေးရရှိခြင်းနှင့်အတူ နိုင်ငံတကာနှင့်တန်းတူရေး၊ မိမိနိုင်ငံတိုးတက်ရေး မျှော်လင့်ချက်များလည်း မြင့်မားစေခဲ့ပေလိမ့်မည်။ လွတ်လပ်ရေး၏ တန်ဖိုးနှင့်အတူ ဖွံ့ဖြိုးတိုးတက်ခြင်း၏ တန်ဖိုးကိုလည်း လိုလားကြမည်မှာ သေချာသည်။ သို့သော်လည်း နှစ်ပေါင်း ၇၀ နှစ် သက်တမ်းရှိသော လွတ်လပ်ရေး၏ အနှစ်သာရ၊ တန်ဖိုးသည် မြင့်ချည်၊ နိမ့်ချည်ဖြင့် ယနေ့အချိန်အထိ ရုန်းကန်နေရဆဲအခြေအနေဟု ပြည်သူတစ်ယောက်အနေဖြင့် မှတ်ချက်ပြုမည်ဆိုပါက မည်သို့ သတ်မှတ်ကြမည်နည်း။ အပျက်သဘော ရှုမြင်သုံးသပ်လိုခြင်းထက် ကြုံတွေ့ခဲ့ရသည့် အခြေအနေ၊ ရင်ဆိုင်နေရဆဲ အခြေအနေနှင့်အနာဂတ်မျှော်မှန်းချက်တို့ကို ချိန်ထိုးသုံးသပ်လိုခြင်း ဖြစ်သည်။

မိမိတို့နိုင်ငံတိုးတက်ရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးကို လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလနှင့် လွတ်လပ်ရေးရရှိချိန်ကပင် မျှော်မှန်းခဲ့ကြသည်။ သို့သော်လည်း မိမိတို့အချင်းချင်းစိတ်ဝမ်းကွဲမှု၊ အယူအဆ သဘောထားကွဲလွဲမှု၊ ကိုယ်ကျိုးစီးပွား ဦးစားပေးမှုတို့သည် အမျိုးသားအားလုံး၏ မျှော်လင့်ချက်များကို မှေးမှိန်စေခဲ့သည်။ တန်ဖိုးကြီးမားလှသည့် လွတ်လပ်ရေး၏ အနှစ်သာရကို ယခုထိတိုင် လက်ဝယ်ပိုင်ပိုင် မဆုပ်ကိုင်နိုင်သေးသည်ကို နိုင်ငံသားအားလုံးအကျိုးစီးပွားအတွက် မခွဲခြားမချန်သုံးသပ်ပြင်ဆင်နိုင်ကြမည်ဆိုပါက မိမိတို့အားလုံး မျှော်မှန်းနေသည့် ရည်ရွယ်ချက်များ ပြည့်ဝလာမည်ဟု အခိုင်အမာယုံကြည်သည်။ ထိုသို့ သုံးသပ်အဖြေရှာခြင်းကြောင့် မိမိတို့အချင်းချင်းအကြား အပြစ်ရှာလိုခြင်း၊ အပြစ်ပုံချလိုခြင်း၊ လက်ညှိုးထိုးလိုခြင်းအတွက် မဟုတ်။ သင်ခန်းစာယူရန်နှင့် ပြင်ဆင်နိုင်ကြရန် ဖြစ်သည်။ တစ်နည်းအားဖြင့် အဖြေရှာလို၍ အကြောင်းရင်းအချက်အလက် ရယူရန် ရည်ရွယ်ရင်းဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် မြန်မာ့နိုင်ငံရေးသမိုင်းတွင် အားလုံးဆန္ဒနှင့်ညီသည့် ခိုင်မာသောနိုင်ငံရေးစနစ်တစ်ခုကို ခိုင်မာစွာထူထောင်ရန် ကြိုးပမ်းနေသည်မှာ ၇၀ နှစ် ရှိပြီဖြစ်သည်။ ထိုနှစ်ပေါင်း ၇၀ နှစ်ကျော်အတွင်း မိမိတို့နိုင်ငံကို ကမ္ဘာ့နိုင်ငံများသာမက အာဆီယံအသိုက်အဝန်းမှ နိုင်ငံများပင် အသီးသီးတိုးတက်သွားကြသည်မှာ အချို့နိုင်ငံများဆိုလျှင် ၎င်းတို့၏ဖွံ့ဖြိုးမှုကို အမီလိုက်ရန်ပင် အချိန်များစွာ ယူရပေတော့မည်။ ထိုအချိန်ကာလများအတွင်း မိမိတို့၏ လုပ်ဆောင်ချက်များကို ပြန်လည်ဆန်းစစ်ကြည့်မည်ဆိုလျှင် ယနေ့မြန်မာနိုင်ငံတိုးတက်ရေးအတွက် လိုအပ်သော အဖြေပါဝင်နေပေလိမ့်မည်။ သို့မှသာ မိမိတို့လက်ဝယ်ရှိနေသော လွတ်လပ်ရေး၏ အနှစ်သာရကို ပြည်သူများခံစားနိုင်ပေမည်။

## အယူအဆဟောင်း

(၇၀) နှစ်မြောက် လွတ်လပ်ရေးနေ့လွန် အနာဂတ်ကို ပုံဖော်ကြည့်လိုသည်။ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရန် အဓိကလိုအပ်ချက်သည် မည်သည့် အရာဖြစ်မည်နည်း။

လူအမျိုးမျိုး၊ စိတ်အထွေထွေရှိသော လောကကြီးတွင် မတူကွဲပြားမှုများ၊ ဆန္ဒလိုအပ်ချက်မတူညီမှုများ ရှိနေမည်မှာ သဘာဝပင်ဖြစ်သည်။ မတူကွဲပြားမှုများ၊ ဆန္ဒလိုအပ်ချက်မတူညီမှုများသည် ပြဿနာမဟုတ်။ ထို မတူကွဲပြားမှုများ၊ ဆန္ဒလိုအပ်ချက် မတူညီမှုများအား နားလည်လက်မခံလိုခြင်းနှင့် မတူကွဲပြားမှုကို ညှိနှိုင်းအဖြေမရှာလိုခြင်းက ပြဿနာဖြစ်သည်။ အကျိုးဆက်အနေဖြင့် ဘုံရည်မှန်းချက်အကောင်အထည်ဖော်ရန် ခက်ခဲလာနိုင်ခြင်း ဖြစ်သည်။ ကိုယ်နိုင်၊ သူရှုံး အယူအဆ၊ အပျက်သဘောအယူအဆ၊ ငါစွဲအယူအဆများဖြင့် နိုင်ငံတည်ဆောက်ရေး၊ နိုင်ငံဖွံ့ဖြိုးရေး မဆောင်ရွက်နိုင်သည်သာမက ပြည်သူများ မြေစာပင်ဖြစ်ကြရသည်ကို သင်ခန်းစာယူကြရပါမည်။

> **“ယနေ့ချိန်ခါတွင် မိမိတို့အားလုံး အတွေးသစ်၊ အမြင်သစ်၊ အယူအဆသစ်များနှင့် နိုင်ငံတည်ဆောက်ရန် လိုအပ်နေပါသည်။ လွတ်လပ်ရေးသည် တန်ဖိုးကြီးစွာ ပေးဆပ်ခဲ့ရသည်ကို သတိပြုကြရပါမည်။ လွတ်လပ်ရေး၏ အနှစ်သာရကို နိုင်ငံသားအားလုံး ခံစားနိုင်ရန် မိမိတို့၏အယူအဆဟောင်းများကို ပြင်ဆင်ကြမှသာ အားလုံးညီညွတ်စွာ လက်တွဲဆောင်ရွက်နိုင်ပေလိမ့်မည်။”**

ကုန်းဘောင်ခေတ်နှောင်းပိုင်းခေတ်၊ ကိုလိုနီခေတ်၊ လွတ်လပ်ရေးရပြီးခေတ်များကို ပြန်လည်သုံးသပ်ကြည့်လျှင် နိုင်ငံမတည်မငြိမ်ဖြစ်မှု၊ နိုင်ငံရေးစနစ်ခိုင်ခိုင်မာမာ မတည်ဆောက်နိုင်မှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အားနည်းလာမှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကျဆင်းလာမှုများ၏ အခြေခံအကြောင်းတရားများတွင် အထက်တွင်ဖော်ပြခဲ့သည့် အနိုင်အရှုံး အယူအဆ ၊ အပျက်သဘောအယူအဆ၊ ငါစွဲအယူအဆကဲ့သို့သော “ငါ” ဗဟိုပြုအယူအဆများကို အဓိကကျသော အကြောင်းတရားတစ်ခုအဖြစ် တွေ့ရှိရသည်။

ထိုအယူအဆများနှင့်အတူ နိုင်ငံရေးအကွဲအပြဲများ၊ အုပ်စုစွဲ၊ ဂိုဏ်းဂဏစွဲ၊ အယူအဆကွဲ၊ အမြစ်ပြတ်ချေမှုန်းရေးများသည် မြန်မာ့နိုင်ငံရေးယဉ်ကျေးမှုသမိုင်း၏ ကျောရိုးသဖွယ်ဖြစ်နေခဲ့သည်။ နိုင်သူအကုန်ယူစတမ်း အယူအဆသည် ယနေ့မျှော်မှန်းနေသည့် တန်းတူညီမျှရေး၊ အများဆန္ဒကို သဘောတူရမည်ဖြစ်သော်လည်း အနည်းစု၏ သဘောထားကိုလည်း လေးစားရေးတို့နှင့် ကိုက်ညီရန်ခက်ခဲပါလိမ့်မည်။ ယင်းအခြေခံ အယူအဆများနှင့် နိုင်ငံအားမတည်ဆောက်နိုင်ခဲ့သည်မှာ လက်တွေ့ပင်ဖြစ်သည်။

နိုင်ငံရေးအကွဲအပြဲများ၊ အုပ်စုစွဲ၊ ဂိုဏ်းဂဏစွဲ၊ အယူအဆကွဲများသည် မိမိတို့နိုင်ငံ တစ်နိုင်ငံတည်း၏ နိုင်ငံရေးလောကတွင် ရှိသည်မဟုတ်။ အနောက်နိုင်ငံများ၏ နိုင်ငံရေး လောကတွင်လည်း ရှိသည်။ အရှေ့နိုင်ငံများ၏ နိုင်ငံရေးလောကတွင်လည်း ရှိနေသည်။ ယင်းမှာ ထူးဆန်းလှသည့် အခြေအနေတစ်ရပ်တော့မဟုတ်။ ထူးခြားသည်မှာ ယင်းအခြေအနေကို ချဉ်းကပ်ဖြေရှင်းလိုစိတ်ရှိခြင်းနှင့် ညှိနှိုင်းဖြေရှင်းသည့် နည်းလမ်းရှာဖွေခြင်းပင်ဖြစ်သည်။

ယနေ့ချိန်ခါတွင် မိမိတို့အားလုံး အတွေးသစ်၊ အမြင်သစ်၊ အယူအဆသစ်များနှင့် နိုင်ငံတည်ဆောက်ရန် လိုအပ်နေပါသည်။ လွတ်လပ်ရေးသည် တန်ဖိုးကြီးစွာ ပေးဆပ်ခဲ့ရသည်ကို သတိပြုကြရပါမည်။ လွတ်လပ်ရေး၏ အနှစ်သာရကို နိုင်ငံသားအားလုံး ခံစားနိုင်ရန် မိမိတို့၏အယူအဆဟောင်းများကို ပြင်ဆင်ကြမှသာ အားလုံးညီညွတ်စွာ လက်တွဲဆောင်ရွက်နိုင်ပေလိမ့်မည်။

## အဓိဋ္ဌာန်

သမိုင်းထဲမှ အဖြေရှာရာတွင် အကြောင်းရင်းကို မှန်မှန်ကန်ကန်သုံးသပ်ရန်၊ ဆန္ဒစွဲကင်းရန်၊ နိုင်ငံတိုးတက်စေလိုစိတ်ရှိရန် လိုအပ်ပေလိမ့်မည်။ နယ်ချဲ့တို့အုပ်ချုပ်စဉ်ကာလက နယ်ချဲ့တို့၏သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားနည်းခဲ့ရသည်ဟု ဆိုနိုင်သော်လည်း လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ရချိန်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားနည်းရခြင်းမှာလည်း စဉ်းစားဖွယ်ပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်ဆိုသည်မှာ ယင်းနိုင်ငံအတွင်း မှီတင်း နေထိုင်ကြသည့် တိုင်းရင်းသားများ၏ စည်းလုံးမှုသည် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်တွင်းအခြေအနေ၊ ပြည်ပအခြေအနေများနှင့် တိုက်ရိုက်အချိုးကျနေသည်။ ပြည်တွင်းအခြေအနေများတွင် စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ နိုင်ငံရေးစနစ်ခိုင်မာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ အခြေခံအဆောက်အအုံ စသည့်လိုအပ်ချက်များစွာ ပြည့်စုံရန်လိုအပ်သည်။ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များအပြင် စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များလည်း ရှိနေပါသည်။ မတူကွဲပြားမှုများနှင့်အကြား ဘုံအကျိုးစီးပွားရှာကြရာတွင် မိမိတို့လိုလားသောဆန္ဒ၊ မိမိရပ်တည်ချက်တစ်ခုတည်းအပေါ် စွဲကိုင်ရပ်တည်နေ၍ မရသည်ကတော့ သေချာပါသည်။ သက်ဆိုင်သူအားလုံး၏ အကျိုးစီးပွားပေါင်းစည်းမှု ဆောင်ရွက်နိုင်မှသာ သူနိုင်ကိုယ်နိုင် အခြေအနေတစ်ရပ်ကို ဖန်တီးနိုင်မည်ဖြစ်သည်။ ယင်းဘုံအကျိုးစီးပွား မျှော်မှန်းချက်များသည် ယနေ့ချိန်မှ မျှော်မှန်းခဲ့၊ အကောင်အထည် ဖော်ခဲ့ကြသည် မဟုတ်။ လွတ်လပ်ရေးကြေညာစာတမ်းနှင့် လွတ်လပ်ရေးအဓိဋ္ဌာန်ကိုးချက်တွင် ယင်းမျှော်မှန်းချက်များ ထည့်သွင်းထားသည်ကို တွေ့ရသည်။

လွတ်လပ်ရေးအဓိဋ္ဌာန်ကိုးချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့အား လွတ်လပ်သော လမ်းသို့ပို့ဆောင်ခဲ့သော ငါတို့၏ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း တစ်သဝေမတိမ်း ချီတက်မည်။

၂။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး၏ သစ္စာကို မသွေမဖည် စောင့်ထိန်းမည်။

၃။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ လွတ်လပ်သော နိုင်ငံသားတို့၏ မွန်မြတ်သော အခွင့်အရေးကို ခံယူသည့်နည်းတူ၊ လွတ်လပ်သောနိုင်ငံသားတို့၏ တာဝန်ဝတ္တရားများကိုလည်း မတိမ်းမငဲ့ ထမ်းဆောင်မည်။

၄။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လုံ့လဥဿာဟဖြင့် ရရှိပြီးသော အမျိုးသားညီညွတ်ရေးကို ကျောက်စိုင် ကျောက်ခဲကဲ့သို့ ခိုင်မြဲအောင် ထိန်းသိမ်းမည်။

၅။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံတော်သား ဟူသရွေ့ကို ကြီး၊ ငယ်၊ နီး၊ ဝေး မခြား တစ်သွေးတစ်သားတည်း ပြု၍ နည်း၊ များ၊ နိမ့်၊ မြင့် မရှိစေရ၊ ညီတူညီမျှ ပြုမည်။

၆။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ သူတစ်ပါးကိုလည်း မတရားမပြု၊ ငါတို့အား မတရားပြုသည်ကိုလည်း မခံ အသက်နှင့်လဲ၍ ကာကွယ်မည်။

၇။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံတော်ကြီး၏ တရားဥပဒေများကို ရိုသေစွာ လိုက်နာကျင့်သုံးမည်။

၈။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံနှင့် ငါတို့လွတ်လပ်ရေးကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်မည်။

၉။ လုံးဝလွတ်လပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ကမ္ဘာအရှည် တည်မြဲရေးတာဝန်သည် ငါတို့နှင့်တကွ ငါတို့သားမြေးနောင်လာ အဆက်ဆက်တို့အပေါ်၌ တည်စေမည်။

ထိုအဓိဋ္ဌာန်များကို အကောင်အထည်ဖော်ရန် မိမိတို့အားလုံးတွင် အသီးသီး တာဝန်ရှိနေပါသည်။ ထိုတာဝန်များကို အကောင်အထည်ဖော်ရာတွင် ပြည်သူကို အကျိုးမပြုခဲ့သည့် ကိုယ်နိုင်၊ သူရှုံး အယူအဆ၊ အပျက်သဘော အယူအဆ၊ ငါစွဲအယူအဆ စသည့် အယူအဆဟောင်းများအစား အပြန်အလှန်နားလည်မှု၊ စေ့စပ်ညှိနှိုင်းလိုမှု၊ အပြုသဘောဆောင်မှု၊ သူနိုင်ကိုယ်နိုင်အယူအဆများဖြင့် ပြောင်းလဲကြမည်ဆိုပါက လွတ်လပ်ရေး၏ အနှစ်သာရများ ပြည့်ဝလာမည်ဖြစ်သည်။ ထို့အတူ ယနေ့ပြောင်းလဲနေသည့် နိုင်ငံရေးစနစ်အပြောင်းအလဲကို ထိရောက်စေနိုင်မည် ဖြစ်ပါသည်။

## အနာဂတ်သည်

၇၀ နှစ်ပြည့် လွတ်လပ်ရေးနေ့တွင် ပြည်သူအားလုံး လိုလားသည့် နိုင်ငံစနစ် အပြောင်းအလဲကို လျှောက်လှမ်းနေသည်မှာ ရှစ်နှစ်ပြည့်ပြီဖြစ်သည်။ ထိုအပြောင်းအလဲ ရှစ်နှစ်တာကာလအတွင်း စိန်ခေါ်မှုများစွာ ရင်ဆိုင်ခဲ့ရသကဲ့သို့ လက်ရှိလည်း ရင်ဆိုင်ဖြေရှင်း နေရဆဲဖြစ်သည်။ အချို့သော စိန်ခေါ်မှုများသည် နိုင်ငံရေးစနစ်ပြောင်းလဲခဲ့ကြသည့် အခြားနိုင်ငံများတွင်လည်း ရင်ဆိုင်ခဲ့ကြရသည်။ မည်သို့ဆိုစေ ယခုစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းကြရမည်မှာ မိမိတို့နိုင်ငံသားများသာ ဖြစ်ပါသည်။ မိမိတို့အားလုံး၏ တူညီသော ရည်မှန်းချက်များအတွက် စိန်ခေါ်မှုများကို အတွေးသစ်၊ အမြင်သစ်၊ အယူအဆသစ်များနှင့် ဖြေရှင်းကြမည်ဆိုလျှင် မျှော်မှန်းထားသည့် အနာဂတ်နိုင်ငံတော်သစ်ကြီးသည်လည်း မိမိတို့လက်ဝယ်တွင်ရှိနေမည်ဟု ယုံကြည်မိပါသည်။ ။

✻ *ကျောဖုံးမှ*

ဆွေးနွေးပွဲများတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ရန် ဆွေးနွေးမှုများရှိနေပြီး မိမိတို့နိုင်ငံအနေဖြင့်လည်း အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးရှိ တပ်မတော်များတွင် အမျိုးသမီးတပ်ဖွဲ့ဝင်များ၏ အခန်းကဏ္ဍသည်လည်း များစွာတိုးတက်လာခဲ့ပြီး အဆင့်မြင့်တာဝန်များကို ထမ်းဆောင်လျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းများ၏ အခန်းကဏ္ဍကိုပါ မြှင့်တင်ရန်အတွက် ဘွဲ့ရအမျိုးသမီးအရာရှိများကို ပြန်လည်မွေးထုတ်တာဝန်ပေးအပ်လျက်ရှိရာ ယခုအခါအမျိုးသမီးအရာရှိများထဲမှ ခြောက်ဦးကို တပ်မတော် (လေ)အတွက် ပထမဆုံးအမျိုးသမီး လေသူရဲအရာရှိများ အဖြစ် သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့ပြီးဖြစ်သဖြင့် အမျိုးသားများနှင့်တန်းတူ ပျံသန်းရေးတာဝန်များကို စတင်ထမ်းဆောင်နေပြီဖြစ်ကြောင်း၊ အလားတူ အာဆီယံတပ်မတော်များ သေနတ်ပစ်ပြိုင်ပွဲများတွင်လည်း နှစ်စဉ်ဆက်တိုက် ရွှေတံဆိပ်ဆုများ ရယူနိုင်ခဲ့သည်အထိ အမျိုးသမီးစစ်မှုထမ်းများက စွမ်းဆောင်နိုင်လျက်ရှိကြောင်း။

နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ကာကွယ်ရေးတာဝန် ထမ်းဆောင်ကြရာတွင် မိမိတို့၏ တာဝန်ဝတ္တရားများကို ထူးချွန်ပြောင်မြောက်သည့် ရဲစွမ်းသတ္တိဖြင့် ဇွဲလုံ့လစိုက်ထုတ်ပြီး စွန့်လွှတ်စွန့်စားစွာဖြင့် တာဝန်ထမ်းဆောင်ကြရန် လိုအပ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံအတွင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ ဒေသများ၌ တိုင်းရင်းသားလူမျိုးစုတစ်ခုတည်းသာ နေထိုင်ကြသည် မဟုတ်ဘဲ အားလုံးပေါင်းစည်းနေထိုင်ကြခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးစုတစ်ခုတည်းကိုသာ အခွင့်အရေးပေးထားသည့် နေရာများမရှိသည့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား အားလုံးကို အခြေခံဥပဒေတွင် တန်းတူအခွင့်အရေးပေးထားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါတွင် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ တပ်မတော်မှ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများအားလုံး ရပ်ဆိုင်းပေးထားပြီးဖြစ်သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ဒီမိုကရေစီကိုလိုလားလက်ခံသည်၊ တိုင်းပြည်စည်းလုံး ညီညွတ်စွာဖြင့် ဖွံ့ဖြိုးတိုးတက်သည်ကို လိုလားသည်ဆိုလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပြီး တပ်မတော်အနေဖြင့်လည်း လိုအပ်သည်များ ကူညီဖြေရှင်းညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးကို ကြိုးပမ်းဖော်ဆောင်နေသည့် ယနေ့အချိန်အခါတွင် မိမိတို့အနေဖြင့် တစ်တပ်တစ်အား ပါဝင်ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏အပြုအမူ၊ အပြောအဆိုကြောင့် နိုင်ငံတော်၏ ရည်မှန်းချက်နှင့်တပ်မတော်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းပျက်ပြားမှုမရှိစေရေး အထူးမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ခွဲ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြ အခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ရိပ်သာညှော်ခန်းမ၌ အကောင်းဆုံး ဗိုလ်လောင်းဆုရ ဗိုလ်လောင်း ခင်မိုးမြင့်၊ သေနတ်ပစ် အကောင်းဆုံးဆုရ ဗိုလ်လောင်း



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကောင်းဆုံးဗိုလ်လောင်းဆုရ ဗိုလ်လောင်း ခင်မိုးမြင့်အား ဆုချီးမြှင့်စဉ်။ ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

နော်အေးမြတ်သွယ်နှင့်ၚင်းတို့၏မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားခဲ့သည်။

ညပိုင်းတွင် သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်းအရာရှိများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ လေဆိပ်များ၊ ဘူတာရုံများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်တို့သည် ဒီဇင်ဘာ ၂၄ ရက် ညနေပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဟဲဟိုးလေဆိပ် အဆင့်မြှင့်တင်ခြင်းနှင့် မူဆယ်လေယာဉ်ကွင်းသစ် တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။ **(ဓာတ်ပုံ)**

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ပြည်သူများ အားကိုးရသည့် ဝန်ထမ်းများဖြစ်အောင် ဆောင်ရွက်နေထိုင်သွားကြရန် မှာကြားသည်။

ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရွှေညောင်ဘူတာ၊ အောင်ပန်းဘူတာနှင့် ကလောဘူတာတို့ရှိ မြန်မာ့မီးရထားဝန်ထမ်းများကို တွေ့ဆုံ၍ ခရီးသည်များ၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးရန်နှင့် ဘူတာပတ်ဝန်းကျင် သန့်ရှင်းသာယာမှုရှိအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုတို့သည် ပြည်နယ်အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံ၍ လွိုင်ကော်လေဆိပ် အဆင့်မြှင့်တင်ရေး နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။ **သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၂၅-၁၂-၂၀၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၇) တွင် ဖော်ပြခဲ့သော မြန်မာနိုင်ငံပြန်တမ်းတွင်-

**၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဇော်ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် **အနူးအညွတ်မေတ္တာရပ်ခံအပ်ပါသည်။** မြန်မာ့အလင်း

✻ *ရှေ့ဖုံးမှ*

အရေးယူခံရကာ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်သည့် မြန်မာအလုပ်သမားများဖြစ်ပြီး ထိုင်း-မြန်မာ မြို့နယ်အဆင့်နယ်ခြားကော်မတီ၏ကူညီမှုဖြင့် မြန်မာနိုင်ငံ ကော့သောင်းမြို့ဒေသအာဏာပိုင်များထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း ဖြစ်သည်။

နေရပ်ပြန်လာသည့် မြန်မာအလုပ်သမားများကို ကော့သောင်းမြို့နယ် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြို့နယ် ရဲတပ်ဖွဲ့မှူး၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ တို့မှ တာဝန်ရှိသူများက ကြိုဆိုလက်ခံကူညီကြပြီး ပြည်သူ့ကျန်းမာရေးဌာနမှ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

လာရောက်လွှဲပြောင်းပေးအပ်သည့်မြန်မာအလုပ်သမားများမှာ တနင်္သာရီ၊ ရန်ကုန်၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေထိုင်ကြသည့် မြန်မာနိုင်ငံသားများဖြစ်ပြီး ၎င်းတို့ထံမှ ငွေကြေးတစ်စုံတစ်ရာကောက်ခံခြင်းမရှိဘဲ အစွန်းရောက်အကြမ်းဖက်သမားများ၊ မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများ၊ တရားခံပြေးများ၊ ငွေစက္ကူအတုများအား စိစစ်ရှာဖွေခြင်းနှင့် လိုအပ်သည့်ကူညီထောက်ပံ့မှုများဆောင်ရွက်ပေးပြီး ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ဂျပန်၊ မြန်မာချစ်ကြည်ရေး နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**မြောင်းမြ ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ် ရန်မနိုင်တိုက်နယ် မဒေါ့ချောင်းကျေးရွာ အ.ထ.က မဒေါ့ချောင်းကျောင်းတွင် ဂျပန်၊ မြန်မာချစ်ကြည်ရေး RC နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။



အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မန်းထွန်းကြိုင်၊ တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေခင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ပထမအတွင်းဝန် ဆေးသံမှူး ဒေါက်တာနာအိုဖြူမိယူရှီဒါ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျနှင့် ကျောင်းအကျိုးတော်ဆောင် ဦးခင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ပထမအတွင်းဝန် ဆေးသံမှူး ဒေါက်တာနာအိုဖြူမိယူရှီဒါနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးတို့က အမှာစကား ပြောကြားသည်။

အဆိုပါ ကျောင်းဆောင်သည် (၁၀၂ × ၃၀) ပေရှိပြီး Japan Grant Assistance for Grass roots Human Security Project က လှူဒါန်းခဲ့သည်။ **စန္ဒာမိုး(ပြန်/ဆက်)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဆင်း

**သံတွဲ ဒီဇင်ဘာ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သံတွဲခရိုင် သံတွဲမြို့နယ်တို့ ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု (ဆိုင်ကယ်စက်ပြင်) သင်တန်းဆင်းပွဲကို ယမန်နေ့နံနက်က ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဌေးတို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းအထောက်အကူဖြစ်စေပြီး မိသားစုဝင်ငွေတိုးပွားမှုရရှိကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ သင်တန်းသို့ သံတွဲမြို့နယ်အတွင်းရှိ ကျေးရွာ ၁၈ ရွာမှ သင်တန်းသား ၂၅ ဦး တက်ရောက်ကာ သင်တန်းကာလ ၁၅ ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သန့်ဇင်( ပြန်/ဆက်)**

# ဒုတိယအကြိမ်မြောက် လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာရုပ်ရှင် မြန်မာနိုင်ငံပြပွဲကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရုပ်ရှင်ရုံ၌ ပြသမည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ဒုတိယအကြိမ်မြောက် လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာရုပ်ရှင် မြန်မာနိုင်ငံပြပွဲကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရုပ်ရှင်ရုံ၌ ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း သိရသည်။

လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာရုပ်ရှင်ပြပွဲကို ရုပ်ရှင်ကြည့်ခြင်းဖြင့် လွတ်လပ်ရေးသမိုင်းကို သိစေသည့် သာမက သူ့ကျွန်ဘဝသို့ ရောက်ရှိဖူးသည့် နိုင်ငံများ၏ အတွေ့အကြုံများအကြောင်း၊ ရုပ်ရှင်အကြောင်း ရှင်းလင်းသည့် ရုပ်သံများကို ကြည့်ခြင်း၊ ရုပ်ရှင်ဇာတ်ကား၏ သမိုင်းနောက်ခံနှင့် လွတ်လပ်ရေးသမိုင်းဝင် ခေါင်းဆောင်ကြီးများ၏ ရုပ်ရှင်များကို ကြည့်ခြင်းဖြင့် လွတ်လပ်ရေးသမိုင်းကို လွယ်ကူစွာသိရှိနားလည်စေရန်အတွက် ယခုကဲ့သို့ မြန်မာနိုင်ငံတွင် ပြပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ကောင်းကင်သစ်ပရဟိတ အနုပညာမီဒီယာက တာဝန်ယူကျင်းပမည့် ဒုတိယအကြိမ်မြောက် လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာရုပ်ရှင် မြန်မာနိုင်ငံပြပွဲတွင် ပါဝင်ပြသမည့် ရုပ်ရှင်ဇာတ်ကားများမှာ ဇန်နဝါရီ ၄ ရက် ညနေ ၄ နာရီတွင် တစ်ပြည်သူမရွှေထား၊ ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် Man of Will နှင့် ညနေ ၄ နာရီတွင် I Can Speak ရုပ်ရှင်ဇာတ်ကားများကို ဗဟန်းမြို့နယ် အမှတ်(၁၆) ဝက်ပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရုပ်ရှင်ရုံတွင် အခမဲ့ပြသမည်ဖြစ်ကြောင်း သိရသည်။

လွတ်လပ်ရေးစိတ်ဓာတ်နှင့် မျိုးချစ်စိတ်အသိကို မြင့်မားလာစေရန် ရည်ရွယ်ပြုလုပ်သည် လွတ်လပ်ရေးလှုပ်ရှားမှုဇာတ်ကားများ ပြသမှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရုပ်ရှင်ပြပွဲကျင်းပရေးတာဝန်ခံ ကိုမျိုး(မြန်မာစာ)က "မနှစ်က ကြီးကြီးမားမား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မှု အားနည်းသေးတဲ့အတွက် ဒုတိယနဲ့ တတိယရက်တွေမှာ နည်းနည်းလေး လူနည်းသွားတယ်။ ဒီနှစ်မှာတော့ နှစ်ရက်တည်းနဲ့ ကျစ်ကျစ်လျစ်လျစ်လေးလုပ်မယ်။ နောင်နှစ်မှာတော့ ဒီထက်အရှိန်မြှင့်ပြီး ဆောင်ရွက်ဖို့ အစီအစဉ် ရှိပါတယ်"ဟု ပြောကြားသည်။

ပထမအကြိမ် လွတ်လပ်ရေးလှုပ်ရှားမှု နိုင်ငံတကာရုပ်ရှင် မြန်မာနိုင်ငံပြပွဲကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့ပြီး ဘေဇာတ်ကား၊ မိုက်ကယ်ကောလင်း၊ သူလျှို၊ ဟောကိန်း၊ အိမ် အပြန်လမ်းဇာတ်ကားများကို ပြသခဲ့ကြောင်း သိရသည်။

ကိုရီးယား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးအား ခိုင်မာစေရန် ရည်ရွယ်ပြုလုပ်သည့် အဆိုပါပြပွဲကို ကောင်းကင်သစ်ပရဟိတအနုပညာမီဒီယာနှင့် ရွှေအာဟာရဆိုင်တို့က အဓိကကူညီပံ့ပိုးပေးကြောင်း သိရသည်။ **ထင်ပေါ်ဝင်း (ကမာရွတ်)**

# ကျပ် ၅၀၀ တန်ထီဖွင့်ပွဲ ဇန်နဝါရီ ၁ ရက် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

၁.၁.၂၀၁၉ (အင်္ဂါနေ့)တွင် (၂၂) ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ် (၃၈၄) မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈ နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

(၂၂)ကြိမ်မြောက် ကျပ် ၅၀၀ တန် ထီဖွင့်ပွဲတွင် ("က" အက္ခရာမှ "အ" အက္ခရာ၊ "ကက" အက္ခရာမှ "ကဒ" အက္ခရာထိ) စုစုပေါင်း အက္ခရာလုံးရေ ၅၁ လုံး၊ ထီစာအုပ်ပေါင်း ၄၁၇၂၇၁၈ အုပ်ကို ထီထိုးသူများ ကံစမ်းနိုင်ရန်အတွက် ထုတ်ဝေရောင်းချခဲ့ရာ ကုန်စင်အောင်ရောင်းချခဲ့သည်။ ထီလက်မှတ်စာအုပ်ရောင်းရငွေပေါင်းမှာ ကျပ်သန်းပေါင်း ၂၀၈၆၃ ဒသမ ၅၉၀ ဖြစ်ပြီး ရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်း ထီဆုငွေအဖြစ် ခွဲဝေပေးမည့်ငွေပေါင်းမှာ ကျပ်သန်းပေါင်း ၁၂၅၁၈ ဒသမ ၁၅၄ ဖြစ်သည်။

ယခု (၂၂) ကြိမ်မြောက် ကျပ် ၅၀၀ တန် ထီပေါက်သည့် ကံထူးရှင်များအနက် ကျပ် ၁၀ သိန်းနှင့်အထက် ကံထူးရှင်များအား ထီဆုငွေထုတ်ပေးခြင်းကို ၂.၁.၂၀၁၉ ရက်မှစတင်၍ နေ့ချင်းပြီးဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ကံထူးရှင်များအား ထီဆုငွေထုတ်ပေးခြင်းကို ၁၁.၁.၂၀၁၉ မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများတွင် လျှောက်ထားတင်ပြထုတ်ယူနိုင်ပါကြောင်းနှင့် ကျပ် ၁၀ သိန်းနှင့်အောက် ဆုငွေများကို ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆု ဌာနခွဲရုံးများအပြင် ရန်ကုန်တိုင်းဒေသကြီးပြင်ပရှိ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ယူနိုင်ပါကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အသိပေးကြေညာချက်အရ သိရသည်။ **မြန်မာ့အလင်း**

# ချင်းတွင်းမြစ်အတွင်းပြေးဆွဲလျက်ရှိသော လူစီးအမြန်ရေယာဉ်များတွင် အမှိုက်ပုံးများအသုံးပြုရေး စီစဉ်လျက်ရှိ

**မုံရွာ ဒီဇင်ဘာ ၂၆**



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့မှ ခန္တီးမြို့အထိ ပြေးဆွဲလျက်ရှိသော လူစီးအမြန်ရေယာဉ်တိုင်းတွင် အမှိုက်ပုံးများ တပ်ဆင်အသုံးပြုရေး စီစဉ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်သန်း၏ ပြောကြားချက်အရ သိရသည်။

လူစီးအမြန်ရေယာဉ်များလမ်းခရီးတစ်လျှောက် ခရီးသည်များအသုံးပြုသည့် အမှိုက်များ ချင်းတွင်းမြစ်အတွင်းသို့ တိုက်ရိုက်စွန့်ပစ်မှုမရှိစေဘဲ အမှိုက်ပုံးတွင် စနစ်တကျစွန့်ပစ်ခြင်းဖြင့် ချင်းတွင်းမြစ်ကြီး ရေရှည်တည်တံ့ပြီး ရေထုညစ်ညမ်းမှုနှင့် ချင်းတွင်းမြစ်ကြီး၏ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ကာကွယ်နိုင်ရန် စီစဉ်ခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း တပ်ဆင်ပေးနိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

"ချင်းတွင်းမြစ်အတွင်း သွားလာနေတဲ့ ကုန်တင်ရေယာဉ်တွေ၊ လူစီးအမြန်ရေယာဉ်တွေ၊ ပက်လက်တဲ့တွေ အမှိုက်စွန့်ပစ်မှုအနေနဲ့ ရေယာဉ်တိုင်းမှာတော့ အမှိုက်ပုံးတွေ တင်ခိုင်းထားတယ်။ အထူးသဖြင့် လူစီးအမြန်ရေယာဉ်တွေမှာပါ။ မြစ်အတွင်းကို အမှိုက်တွေမစွန့်ပစ်အောင်လို့ ဌာနအနေနဲ့ကလည်း အမြန်ရေယာဉ်အသင်းတွေနဲ့ ခေါ်ယူညှိနှိုင်းပြီးတော့ အမှိုက်ပုံးတွေကို သတ်မှတ်စျေးနှုန်းအတိုင်းဝယ်ယူပြီး တင်ပေးမယ်၊ ရေယာဉ်တွေပေါ်က စွန့်ပစ်အမှိုက်တွေက ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်မှာ ရှိတဲ့ မြို့တွေက ဆိပ်ကမ်းတွေ ရောက်ရင် စည်ပင်သာယာရေးအဖွဲ့တွေရဲ့အမှိုက်ပုံးကြီးတွေရှိတယ်။ အဲဒီမှာစွန့်ပစ်ဖို့ ရေယာဉ်ဝန်ထမ်းတွေကို အသိပညာပေးထားသလို အမှိုက်ကိုရေထဲ တိုက်ရိုက်မစွန့်ပစ်ဘဲ သတ်မှတ်အမှိုက်ပုံးထဲမှာ စွန့်ပစ်ရေး ခရီးစဉ်မထွက်ခင် ရေယာဉ်စစ်ဆေးမှုတွေ လုပ်တဲ့အချိန်မှာ ခရီးသည်တွေကို အသိပညာပေးတာတွေ လုပ်နေတယ်။ အမြန်ရေယာဉ်တစ်စင်းကို အမှိုက်ပုံးအကြီးတစ်ပုံးတင်ပေးဖို့ အခုလောလောဆယ်အနေနဲ့ စီစဉ်နေတယ်။ နောက်ပိုင်းမှာတော့ ရေယာဉ်ရှေ့ပိုင်းမှာ တစ်ပုံးနဲ့ နောက်ပိုင်းမှာ တစ်ပုံးတင်ပေးနိုင်အောင် စီစဉ်မှာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်သန်းက ပြောသည်။

ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေပုဒ်မ(၃၄)တွင် ရေထုပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်စေရန် အန္တရာယ်ဖြစ်စေသော ဓာတုပစ္စည်းကိုဖြစ်စေ၊ ရေနံ သို့မဟုတ် ရေနံရောထားသောပစ္စည်းကိုဖြစ်စေ၊ အခြားအရာဝတ္ထုကိုဖြစ်စေ ပြည်တွင်းရေကြောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရဟု ပြဋ္ဌာန်းထားပြီး ထိုသို့ ဖောက်ဖျက် ကျူးလွန်ပါက အပိုဒ်(၄၄)တွင် ပုဒ်မ(၃၄)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ်နှစ်နှစ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်ငါးသိန်းမှ ၂၅ သိန်းအထိဖြစ်စေ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ဖော်ပြပါရှိကြောင်း လေ့လာသိရှိရသည်။

**ဝင်းဦး(ဗေယျာတိုင်း)**

# မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် စာဆိုတော်နေ့ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၆**

မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် စာဆိုတော်နေ့ အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲက မန္တလေး မဟာအောင်မြေ မြို့နယ် ၈၁ လမ်း ၄၂ လမ်းထောင့်ရှိ မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားမှူးအဖြစ် အသင်းတွဲဖက်အတွင်းရေးမှူး ဆရာပြည့်ဖြိုးသီက ဆောင်ရွက်သည်။ ကွယ်လွန်သွားသော ယခင်ဥက္ကဋ္ဌ ဆရာကြီး ဦးရာစိုးအား သတိရအောက်မေ့သောအားဖြင့် တစ်မိနစ် ငြိမ်သက်သည်။ ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဆရာမဒေါ်ခင်ဝင်း (ခင်ခင်ဝင်း-ပညာရေး)က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဗဟိုမှ ပေးပို့သော သဝဏ်လွှာကို အသင်းအတွင်းရေးမှူး ဆရာမဒေါ်ခင်လေးငယ်က ဖတ်ကြားသည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ နှစ်ပတ်လည် အစီရင်ခံစာကို အသင်းဒုတိယဥက္ကဋ္ဌ ဆရာဦးသန်းစိုးက ဖတ်ကြားသည်။

ထို့နောက် လစ်လပ်နေသော အမှုဆောင်တစ်ဦးကို ရွေးချယ်ရာ ဆရာမ ဇင်မာနွယ်(မန္တလေး)ကို ရွေးချယ်သည်။ အခမ်းအနားသို့ တက်ရောက်လာသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်၍ မန္တလေးမုန့်ဟင်းခါးဖြင့် တည်ခင်းဧည့်ခံကြောင်း သိရှိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

# မန္တလေးမြို့ ရတနာပုံဈေးရှိ ရတနာမောလ်တွင် ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းအဝယ်... 

**မန္တလေး ဒီဇင်ဘာ ၂၆**

မြန်မာနိုင်ငံဒေသအသီးသီးမှ ထွက်ရှိသည့် အချောထည်ကျောက်မျက်နှင့် လက်ဝတ်ရတနာများပြပွဲကို မန္တလေးမြို့ ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံဈေး ဒုတိယထပ်ရှိ ရတနာမောလ်တွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ပထမဆုံးအကြိမ်အဖြစ် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အနှံ့အပြားမှ ထွက်ရှိသည့် အဖိုးတန်ကျောက်မျက်ရတနာများကို ပြည်တွင်း၌ တစ်စုတစ်ဝေးတည်း ပြသရောင်းချနိုင်စေရန်၊ လိုအပ်နေသည့် နိုင်ငံတကာဈေးကွက်တစ်ခုကို ဖော်ဆောင်ရန်၊ ကျောက်မျက်၊ ကျောက်စိမ်း ဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နည်းပညာအဆင့်မြှင့်တင်ရန် ရည်ရွယ်၍ ယခုပြပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ရတနာမောလ် ကျောက်မျက်ရတနာလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဦးသိန်းဝင်းက ပြောသည်။

"ကျွန်တော်တို့ ပြည်တွင်းက ထွက်တဲ့ ကျောက်မျက်ရတနာတွေက ပြည်ပနိုင်ငံတချို့မှာ ဈေးကွက်တစ်ခုအနေနဲ့ ဖြစ်ပေါ်နေတယ်။ ဒါကြောင့် အဖိုးတန်ကျောက်မျက်ရတနာတွေက မြန်မာနိုင်ငံက ထွက်ရှိတယ်ဆိုတာကို နိုင်ငံတကာ သိရှိပြီး ပြည်တွင်းမှာပဲ ဈေးကွက်တစ်ခုအနေနဲ့ ပြန်လည်ဖြစ်ပေါ်လာစေဖို့ အခုလိုကျင်းပတာပါ" ဟု ၎င်းက ပြောသည်။

ထို့ပြင် အဆိုပါပြပွဲတွင် နေပြည်တော်ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း(ဗဟို)၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ကျောက်စိမ်း ပန်းပု၊ ကျောက်မျက် ပန်းချီနှင့် လက်ဝတ်ရတနာ ဒီဇိုင်းပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါပြပွဲတွင် ဆိုင်ခန်းပေါင်း ၄၀၀ ကျော် ပြသရောင်းချရန် လျာထားပြီး ပြည်တွင်း၌ ထွက်ရှိသည့် ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ ပုလဲနှင့် လက်ဝတ်ရတနာ အချောထည်များ ပြသသွားမည်ဖြစ်ပြီး အဆိုပါပြပွဲသို့ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ လာရောက်နိုင်စေရန် ဖိတ်ကြားထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




မန္တလေးမြို့တွင် ကျောက်မျက်နှင့် လက်ဝတ်ရတနာ အချောထည်ပြပွဲကျင်းပမည့် ရတနာမောလ်အား တွေ့ရစဉ်။

# ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်မှု ၃၅ ရာခိုင်နှုန်းပြီးစီး

**ပုသိမ် ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင်ရှိသော သမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်း ဆက်ကပ်လျက်ရှိရာ လုပ်ငန်း ၃၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ဘုရားဂေါပကထံမှ သိရသည်။

"လက်ရှိအခြေအနေအရတော့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းနေရာမှာ ငြမ်းစင်တာတွေ၊ ရွှေမှိုက်ထုတ်တာ၊ ကြေးပြားပြုပြင်ရေးနဲ့ သရိုးထိုင်လုပ်ငန်းပြီးတဲ့အပြင် ပထမအကြိမ်သစ်စေးသုတ်တာတွေ ပြီးသွားပြီး လုပ်ငန်းတစ်ခုလုံးအနေနဲ့ဆို ၃၅ ရာခိုင်နှုန်းပြီးစီးနေပြီး နောက်ထပ် ဒုတိယ၊ တတိယအကြိမ် သစ်စေးသုတ်ပြီးတော့ ရွှေသင်္ကန်းကပ်မယ့်လုပ်ငန်းတွေ ဆက်လုပ်သွားဖို့ ရှိသေးတယ်" ဟု ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ဘုရားဂေါပကအဖွဲ့ဝင် ဦးဇော်တင့်က ပြောသည်။

သမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို ၂၀၁၈ ခုနှစ် ဩဂုတ်လက စတင်၍ ဆောင်ရွက်ခဲ့ရာ အဆိုပါလုပ်ငန်းများကို ၂၀၁၉ ခုနှစ် မတ် ၃၁ ရက်အပြီး လုပ်ဆောင်သွားမည်ဖြစ်ကာ စေတီတော်ကြီး ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို နိုင်ငံတော်သြဝါဒါစရိယ(သုဓမ္မာ) နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုတ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စေတီတော်မြတ်ကြီး ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းမှု လုပ်ငန်းများ ပြီးစီးသွားပါက လှူဒါန်းမှုအတွက် ပထမအကြိမ်၊ ဒုတိယအကြိမ် ရေစက်သွန်းချအလှူတော် မင်္ဂလာအခမ်းအနားနှင့် နောက်ဆုံးအနေဖြင့် ရွှေသင်္ကန်းဆက်ကပ်ပြီးသွားပါက အောင်ပွဲစုပေါင်းရေစက်ချနှင့် တရားပွဲသဘင်များကို ပြုလုပ်ကျင်းပသွားမည်ဖြစ်ကာ စေတီတော်မြတ်ကြီး၏ အထက်ငှက်ပျောဖူးတော်ကို ရွှေစင်ရွှေပြားအစစ် တစ်ကျပ်သား ၆ လက်မပတ်လည် ရွှေပြားဖြင့် ရွှေပိသာချိန် ခုနစ်ပိဿာအကုန်အကျခံကာ ဆက်ကပ်ပူဇော်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီး၏ ဉာဏ်တော်အမြင့်မှာ ၁၅၃ ပေရှိပြီး စေတီတစ်ခုလုံးအနေဖြင့် နှစ်လက်မ ပတ်လည် ရွှေဆိုင်း ၆၈၄၈ ဆိုင်းဖြင့် ပြုလုပ်ရန်လျာထားပြီး ယင်းအပြင် အထက်ငှက်ပျောဖူးတော်ကို ရွှေစင်ရွှေသားအစစ် ခုနစ်ပိဿာဖြင့် ဆက်ကပ်အပူဇော်ခံသွားမည်ဖြစ်ကြောင်း၊ ရွှေမုဋ္ဌောစေတီတော်ကြီး၏ ထူးခြားချက်မှာ အခြားသောစေတီတော်ကြီးများနှင့် မတူဘဲထီးတော်ကို ရွှေထီးတော်၊ ငွေထီးတော်၊ ကြေးထီးတော် အဆင့်သုံးဆင့်ဖြင့် ပြုလုပ်ထားရှိကြောင်း ဘုရားဂေါပကများထံမှ သိရသည်။



အဆိုပါစေတီတော်မြတ်ကြီးကို ခရစ်တော်မပေါ်မီ ၃၀၅ ခုနှစ် သာသနာသက္ကရာဇ် ၂၃၉ ခုနှစ်တွင် မင်းသုံးပါးက စတင်တည်ထားကိုးကွယ်ခဲ့ကြကြောင်း၊ ယခုလုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို ယနေ့အချိန်ထိ နှစ်ကြိမ် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယခင်ကာလတွင် ရွှေသင်္ကန်းဆက်ကပ်ခြင်းကို လုံးတော်ပြည့်ဆောင်ရွက်ခြင်းမရှိဘဲ ဘုံအဆင့်လိုက်သာ ဆက်ကပ်ခဲ့ကြကြောင်း၊ အထင်ရှားဆုံး ဘုရားပွဲများအနေဖြင့် စတုမဓုဆေးအလှူတော်ဒေသအခေါ် ၅၀၁ ဆူပွဲတော်နှင့် တန်ဆောင်တိုင်မီးထွန်းပွဲနှင့် မသိုးသင်္ကန်းရက်ပြိုင်ပွဲများ ကျင်းပလေ့ရှိကြောင်း ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းလိုသူများအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဘုရားဂေါပကအဖွဲ့ဝင်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **မင်းထွန်းဇော်**

# မိုင်းယောင်းမြို့နယ် ဝေးလံဒေသရှိ ကျေးရွာများသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**မိုင်းယောင်း ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီး နေလင်းသောင်း ဦးစီးသော တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဒီဇင်ဘာ ၂၆ ရက်က ဝေးလံခေါင်ဖျားဒေသရှိ ဝမ်ခိုး(လွယ်)နှင့် မိုင်းဝ(အာခါ)ကျေးရွာများသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဝမ်ခိုး(လွယ်)ကျေးရွာမှ ကိုရင် သုံးပါး၊ ကလေး ကိုးဦးနှင့် ဒေသခံပြည်သူ ၄၄ ဦးတို့ကို သွေးတိုး၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ၊ အစာအိမ်၊ လေးဖက်နာ၊ အအေးမိဖျားနာ၊ ဆီးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

**စစ်ဆေးကုသပေး**

အလားတူ ဒီဇင်ဘာ ၂၅ ရက်က မိုင်းဝ(အာခါ)ကျေးရွာမှ ဒေသခံပြည်သူများနှင့် နှစ်ခြင်းအသင်းတော်မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၄ ဦးတို့ကို သွေးတိုးရောဂါ၊ ဆီးချို၊ သွေးချိုရောဂါ၊ နှလုံးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၁ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့ လွိုင်လင်မြို့နှင့် ရမ်ကလောင်းတို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့ တီးတိန်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီ၊ သီပေါမြို့ နောင်ချိုမြို့ မိုင်းယန်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# မိုးမမှန်ကန်မှုကြောင့် စပါးအထွက်လျော့ ပျဉ်းမနားအရှေ့လယ်သမားတို့ အခက်တွေ့ဟုဆို

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ယခုနှစ် မိုးမမှန်မှုကြောင့် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းမြစ် အရှေ့ဘက်ခြမ်း ကူးတို့ဆိပ်အုပ်စု ဝန်းကျင်ရှိ လယ်စိုက်တောင်သူများနှင့် လုပ်သားများ ဝင်ငွေလျော့ပါးနေမှုတို့ကြောင့် အခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီနှစ်က မိုးဆက်တိုက်ရွာတယ်၊ ပြတ်သွားတော့လည်း ခုချိန်ထိပေါ့၊ အဲ့ဒီတော့ ဘာကို ပြောချင်တာလဲဆိုရင် အပွင့်ဆင်နေတုန်းက မိုးများတော့ စပါးပင်တွေ ပျက်စီးတာခံရသလို အောင်ရေကျတော့ မိုးကဖြတ်ချ လိုက်တယ်ပေါ့၊ ဒီတော့ စပါးက ထင်သလိုဖြစ်မလာတော့ အထွက်နှုန်းတွေ လျော့ကျသွားတယ်"ဟု ကျောက်ကုန်းကျေးရွာ လယ်စိုက်တောင်သူ ဦးအောင်ညိမ်းက ပြောဆိုသည်။

ယခုနှစ်တွင် ယခင်နှစ်များနှင့်မတူ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ အများဆုံးဖြစ်သော နှစ်လည်း ဖြစ်သည့်အတွက် စပါးစိုက်တောင်သူအများအပြား အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရကြောင်း သိရပြီး ယခင်နှစ်များတွင် စပါးတစ်ဧကလျှင် တင်း ၁၂၀ အထိ ထွက်ရှိခဲ့ပြီး ယခုနှစ်တွင် တစ်ဧက စပါးတင်း ၈၅ ရာခိုင်နှုန်းသာ ထွက်ရှိကြောင်း စပါးစိုက်တောင်သူ ဦးသိန်းနိုင်ထံမှ သိရသည်။

"ကျွန်တော်တို့က တစ်နေ့ လုပ်ခ ၄၀၀၀ ပဲ ရတယ်၊ ဒါနေ့စဉ်ဝင်နေတာ မဟုတ်ဘူး၊ အလုပ်ကရှားတယ်၊ ဒီစက်တွေနောက်ကို စပါးလှိုင်းသယ်/ စပါးလှိုင်းအောက်ကပေး၊ ကောက်ရိုးဖြန့်၊ ဒီလိုလုပ်ရတယ်၊ ပင်ပန်းသလောက် ဝင်ငွေကမရဘူး၊ သူတို့ကလည်း စပါးအထွက်နှုန်းလျော့ကျနေတော့ လုပ်အားခ တိုးမပေးဘူး၊ ဒီစက်တွေပေါ်လာတော့ ကျွန်တော်တို့ လက်လှုပ်မှ ပါးစပ်လှုပ်ရတဲ့ သူတွေအတွက် အလွန်ကို ဒုက္ခတွေရောက်နေကြတယ်"ဟု ဦးအောင်ညိမ်းက ဆက်လက်ပြောကြားသည်။

ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်အုပ်စု အတွင်းရှိ လယ်စိုက်တောင်သူများသည် စပါးရိတ်သိမ်း ခြွေလှေ့စက်များနှင့် လုပ်ကိုင်နေခြင်းကြောင့် အလုပ်အကိုင်ရှားပါးမှုများ တိုးပွားလာနေခြင်းဖြစ်ကြောင်းနှင့် စပါးစိုက်တောင်သူတို့တွင်လည်း ယခင်နှစ်များကဲ့သို့ စပါးများ ထွက်ရှိခြင်းမရှိဘဲ လျော့နည်းလာခဲ့ပြီး ရိတ်သိမ်းခြွေလှေ့စက်ခ တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၊ လူနှင့် ရိတ်သိမ်းခ တစ်ဧကလျှင် ငွေကျပ် ၄၀၀၀နှင့်အတူ စက်ခြွေလှေ့စပါးတစ်တင်းလျှင် ငွေကျပ် ၃၀၀ နှုန်းဖြစ်ပြီး စပါးစိုက်တောင်သူများနှင့် နေ့စားလုပ်သားများ ဝင်ငွေများ လျော့ပါးနေကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# မဲဇလီဆည်ရေဖြင့် နွေစပါးစိုက်ပျိုးဧက နှစ်သောင်းကျော် ဖေဖော်ဝါရီ ၁၅ ရက်တွင် ရေစတင်ပေးဝေမည်

**ပွင့်ဖြူ ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ နွေစပါးအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မဲဇလီရေလှောင်ဆည်မှ ဖေဖော်ဝါရီ ၁၅ ရက်တွင် စိုက်ပျိုးရေများ စတင် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း အဆိုပါ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

ယခုနှစ် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ပွင့်ဖြူမြို့နယ်အတွင်း ကျေးရွာအုပ်စု ၄၄ အုပ်စုမှ နွေစပါးစိုက်ပျိုးဧက ၂၆၅၂၉ ဧကနှင့် နွေနှမ်းသီးနှံဧက သုံးသောင်းကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရပြီး၊ အဆိုပါ ကျေးရွာများမှ ဒေသခံ တောင်သူများ နွေသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၅ ရက်တွင် စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ယခုလတ်တလောတွင် နွေသီးနှံအတွက် စိုက်ပျိုးရေပေးဝေမည့် ရေပေးလက်တံမြောင်းများ ကောင်းမွန်ရေး ကြိုတင်ပြင်ဆင်မှုများ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် တောင်သူများ စိုက်ပျိုးရေနှင့် သီးနှံအောင်ရေအတွက် အခက်အခဲမရှိ ဖြန့်ဝေပေးသွားနိုင်မည် ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်သူလင်း၏ ပြောပြချက်အရ သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**



# ရှိုးမ အထက်သိုင်းနယ်ရှိ ပျူသင်္ချိုင်းနေရာများတွင် ခေတ်သစ်သိုက်တူးသူများကို ထိရောက်စွာတားမြစ်ပေးရန် ဒေသခံများ ပြောကြား

**ရေတာရှည် ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရှိုးမအထက်သိုင်းနယ်၊ သာဂရ-ကိုးပင် ရှိုးမဖြတ်ကျော်ကားလမ်း မိုင်တိုင် ၃၂ အုတ်ဖိုကျေးရွာအနောက်ဘက်မှ လမ်းယာဘက်အတွင်းသို့ သုံးမိုင်ခန့် တောင်ဆင်းတောင်တက်လမ်းအတိုင်း သွားရောက်ရသည့် ကံပဲ့ပြင်ကျေးရွာတောင်ဘက် ကံပဲ့ပြင်-ကသစ်တန်းရွာသွား တောလမ်းဘေးတွင်ရှိသည့် ပျူသင်္ချိုင်းအား လွန်ခဲ့သောနှစ်များစွာကတည်းက အနယ်နယ်အရပ်ရပ်မှ လာရောက်တူးဖော်သူများကြောင့် မြေကျင်းများကို တွေ့ရှိရပြီး ယခုနောက်ပိုင်း ဒေသခံရွာလူထုက လက်ခံခြင်းမရှိတော့သဖြင့် လာရောက်ခြင်းမရှိတော့ကြောင်း ကံပဲ့ပြင်ကျေးရွာ ရာအိမ်မှူး ဦးမောင်အေးက ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းက ပြောသည်။

**တဲများထိုးကာတူးဖော်ကြ**

"ကျွန်တော်တို့ကလည်း တောသူတောင်သားတွေဆိုတော့ ဗဟုသုတနည်းပါးတာလည်းပါတယ်။ အခု ပျူသင်္ချိုင်းနေရာက ဟိုပစ္စည်းတွေ့တယ်၊ ဒီပစ္စည်းတွေ့တယ်ဆိုပြီး သတင်းတွေထွက်လာတာ လွန်ခဲ့တဲ့ ခြောက်နှစ်၊ ခုနစ်နှစ်လောက်ကစတာ။ အဲဒီကစပြီး သတင်းတွေပျံ့သွားတော့ နယ်စုံကလူတွေ လာတူးကြတာ ယောကျ်ားရော၊ မိန်းမတွေရော။ အဲဒီနေရာမှာကို တဲတွေထိုးပြီးတူးကြတာ။ ရတဲ့သူတွေလည်း များတယ်။ မတွေ့တဲ့သူလည်း မတွေ့ဘူး။ ဒါဟာ သမိုင်းဝင်ဖြစ်တယ်။ ထိန်းသိမ်းစောင့်ရှောက်ဖို့လိုတယ်ဆိုတာ သိလိုက်ရတဲ့အချိန်မှာ အများကြီးနောက်ကျသွားလို့ ဝမ်းနည်းရပါတယ်။ ခုတော့ ဘယ်သူ့ကိုမှ ဝင်ခွင့်မပေးတော့ဘူး"ဟု ၎င်းကပင် ဆက်လက်ပြောကြားသည်။



အဆိုပါ ပျူသင်္ချိုင်းနေရာ တောင်ကုန်းမှာ နှစ်နေရာဖြစ်သော်လည်း အရှေ့ဘက်တောင်ကုန်းမှာ တူးဆွမှု နည်းပါးသည်ကို တွေ့ရှိရပြီး တူးဆွထားသော မြေကျင်းကြီးများ၊ အမွှေးတိုင်ထွန်းညှိထားသောနေရာများမှာ ယခုတိုင် တွေ့မြင်နေရဆဲဖြစ်သည်။ ထိုသို့ ပျူသင်္ချိုင်းတူးဖော်စဉ်က လာရောက်တူးဖော်သူများနှင့် ရင်းနှီးခဲ့သော ကံပဲ့ပြင်ရွာရှိ ဦးမြဟန်က "ဒီကို လာတူးတဲ့သူတွေက နေပြည်တော် လယ်ဝေးနယ်ဘက်က လူတွေ။ အတွေ့အကြုံအများကြီးရှိတယ်။ လယ်ဝေးမြို့နယ်ထဲက သပုပ္ပင်ရွာဘက်မှာ အများကြီးတူးခဲ့ဖူးတယ်။ တောင်ကုန်းပေါ် ရောက်တာနဲ့ မြေကြီးအနေအထားကို ကြည့်ပြီး ဒီနေရာမှာ ရှိတယ် မရှိဘူး တန်းသိတာ။ သူတို့အပြောအရဆို မြေကျင်းထဲမှာ အရိုးအိုးတွေမြှုပ်ထားတဲ့နေရာဆို အနံ့အသက်ရတယ်ဆိုရင် သေချာပေါက်ရှိတယ်။ အမွှေးတိုင်တွေထွန်းပြီး တတ်သလောက် မှတ်သလောက် တောင်းပန်ပြောဆိုပြီး တူးတာပဲ။ လူတစ်ကိုယ်စာကျင်းဆို ဦးခေါင်းပိုင်းနဲ့ လက်နေရာတွေကို တူးတာ။ နားတောင်း၊ ဆွဲပုတီး၊ လက်ပတ်ပုတီး ဒါတွေ တွေ့တယ်။ နောက် အရုပ်မျိုးစုံတွေ့တယ်။ နောက်တစ်ခုက ပျူစစ်သည်တွေနေမှာပေါ့ဗျာ။ အဲဒီလို ကျင်းမျိုးတွေကျတော့ အတန်းလိုက်မြှုပ်တတ်တယ်။ ဓား၊ လှံ ပုံသဏ္ဌာန်မျိုးစုံပါတယ်။ ကျန်တာ ဘာမှမတွေ့ရဘူး။ ပျူသင်္ချိုင်းတွေမှာ တွေ့ရလေ့ရှိတာက ထပ်လောင်း၊ စကြာ၊ တန်းပြေးဆိုတာရှိတယ်။ ထပ်လောင်းဆိုတာက သေဆုံးသူအရိုးအိုးတွေကို ထပ်ပြီးမြှုပ်ထားတာ၊ စကြာဆိုတာက အရိုးအိုးတွေကို အဝိုင်းလိုက်မြှုပ်တာ၊ တန်းပြေးဆိုတာကတော့ ခုန ပြောသလိုပေါ့ အတန်းလိုက်မြှုပ်ထားတာကိုပြောတာ။ ဒီပျူသင်္ချိုင်းမှာ အဲဒါတွေ အကုန်တွေ့တယ်"ဟု ဦးမြဟန်က ရှင်းပြပြီး ၎င်းထံတွင်ရှိသည့် ပျူခေတ်သုံး ကျောက်ဖြင့်ပြုလုပ်ထားသော အသုံးအဆောင်အချို့ကို ပြသသည်။ (ဝဲပုံ)

"အရုပ်တွေထဲမှာဆို ဖရဲကြားဆို တကယ့်ဖရဲသီးလိုမျိုး၊ ခရမ်းချဉ်သီးဆိုလည်း အတူတူပဲ အရုပ်တွေကတော့ စုံနေအောင်တွေ့တယ်။ မျက်လုံးအနက်ကြား၊ ဆေးကြားပြောင်တောင့်တွေဆို အရည်အသွေးကောင်းရင်ကောင်းသလို ဈေးကောင်းရတယ်လို့ သိရတယ်"ဟု ဦးမြဟန်ကပင် ဆက်လက်ပြောသည်။

**တောများဖုံးလွှမ်း**

မြန်မာနိုင်ငံသမိုင်းတွင် ပျူလူမျိုးတို့ ပျံ့နှံ့နေထိုင်လာခဲ့သည့် သမိုင်းများရှိခဲ့သည့်အလျောက် ကံပဲ့ပြင်ရွာ ပျူသင်္ချိုင်းတောင်ကုန်း၏ အနောက်မြောက်ဘက် တစ်မိုင်ကျော်ကျော်ခန့်ဝေးသော ပျူတို့နေထိုင်ခဲ့သော ရွာကြီးအဖြစ် တည်ရှိခဲ့သည့် ရှေးဟောင်းဘုရားရှိရာသို့ ရှိုးမဖြတ်ကျော် ကားလမ်း မိုင်တိုင် ၃၅ မှတစ်ဆင့် တောင်ဘက်သို့ တစ်မိုင်ကျော်ကျော် တောလမ်းအတိုင်း ဆက်သွားလျှင် ဘုရားကုန်းကျေးရွာကို တွေ့ရှိရပြီး အဆိုပါ ရွာလယ်ချောင်းငယ်အတိုင်း အထက်သို့ ဆက်လက်၍ တစ်မိုင်ခန့် တောတွင်းသို့ ဆက်လက်သွားရောက်ပါက တောများဖုံးလွှမ်းလျက်ရှိသည့် ဘုရားတည်ရှိခဲ့ရာနေရာကို ရောက်ရှိနိုင်မည်ဖြစ်သည်။

ရှေးဟောင်းစေတီမှာ မူလပုံသဏ္ဌာန်မတွေ့ရှိတော့ဘဲ နှောင်းလူများက ပြုပြင်ရန် အစပျိုးခဲ့ပြီး တစ်ဝက်တစ်ပျက်သာ ပြုလုပ်ရသေးကာ ဆက်လက်မတည်နိုင်တော့သည့်အတွက် တောအတိ ဖုံးလွှမ်းပျောက်ကွယ်နေခြင်းဖြစ်သည်။ မူလစေတီကို ပြန်လည်ပြုပြင်ရာတွင် အခက်အခဲများဖြစ်ပေါ်ခဲ့သည့်အတွက် လက်ရှိအတိုင်းသာ ရပ်ထားရခြင်းဖြစ်ကြောင်း အုတ်ဖိုအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမိုးဆွေက ရှင်းပြသည်။

အထက်သိုင်းနယ်တစ်ခွင် ယခုကဲ့သို့ ပျူတို့အခြေချနေထိုင်ခဲ့သော နေရာများစွာရှိ နေသေးပြီး ခေတ်သစ်သိုက်တူးသူများ၏ အန္တရာယ်ကြောင့် ဖော်ပြနိုင်ခြင်းမရှိသေးသော်လည်း တာဝန်ရှိသူများနှင့်ဒေသခံများက တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းအမွေအနှစ်နေရာများကို အကာအကွယ်များ ထိရောက်စွာပေးသင့်ကြောင်း သုံးသပ်ပြောကြားမှုများလည်း ရှိနေသည်။

**သန်းလွင်**

# ပြင်ဦးလွင်-မိုးကုတ်ကားလမ်း ၁၈ ပေချဲ့ ကတ္တရာထပ်ပိုးလွှာခင်း

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၆**

ပြင်ဦးလွင်မှ မိုးကုတ်သို့ တိုက်ရိုက်သွား၍ရသော ကားလမ်းသည် ၂၀၁၀ ပြည့်နှစ်ဩဂုတ်လပိုင်းက မိုးကြိုးပစ်ရွာ၊ ကျောက်မဲကလေးရွာ၊ ရတနာသိင်္ဂီရွာ၊ ပင်းတောင်ရွာ၊ ဝိန့်အင်းရွာ၊ မိုးလုံးရွာတို့မှ မိုးကုတ်သို့ သွား၍ရသော လမ်းအူကြောင်းကိုရှာပြီး နိုင်ငံတော်အကြီးအကဲများ၏ တာဝန်ပေးချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖောက်လုပ်ခဲ့သော လမ်းဖြစ်သည်။

အဆိုပါ ကားလမ်းသည် မန္တလေး-ပြင်ဦးလွင် - လားရှိုး - မူဆယ်သွား ပြည်ထောင်စုလမ်းမကြီး၏ မိုင်တိုင်အမှတ် (၆၄/၀) ရေငယ်ရွာမှ ခွဲထွက်ပြီး မိုးကြိုးပစ်ရွာမှ စတင်ဖောက်လုပ်ခဲ့သော ကားလမ်းသစ်ကြီးတစ်လမ်းဖြစ်ကာ ၈၂ မိုင် ၂ ဖာလုံရှိသည်။ မြေသားလုပ်ငန်းစတင်ဆောင်ရွက်စဉ်က တစ်ကြောင်းထိုးလမ်းကို အမှတ်(၉၁/၀) စစ်မြေပြင်အင်ဂျင်နီယာတပ်က ဆောင်ရွက်ခဲ့ပြီး ပေ ၄၀ မြေသားချဲ့ခြင်း လုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြင်ဦးလွင်ခရိုင် လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁)နှင့် ကုမ္ပဏီ ကိုးဖွဲ့တို့က ဆောင်ရွက်ခဲ့သော လမ်းဖြစ်သည်။

ယင်းနောက် ကတ္တရာခင်းခြင်းလုပ်ငန်းကို ကုမ္ပဏီတစ်ခုနှင့် ကျောက်မဲခရိုင်ဆောက်လုပ်ရေး၊ လားရှိုးခရိုင်ဆောက်လုပ်ရေးတို့ ထပ်တိုးပြီး ခရိုင်ဆောက်လုပ်ရေးလုပ်ငန်း သုံးခု၊ ဆောက်လုပ်ရေးကုမ္ပဏီ ၁၀ ခုတို့ဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ်တွင် အပြီးဖောက်လုပ်ဆောင်ရွက်ပြီး ပြည်သူများအသုံးပြုခွင့်ပြုခဲ့သည်။



ကားလမ်းအသစ်ဖောက်လုပ်စဉ်က ရေငယ်ရွာ၊ မိုးကြိုးပစ်ရွာ၊ သက္ကံကုန်းရွာ၊ ညောင်ကုန်းရွာ၊ မဲတောရွာ၊ နောင်ပိန်ရွာ၊ ကျောက်မဲလေးရွာ၊ သံဘိုရွာ၊ အင်းမရွာ။ ဟိုခိုရွာ၊ ဒုံပင်ရွာ၊ လုံခမ်းရွာ၊ မန်ဆင်းရွာ၊ ပင်တောင်းရွာ၊ ဝိန်အင်းရွာ၊ တောင်နီရွာ၊ လဲကြီးရွာ စသည်ဖြင့် တိုင်းရင်းသားကျေးရွာ ၂၀ ကျော်တို့ကို ဖြတ်သန်းဖောက်လုပ်ခဲ့သောလမ်းဖြစ်သည်။

ယခင်က ပြင်ဦးလွင်မှ မိုးကုတ်သို့ သွားလိုလျှင် မန္တလေး၊ မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်းမြို့နယ်များကို ဖြတ်ကာ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၃၈၅၀ ကို အကွေ့ပေါင်း ၉၉၉ ကွေ့ ကွေ့တက်ပြီး မိုးကုတ်သို့ ရောက်သည်။ မိုးကုတ်မှ အပြန်တွင်လည်း အမြင့်ပေ ၃၅၈၀ ကို အရောက် ပြန်တက်ပြီးမှ ပြင်ဦးလွင်သို့ ပြန်ရောက်သည်။ ပြင်ဦးလွင်မှ မိုးကုတ်သို့ တိုက်ရိုက်သွား၍ရသော မော်တော်ကားလမ်းသည် ယခင်က တစ်လမ်းမျှမရှိခဲ့ကြောင်း သိရသည်။

ယခုအခါ ပြင်ဦးလွင်ခရိုင် လမ်းဦးစီးဌာနက အဆိုပါ ပြင်ဦးလွင်-မိုးကုတ် ကားလမ်းကို လမ်းချဲ့ခြင်း၊ အနိမ့်အမြင့်ညှိခြင်း၊ မြေထိန်းနံရံတည်ဆောက်ခြင်း၊ ကျောက်စီရေမြောင်း ဆောက်ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**ခရမ်းစိုးမြင့်**

# ထိုင်းနိုင်ငံတွင် တရားမဝင်နေထိုင်မှုဖြင့် ဖမ်းဆီးခံခဲ့ရသည့် ဟင်္သာတမြို့နယ်မှ အမျိုးသမီးအား မြန်မာနိုင်ငံသို့ လွှဲပြောင်းပေး

**တာချီလိတ် ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ပိတောက်ကုန်းကျေးရွာအုပ်စုနေ ဒေါ်လေးနွယ်သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် အိမ်အကူလုပ်ငန်းလုပ်ကိုင်နေစဉ် ၎င်း၏ ဇာတိမြို့တွင် နေထိုင်သည့် အစ်ကိုဖြစ်သူ ကွယ်လွန်သွားသည့်အတွက် နာရေးကိစ္စ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာလာခဲ့ရာ မည်သည့် အထောက်အထားတစ်စုံတစ်ရာမျှ မပါရှိသည့်အတွက် ထိုင်းနိုင်ငံအတွင်း တရားမဝင် နေထိုင်မှုဖြင့် ဖမ်းဆီးခံခဲ့ရပြီး ၎င်းတွင်ပါလာသည့် ငွေကြေးများကိုလည်း စစ်ဆေးရေးဂိတ်များတွင် ပေးအပ်ခဲ့ရသည်။

အဆိုပါ ထိုင်းနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုဖြင့် ဖမ်းဆီးအရေးယူခံရသူ ဒေါ်လေးနွယ်အား ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံတာဝန်ရှိသူများက တာချီလိတ်မြို့ ချစ်ကြည်ရေးတံတားအမှတ်-၂ တွင် မြန်မာနိုင်ငံတာဝန်ရှိသူများထံ လာရောက်လွှဲပြောင်းပေးအပ်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ (CNCMC) တို့မှ တာဝန်ရှိသူများက ကြိုဆိုလက်ခံခဲ့ကြပြီး ဒေါ်လေးနွယ် နေရပ်ပြန်နိုင်ရေးအတွက် လွှဲပြောင်းလက်ခံဆောင်ရွက်သည့် ဌာနဆိုင်ရာများနှင့် CNCMC ကော်မတီဝင်များမှ စုပေါင်းကာ အလှူငွေကျပ် ၁၃၁၇၀၀ ကို ထောက်ပံ့ပေးအပ်ပြီး နေရပ်သို့ အမြန်ဆုံးပြန်နိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**မောင်ယဉ်ကျေး**




## သတိပေးနှိုးဆော်ချက်

၁။ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၃ နာရီခွဲ အချိန်မှစ၍ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အခမ်းအနားကျင်းပစဉ် နံနက် ၃ နာရီခွဲအချိန်မှစ၍ အခမ်းအနားပြီးဆုံးချိန်အထိ အောက်ဖော်ပြပါအတိုင်း ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း။

(ခ) ဘဏ်လမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း။

(ဂ) ကုန်သည်လမ်းအား ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်သဖြင့် မဟာဗန္ဓုလလမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ဆူးလေဘုရားလမ်း၊ ကမ်းနားလမ်း၊ ပန်းဆိုးတန်းလမ်းမှလည်းကောင်း၊ ကုန်သည်လမ်းမှလာသောယာဉ်လိုင်းများအနေဖြင့် ပန်းဆိုးတန်းလမ်း၊ ကမ်းနားလမ်း၊ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်းအတိုင်း မောင်းနှင်ကြပါရန်။

(ဃ) အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များ၏ မော်တော်ယာဉ်များအား ပန်းဆိုးတန်းလမ်းနှင့် ဆူးလေဘုရားလမ်းကြားရှိ ကုန်သည်လမ်းပေါ်တွင်လည်းကောင်း၊ ဘဏ်လမ်းပေါ်တွင်လည်းကောင်း၊ ပန်းဆိုးတန်းလမ်းပေါ်ရှိ ယာဉ်ပါကင်များတွင်လည်းကောင်း ရပ်နားနိုင်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့်မူဆယ်ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်



ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ

(မူဆယ်မြို့)

၂၀၁၈-ခုနှစ်၊ ဒီဇင်ဘာလ (၂၈၊၂၉၊၃၀)ရက်၊ (သောကြာ၊စနေ၊တနင်္ဂနွေ)နေ့များတွင်
နံနက်(၉)နာရီမှ ညနေ(၄)နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

မင်္ဂလာမူဆယ်၊ မူဆယ်မြို့

## ပေါင်းတည်၌ သင့်မြတ်သူများ၏ ငြိမ်းချမ်းရေးလမ်းစဉ်အဖွဲ့မှ ပူးပေါင်းပါဝင်သည့် မြို့နယ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ပေါင်းတည် ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်၌ သင့်မြတ်သူများ၏ ငြိမ်းချမ်းရေးလမ်းစဉ်အဖွဲ့မှ ပူးပေါင်းပါဝင်သည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်ဘိုးဘွားရိပ်သာ စိန်ရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းဇော်မင်းက ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း မြို့နယ်အတွင်း အကောင်ထည်ဖော်ဆောင်ရွက်သွားမည့် လမ်းများ၊ အဆောက်အအုံကျူးကျော်မှုများ၊ ခုံးတံတားများ၊ ရေနုတ်မြောင်းများ၊ ရေကြီးရေလျှံမှုကိစ္စ၊ အမှိုက်သိမ်းစနစ်၊ မြို့ရေပေးရေး၊ သန့်ရှင်းရေသွယ်တန်းသွင်းယူရေးတို့ကို ဆွေးနွေးသည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးက တင်ဒါခေါ်ယူမှုနှင့် စည်ပင်အသုံးစရိတ်ကိစ္စရပ်များကို ရှင်းလင်းပြောကြားကာ သင့်မြတ်သူများ၏ ငြိမ်းချမ်းရေးလမ်းစဉ်အဖွဲ့၏ အတွင်းရေးမှူး ဦးမင်းသူရအောင်က ရှေ့ဆက်လုပ်ဆောင်ရန် မျှော်မှန်းချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

## ဟိုပုံး၊ ဆီဆိုင်နှင့် ပင်လောင်းမြို့နယ်တို့၌ ဘိန်းခင်းများ တွေ့ရှိဖျက်ဆီး



**နေပြည်တော် ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ် ဟိုပုံးမြို့နယ် လိုက်ပေး ကျေးရွာ အနောက်တောင်ဘက် လေးဖာလုံခန့်အကွာ၌ ဒီဇင်ဘာ ၂၅ ရက် နံနက် ၇ နာရီ မိနစ် ၄၀ က ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းဟန် ဦးစီးသည့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အမြင့် သုံးပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၆ ဧကခန့်ကို တွေ့ရှိ ဖျက်ဆီးရှင်းလင်းခဲ့သည်။

အလားတူ ဆီဆိုင်မြို့နယ် နားခိုက်ကျေးရွာ၌ ဘိန်းစိုက်ခင်း ၁၄ ဧကခန့်၊ ပင်လောင်းမြို့နယ် ဝါးပြုံးကျေးရွာပါ ကျေးရွာသုံးရွာ၌ ဘိန်းစိုက်ခင်း ၃၁ ဧကခန့်ကို ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က တွေ့ရှိဖျက်ဆီး ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## ရန်ကုန်မြစ်တစ်ဖက်ကမ်း၌ ရေယာဉ်မီးလောင်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်မြစ်တစ်ဖက်ကမ်း သမ္မတကမ်းခြေ၌ ယနေ့ နံနက် ၃ နာရီခန့်က ဆိုက်ကပ်ထားသော ပိုင်ရှင်အမည် (စိစစ်ဆဲ) သဲစုပ်စက်လှေတစ်စင်း၏ နောက်အင်ဂျင်ခန်း မီးလောင်ကာ ဗိုလ်အောင်ကျော်ရှေ့ရေပြင်ဘက်သို့ မျောပါလာကြောင်း သိရသည်။

အဆိုပါနေရာသို့ သွားရောက်ကြည့်ရှုရာ ယင်းရေပြင်တွင် သဲစုပ်စက်လှေကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တွန်းသင်္ဘောများဖြင့် နံနက် ၃ နာရီ ၅၅ မိနစ်က စတင်ငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ သဲစုပ်စက်လှေမှာ ၁၁ ပေခန့် မီးလောင်သွားခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## မန္တလေးမြို့ မရမ်းခြံဆိပ်ကမ်း၌ မီးလောင်မှုဖြစ်

**မန္တလေး ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဧရာဝတီမြစ် မရမ်းခြံဆိပ်ကမ်း၌ ရပ်ထားသော (၆၀×၁၅×၄)ပေ သံကိုယ်ထည် ဆီတင်ဆိပ်ခံဇော(မင်းကွန်း-မန္တလေး) အတွင်း၌ ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီ ၂၅ မိနစ်ခန့်က သုံးမိနစ် ရေနွေးအိုးတည်ထားသည့် ပလပ်ခုံအပူလွန်ကဲရာမှ အနီးရှိ ဓာတ်ဆီပီပါသို့ မီးကူးစက်၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

မီးလောင်မှုကြောင့် အမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အမျိုးသားတစ်ဦးမှာ စိုးရိမ်ရကြောင်း၊ ဒီဇယ် ဂါလန် ၇၀၀၊ ဓာတ်ဆီ ဂါလန် ၅၀ နှင့် အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် ၂၅ စီး၊ ရေသယ်ယာဉ် ငါးစီး၊ အထောက်အကူပြုယာဉ် သုံးစီး၊ အုပ်ချုပ်မှုယာဉ် သုံးစီးနှင့် သန္နေမီးသတ် ၅၀၊ အရန်မီးသတ် ၁၀၀ တို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၁၁ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



## ရန်ကုန်တိုင်းဒေသကြီး မြို့နယ်လေးခု၌ ၂၄ နာရီအတွင်း မီးလောင်မှုများဖြစ်ပွား စိတ်ကျန်းမာရေးဆေးရုံ နှစ်ထပ်ဆောင် မီးလောင်မှု Level-3 ယာဉ်အုပ်စုဖြင့် ငြိမ်းသတ်ခဲ့ရ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်လေးခု၌ ၂၄ နာရီအတွင်း မီးလောင်မှုများ ဖြစ်ပွားခဲ့ရာ ဒီဇင်ဘာ ၂၄ ရက် ည ၈ နာရီ ၃၅ မိနစ်ခန့်က အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် ပုလဲလမ်း အမှတ်(၃)သံမဏိစက်ရုံဝင်းအတွင်း တာယာဟောင်းများနှင့် အမှိုက်များ မီးလောင်ရာသို့ Level-1 ယာဉ်အုပ်စုထွက်ခွာ၍ လည်းကောင်း၊ ည ၈ နာရီ ၄၄ မိနစ်ခန့်က တာမွေမြို့နယ် ဦးချစ်မောင်လမ်း Lucky-7 လက်ဖက်ရည် ဆိုင်အနီးကားမီးလောင်မှုဖြစ်ပွားရာသို့ တာမွေမြို့နယ် မီးသတ်စခန်းက မီးငြိမ်းသတ်ယာဉ် တစ်စီး ထွက်ခွာ၍လည်းကောင်း၊ ည ၉ နာရီ ၄၆ မိနစ်ခန့်က ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် စိတ်ကျန်းမာရေးဆေးရုံဝင်းအတွင်း မီးလောင်မှုဖြစ်ပွားရာသို့ Level-3 ယာဉ်အုပ်စုများ ထွက်ခွာ၍လည်းကောင်း၊ ဒီဇင်ဘာ ၂၅ ရက် နံနက် ၁ နာရီ ၂၂ မိနစ်ခန့်က လှိုင်သာယာမြို့နယ် စက်မှုဇုန်(၅) ဒုဋ္ဌဝတီလမ်း ကြက်အစာတောင့်စက်ရုံ မီးလောင်မှုဖြစ်ပွားရာသို့ Level-1 ယာဉ်အုပ်စုဖြင့် လည်းကောင်း မီးငြိမ်းသတ်ခဲ့ကြရကြောင်း တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ သိရသည်။



မီးလောင်မှုဖြစ်စဉ်များထဲမှ စိတ်ကျန်းမာရေးဆေးရုံဝင်းအတွင်း မီးလောင်မှုတွင် ဆေးရုံဝန်ထမ်းမိသားစုများက အစကနဦး မီးသတ်ဆေးဘူး၊ သဲအိတ်၊ ရေအိတ်များ သယ်ဆောင်ပက်ဖျန်းသော်လည်း မီးအားကောင်းလာခဲ့ကြောင်း၊ မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် ၃၉ စီး၊ ရေသယ်ယာဉ် ၁၀ စီး၊ ပေါင်းလောင်း မီးသတ်စက်ယာဉ် တစ်စီး၊ အထောက်အကူပြုယာဉ် ငါးစီး၊ အုပ်ချုပ်မှုယာဉ် ကိုးစီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုအထောက်အကူပြု အသင်းအဖွဲ့ဝင်များက လူနာတင်ယာဉ်၊ ရေသယ်ယာဉ်များဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက် ငြိမ်းသတ်ခဲ့ကြရာ **(ဝဲပုံ)** ဒီဇင်ဘာ ၂၅ ရက် နံနက် ၀၀ နာရီ ၃၅ မိနစ်တွင် မီးထိန်းနိုင်၍ ၀၀ နာရီ ၃၉ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုသည် လူနာများစားသောက်ခန်းရှိ အထပ်သားမျက်နှာကြက်အတွင်း သွယ်တန်းချိတ်ဆက်ထားသော ဝိုင်ယာကြိုးများပေါက်၍ ဝိုင်ယာရှော့ခ်ဖြစ်ရာမှ စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ မီးလောင်ကျွမ်းမှုကြောင့် နှစ်ထပ်အဆောက်အအုံ နှစ်ခြမ်းနှင့် အတွင်းပစ္စည်းများသာ မီးလောင်ခဲ့ကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရပြီး ဆေးရုံ လျှပ်စစ်တာဝန်ခံ ဦးနေဝင်းအား ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့မရဲတပ်ဖွဲ့စခန်းက စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## လျှပ်စစ်ဒယ်အိုးဖြင့် ရေနွေးအိုးတည်ရာမှ မီးလောင်

**သုံးခွ ဒီဇင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အနောက်ကျေးရွာအုပ်စု သုံးခွအနောက်ကျေးရွာတွင် ဒီဇင်ဘာ ၂၅ ရက် ည ၁၀ နာရီ ၁၀ မိနစ်က မြို့ဝင်ကြေးကောက်ခံသည့် ဂိတ်မှ ဝန်ထမ်းများနားနေရန် ယာယီဆောက်လုပ်ထားသော သွပ်မိုး ထရံကာ အထပ်သားခင်း အလျား ၁၀ ပေ၊ အနံ ၆ ပေရှိ အဆောက်အအုံတွင် မြို့ဝင်ကြေးကောက်ခံသည့် မြို့ဝင်ကြေးဂိတ်(တာဝန်ခံ) ခရမ်းမြို့ ၇ ရပ်ကွက်နေ မကေသီ(ခ)မကေခိုင်လွင် (၃၉နှစ်)သည် လျှပ်စစ်ဒယ်အိုးဖြင့် ရေနွေးတည်ရာမှ အပူလွန်ကဲ၍ မီးလောင်ခဲ့ပြီး ည ၁၀ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်ကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

**ကျော်ဆန်း**

## မော်လိုက်မြို့၌ နှစ်ရက်ဆက်တိုက်အတွင်း တရားမဝင် တမလန်းခွဲသားများ ဖမ်းဆီးရမိ

**မော်လိုက် ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်၌ တရားမဝင်သစ်များ သယ်ယူခိုးထုတ်နေမှုများကို အရှိန်အဟုန်မြှင့် ဖမ်းဆီးဆောင်ရွက်လျက်ရှိရာ နှစ်ရက်ဆက်တိုက်အတွင်း တရားမဝင် တမလန်းသစ်ခွဲသား အချောင်း ၃၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တရားမဝင်သစ်ခွဲသားများ သိမ်းဆည်းရရှိမှုတွင် ဒီဇင်ဘာ ၂၄ ရက် ညနေ ၆ နာရီခွဲက မော်လိုက်ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွဋ် ဦးဆောင်သည့် မော်လိုက်မြို့နယ်၊ ဖောင်းပြင်မြို့နယ်တို့မှ သစ်တောဝန်ထမ်းများသည် မော်လိုက်မြို့နယ် နန်းတဟယ်ကြိုးဝိုင်းအတွင်းမှ တရားမဝင်တမလန်းသစ်ခွဲသား ၁၇ ချောင်း ( ၅ ဒသမ ၃၀၄၈ တန်)ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကလေးဝမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးအောင်၊ ရေဦးမြို့နယ် သစ်တောဦးစီးဌာနဦးစီးမှူး ဦးရဲသူရအောင် ဦးဆောင်သော သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မော်လိုက်မြို့နယ် ဖာတင်းဘိနယ်မှ သစ်တောဝန်ထမ်းများ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက် ညနေပိုင်းက ဖာတင်းဘိနယ် ဖုန်းသုန်းကြိုးဝိုင်းအတွင်းမှ တရားမဝင်တမလန်းသစ်ခွဲသား ၁၃ချောင်း (၁ ဒသမ ၀၆၄ တန်)တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသည့်တရားမဝင်သစ်များကို စိတ်ချလုံခြုံရသည့်နေရာများသို့ သယ်ယူရွှေ့ပြောင်းထားရှိပြီး ဆက်စပ်ပတ်သက်သူများကို စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မော်လိုက်သားလေး**

**ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ**

# အောင်မြေသာစံမြို့နယ်၌ ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၆**

မန္တလေး အောင်မြေသာစံမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၁၈ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ အမျိုးသား အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲပြိုင်ပွဲများကို ဒီဇင်ဘာ ၂၅ ရက် ညနေပိုင်းက အောင်မြေမန္တလာ အားကစားခန်းမ၌ ကျင်းပရာ အမျိုးသား အသက် ၁၃ နှစ်အောက်နှင့် အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး နှစ်ယောက်တွဲ၊ လူသစ်တန်းနှစ်ယောက်တွဲပြိုင်ပွဲနှင့် အကြီးတန်းနှစ်ယောက်တွဲပြိုင်ပွဲများကို ယှဉ်ပြိုင်ကြရာ အဆိုပါပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်၊ တိုင်းဒေသကြီး ကြက်တောင်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အသက် ၁၃ နှစ်အောက်တစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိသူများနှင့် အလတ်တန်းနှစ်ယောက်တွဲပြိုင်ပွဲတွင် ဆုရရှိသူများကို ကြက်တောင်ဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမောင်တို့က တစ်ဦးချင်း ဆုများနှင့် ဆုဖလားများ ချီးမြှင့်ပေးအပ်ကြသည်။ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် လူသစ်တန်းနှစ်ယောက်တွဲပြိုင်ပွဲ၊ အကြီးတန်းနှစ်ယောက်တွဲပြိုင်ပွဲနှင့် အသက်၄၅ နှစ်အထက် နှစ်ယောက်တွဲပြိုင်ပွဲတို့တွင် ဆုရရှိသူများကို တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်၊ ကြက်တောင်ဥက္ကဋ္ဌ ဦးမျိုးကျော်ဝင်းနှင့် တာဝန်ရှိသူတို့က တစ်ဦးချင်း ဆုတံဆိပ်နှင့်ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




# အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ဇွဲကပင်အသင်း ပထမဆုံးနိုင်ပွဲရရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၄) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက ပဒုမ္မာကွင်း၌ ကျင်းပရာ ဇွဲကပင်အသင်းက တက္ကသိုလ်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရပြီး ပထမဆုံးနိုင်ပွဲရရှိခဲ့သည်။

ဇယားအောက်ဆုံးမှနှစ်သင်း ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး ပထမဆုံးနိုင်ပွဲအတွက် နှစ်သင်းစလုံး ကြိုးစားခဲ့ကာ ဇွဲကပင်အသင်းက ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဇွဲကပင်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး တက္ကသိုလ်အသင်း ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ ၄ မိနစ်တွင် ဇွဲကပင်အသင်း ဂိုးစတင်ရရှိခဲ့ပြီး နန်းဟွမ်လှိုင်က သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ဇွဲကပင်အသင်းကစားပုံ ပိုကောင်းလာပြီး ၃၀၊ ၃၈ မိနစ်တွင် စန်းသော်သော်၊ ၄၄ မိနစ်တွင် နန်းဟွမ်လှိုင်နှင့် ၅၄ မိနစ်တွင် ဝင်းဝင်းတို့က ဂိုးများထပ်မံသွင်းယူခဲ့သည်။

တက္ကသိုလ်အသင်းအတွက် ချေပဂိုးများကို ၃၇ မိနစ်တွင် ပြည့်ပြည့်ဇော်နှင့် ၉၀+၁ မိနစ်တွင် နှင်းစန္ဒာလှိုင်တို့က သွင်းယူခဲ့သည်။ တက္ကသိုလ်အသင်းသည် လေးပွဲဆက်အရှုံးကြောင့် ဇယားအောက်ဆုံးမှ ရုန်းထွက်နိုင်ခြင်း မရှိသေးဘဲ ဇွဲကပင်အသင်းမှာမူ ဇယားအလယ်ပိုင်းသို့ရောက်ရှိရန် မျှော်လင့်ချက်ရှိလာခဲ့သည်။ ပွဲစဉ် (၄) တတိယနေ့ကို ဒီဇင်ဘာ ၂၇ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် ပဒုမ္မာကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး သစ္စာအားမာန်အသင်းနှင့် အား/ကာဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိန်း**

# ပျဉ်းမနားတွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်ဘောလုံးပြိုင်

**ပျဉ်းမနား ဒီဇင်ဘာ ၂၆**

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူငယ်ဘောလုံးပြိုင်ပွဲကို ယမန်နေ့က ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပန်းခင်း(၂)ရှိ ရပ်ကွက်ဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရွာကောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးနှင့် ရပ်မိ၊ ရပ်ဖ ဦးခင်မောင်ကျော်၊ ဦးသီဟတို့က အမှာစကားပြောကြားကာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဆန်းမြင့်အောင်က ကွင်းအတွင်းသို့ ဘောလုံးကန်၍ ဖွင့်လှစ်ပေးခဲ့သည်။

ယခုကျင်းပသည့် လူငယ်ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၅ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကာ အသင်းတစ်သင်းတွင် တစ်ဖက်ရှစ်ယောက်နှုန်းဖြင့် အလယ်တန်းအဆင့် ကျောင်းသားအရွယ်အသင်း ခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၄ ရက်တွင် ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုရှုပ (နေပြည်တော်)**

*❍ ကျောဖုံးမှ*

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၂၂ အသင်း အောင်မြင်မှုရရန်အတွက် ပြင်ဆင်မှုများစွာ ပြုလုပ်မည်ဖြစ်ပြီး အဓိကနိုင်ငံတကာပြိုင်ပွဲများ မယှဉ်ပြိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ညီမြတ်သော်တာ**




ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော အမျိုးသားတံခွန်စိုက် Mountain Bike စက်ဘီးပြိုင်ပွဲဆုပေးပွဲကို ဒီဇင်ဘာလတတိယပတ်က မန္တလေးတိုင်းဒေသကြီးပုသိမ်ကြီးမြို့နယ်ဆည်မြောင်းအဆင့်မြင့် သင်တန်းကျောင်းဝင်းအတွင်း ကျင်းပရာ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးအောင်နိုင်မိုးက အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသွားသော ကျော်ထွန်းဦးအား ဆုချီးမြှင့်စဉ်။

အာကာစိုး

# ပတ္တမြားမြေမှ စိန်ခေါ်သံ မြန်မာ့ရိုးရာလက်ဝှေ့ပွဲကြီး မိုးကုတ်မြို့တွင် ကျင်းပမည်

**မိုးကုတ် ဒီဇင်ဘာ ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အသိအမှတ်ပြု မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူး၍ မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်၏ စီစဉ်မှုဖြင့် ဆရာဦးကျားရဲအား ဦးထိပ်ထား၍ ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့ ပတ္တမြားမြေခန်းမတွင် ကျင်းပမည်ဖြစ်သည်။

ကျင်းပမည့် တွဲဆိုင်းများမှာ လေးချီစိန်ခေါ်ပွဲများတွင် ကိုကိုအောင်(တောင်ဇလပ်)နှင့် သန်းဇော်ဌေး-ခြသေ့်မင်း (ရန်ကုန်)၊ သူရအောင် (ခြသေ့်မင်း) နှင့် မောင်မောင်လွင် (လင်းယုန်ကလပ်) ကေကေ(လင်းယုန်ကလပ်)နှင့် ရွှေလုလင် (စစ်ကိုင်းကလပ်)၊ ရောဝတီသား (ရောဝတီကလပ်)နှင့် ကျည်ဆံနဂါး (နဂါးကျည်ဆံကလပ်)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

သုံးချီစိန်ခေါ်ပွဲများတွင် မောင်ဆန်း (လင်းယုန်)နှင့် မွန်လေး(မွန်ပြည်နယ်)၊ ကရင်လေး (ကရင်ပြည်နယ်)နှင့် သားလင်းယုန်(လင်းယုန်ကလပ်)၊ ရှမ်းမင်းသား (ပတ္တမြားမြေ)နှင့် သူရလေး (မတ္တရာ)၊ လင်းလက် (ပတ္တမြားမြေ)နှင့် ဟိန်းဝင်း (သပိတ်ကျင်း)၊ ထက်အောင် (မြဝတီ)နှင့် လင်းယုန်နက် (လင်းယုန်ကလပ်)၊ ဆိုင်းဇော်(ရောဝတီ) နှင့် သောင်းကျော်(ပတ္တမြားမြေ)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

အမျိုးသမီး သုံးချီပွဲတွင် နန်းချိုချိုဝင်း (ခြသေ့်မင်း)နှင့် ရွှေစွန့်ညို (ရိုးရာမာန်)၊ နီလာမိုး (ပတ္တမြားမြေ)နှင့် မေသဇင်ထူး (ခြသေ့်မင်း)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်ဟု သိရသည်။

အဆိုပါ ပွဲစဉ်များတွင် ပရိသတ်အကြိုက်ဖြစ်အောင် ကြိုးပမ်းထားသည်ဟု ကျားရဲထွန်းထွန်းက ပြောသည်။

**ခင်ခင်ဝင်း (ပညာရေး)**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ဝက်ဖို့ဒ်နည်းပြဟောင်း ဆန်းချက်ဇ် ဖလောရက်စ်ကို တရုတ်စူပါလိဂ်ကလပ် ရှန်ဟိုင်း ရှင်ဟွာအသင်းက နည်းပြအဖြစ် ခန့်အပ်လိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ဖလောရက်စ် (၅၃ နှစ်) သည် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဝက်ဖို့ဒ်အသင်းအား အက်ဖ်အေဖလား ဆီမီးဖိုင်နယ်သို့ ရောက်ရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ပရီမီယာလိဂ်တွင်လည်း ရာသီကုန်တွင် တန်းစီဇယား အဆင့် ၁၂ နေရာ၌ ရပ်တည်နိုင်အောင် ကူညီပေးထားနိုင်သူဖြစ်ကြောင်း သိရသည်။ အဆိုပါ စပိန်လူမျိုးနည်းပြသည် အက်စ်ပန်ညိုအသင်း၌ နှစ်နှစ်နီးပါးကိုင်တွယ်ပြီးနောက် ပြီးခဲ့သည့် ဧပြီလက ထုတ်ပယ်ခံခဲ့ရကြောင်း သိရသည်။
- မန်ယူအသင်းသည် အပြောင်းအရွှေ့ကာလတွင် နည်းပြဟောင်း မော်ရင်ဟို၏ ဦးစားပေးခေါ်ယူမည့် ကစားသမားတစ်ဦးဖြစ်သော အသက် ၂၀ နှစ်အရွယ် ဖီအိုရင်တီးနား နောက်ခံကစားသမား မီလန်ကိုဗစ်၏ အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း ဗြိတိန်မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။
- ယာယီနည်းပြ ဆိုးလ်ရှားအနေဖြင့် မန်ယူအသင်းအား လာမည့်ရာသီတွင် ချန်ပီယံလိဂ်ဝင်ရောက်နိုင်ပါက အပိုဆုကြေး ပေါင်နှစ်သန်းရရှိဖွယ်ရှိကြောင်း ဒေးလီးမေးလ်၏ ဖော်ပြချက်အရ သိရသည်။ သို့သော်လည်း စပါးနည်းပြ ပိုချက်တီနို (၄၆ နှစ်) သည် နည်းပြမော်ရင်ဟို၏ နေရာကို အစားထိုးရန်အတွက် နံပါတ်တစ်နေရာတွင် ရှိနေသေးကြောင်းလည်း သိရသည်။
- ဝီလ်ဖရိုက် ဇာဟာအား တရုတ်ကလပ် ဒါလီယန် ယိဖန်းအသင်းက တစ်နှစ်လျှင် ပေါင် ၁၁ သန်းဖြင့် ကမ်းလှမ်းလိုက်ကြောင်း ဒေးလီးမေးလ်၏ ဖော်ပြချက်အရ သိရသည်။

**အောင်ဇော်**

# ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၂၀၉ ဦး ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့

**တာချီလိတ် ဒီဇင်ဘာ ၂၆**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းများကို ထိုင်းနိုင်ငံတာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ လွှဲပြောင်းပေးအပ်လျက်ရှိရာ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၂၀၉ ဦး ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီးနောက်တွင် ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဝင် CNCMC တို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၂၆ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင်မြန်မာရွှေ့ပြောင်းအလုပ်သမားအရေအတွက်မှာ အမျိုးသား ၈၁၁ ဦး၊ အမျိုးသမီး ၃၅၉ ဦးနှင့် ကလေး ၃၉ ဦး စုစုပေါင်း ၁၂၀၉ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# ပရီမီယာလိဂ် ပွဲစဉ် (၁၉) အနိုင်/အရှုံးရလဒ်များ

၂၆-၁၂-၂၀၁၈

| | | |
|---|---|---|
| ဖူလ်ဟမ် | ၁ - ၁ | ဝုဖ် |
| ဘန်လေ | ၁ - ၅ | အဲဗာတန် |
| ပဲလေ့စ် | ၀ - ၀ | ကာဒစ်ဖ် |
| လက်စတာ | ၂ - ၁ | မန်စီးတီး |
| လီဗာပူး | ၄ - ၀ | ကာဆယ် |
| မန်ယူ | ၃ - ၁ | ဟက်ဒါဖီးလ် |
| စပါး | ၅ - ၀ | ဘုန်းမောက် |

# ဘီးလင်းမြို့နယ်တွင် ဘုရားဖူးယာဉ်တိမ်းမှောက်၍ ငါးဦးသေဆုံးပြီး ၃၇ ဦး ဒဏ်ရာရ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဘုရားကျေးရွာအနီး ကုသိနာရုံဘုရားတောင်တက်ကားလမ်းကုန်းအဆင်းအကွေ့၌ ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်းသတင်းအရ ဘီးလင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ နတ်ကြီးကျေးရွာနေ ဦးတင်ဌေး မောင်းနှင်ပြီး ရန်ကုန်မြို့မှ ဘုရားဖူးခရီးသည် ၄၁ ဦး လိုက်ပါလာသည့် 4E/----ကင်တာယာဉ်သည် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးဝဲဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် လှိုင်သာယာမြို့နယ် ရေအုတ်ကန်ရပ်ကွက်နေ ဒေါ်ကေသီပါ ငါးဦးတို့တွင် ဒဏ်ရာများ ရရှိကာ သေဆုံးသွားခဲ့ပြီး ယာဉ်မောင်း ဦးတင်ဌေး၊ ရေအုတ်ကန်ရပ်ကွက်နေ ဒေါ်ကျင်စိန်ပါ ၃၇ ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ဦးတင်ဌေးအား ဘီးလင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



# မြို့လှတွင် ဘီယာများ တင်ဆောင်လာသော ၂၂ ဘီးယာဉ် အရှိန်လွန်တိမ်းမှောက်

**ရေတာရှည် ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှမြို့ ရထားလမ်းကူးနေရာအကွေ့၌ ဘီယာများတင်ဆောင်ထားသည့် ၂၂ ဘီးယာဉ်တစ်စီး ယနေ့ နံနက်ပိုင်းက အရှိန်လွန်တိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားရာသို့ မြို့လှနယ်မြေရဲစခန်းမှ တာဝန်မှူး ရဲအုပ်သန့်ဇော်ဟိန်း ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း တောင်မှမြောက်သို့ စည်ဘီယာဘူးများတင်ဆောင်ပြီး ကျော်ထွန်းစိုး (၃၈နှစ်) ရွာသစ်ကြီးမြို့နယ် စစ်ကိုင်းတိုင်းဒေသကြီးနေသူ မောင်းနှင်လာသော 7G/------နစ်ဆန်း ၂၂ ဘီးယာဉ်သည် မြို့လှမြို့ ရွှေမြိုင် အမှတ်(၂) ရပ်ကွက် မိုင်တိုင် ၂၁၁/၃ နှင့် ၄ အကြား ရထားလမ်းကူးနေရာအကွေ့တွင် အရှိန်လွန်ကာ တိမ်းမှောက်သွားခဲ့ပြီး ယာဉ်မောင်းမှာ ဒဏ်ရာရရှိခြင်းမရှိကြောင်းနှင့် မြို့လှနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းလွင်**

## မြန်မာ့ရုပ်မြင်သံကြား

၂၇ . ၁၂ . ၂၀၁၈(ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - “(၁၉)ကြိမ်မြောက် တိုင်းရင်းဆေးညီလာခံကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းရင်းဆေးနှင့် ပြည်သူ့ကျန်းမာရေး စကားဝိုင်း”
၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ “ဆေးရုံမှတ်တမ်း” (အပိုင်း- ၃၉)
၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ “မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း” (အပိုင်း-၂)

**ညပိုင်း**

၁၆း၃၅ - "Soccer View"
၁၇း၁၅ - “ပြည်တွင်းလုံခြုံရေးမှုခင်း ကျဆင်းရေး မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များနှင့် ပတ်သက်သည့် ဆွေးနွေးမေးမြန်းချက်” (အပိုင်း-၂)
၁၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ “ဆေးရုံမှတ်တမ်း” (အပိုင်း-၄၀) (ဇာတ်သိမ်း) အောင်မြင့်မြတ်၊ မြတ်သူအောင်၊ သူရထွန်း၊ နွယ်ဒါလီထွန်း၊ ခင်သဇင်၊ ဂုဏ်ရည်အေးကျော် ဒါရိုက်တာ-မင်းခိုက်စိုးစန်
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- မြန်မာဇာတ်လမ်းတွဲ “မော်လမြိုင်ရဲ့ည” (အပိုင်း-၅) စိုင်းလျှံ၊ သခ်၊ ဖြိုးသိုက်၊ ချာန်ထူး၊ ဖူးဖူး ဒါရိုက်တာ-ချာန်ထူး
- မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၁) ဒါရိုက်တာ-ကြည်စိုးထွန်း

# ဘားအံမြို့နယ်တွင် မူးယစ်ဆေးဝါးနှင့် လူကိုအန္တရာယ်ပြုစေနိုင်သော ကိရိယာများ သိမ်းဆည်းရမိ

**ဘားအံ ဒီဇင်ဘာ ၂၆**

ကရင်ပြည်နယ်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်စဉ် ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက စိတ်ကြွရူးသွပ်ဆေးပြားနှင့် အိုက်စ်တို့ သိမ်းဆည်းရမိခဲ့သည့်အပြင် လူကို အန္တရာယ်ပြုနိုင်သည့် ကိရိယာများကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီခန့်က ဘားအံမြို့နယ် အိန္ဒုတိုးလ်ဂိတ်တွင် မူးယစ်တပ်ဖွဲ့စု-၃၁ (ဘားအံ) မှ ရဲအုပ်ထွန်းထွန်းဝင်း ဦးစီးသောအဖွဲ့၊ အိန္ဒုနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်ကျော်ကို ဦးစီးသောအဖွဲ့တို့သည် ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ဘားအံ-အိန္ဒုကားလမ်းအတိုင်း ဘားအံဘက်သို့ သွားမည့် ဆိုင်ကယ်ကို စစ်ဆေးရာ ဆိုင်ကယ်မောင်းနှင်လာသူမှာ အောင်ကျော်ဖြိုးဖြစ်ကြောင်း သိရပြီး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားသုံးပြား အလေးချိန် ၀ ဒသမ ၃ ဂရမ်နှင့် အိုက်စ်အလေးချိန် ၀ ဒသမ ၁ ဂရမ်ကိုလည်းကောင်း၊ ယာဉ်မောင်းလိုင်စင်တစ်ခု၊ ဦးအောင်ကျော်ဖြိုးအမည်ပါ ဝန်ထမ်းစိစစ်ရေး ကတ်ပြားတစ်ခု၊ စိတ်ကြွရူးသွပ်ဆေးပြား ရှူရာတွင် အသုံးပြုသည့် ပြုပြင်ထားသော ခရမ်းရောင် ဂက်စ်မီးခြစ်တစ်လုံး၊ ခဲပြားငယ်တစ်ခုတို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

**စစ်ဆေးပေါ်ပေါက်**

သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများနှင့်ပတ်သက်ပြီး အောင်ကျော်ဖြိုးကို မေးမြန်းရာ ဒီဇင်ဘာ ၂၅ ရက် နံနက် ၉နာရီခန့်က ဘုရားသုံးဆူမြို့ အမှတ်(၃)ရပ်ကွက်ရှိ လမ်းမပေါ်တွင် တွေ့ရှိသော အမိုး(အမည်ရင်းမသိ) ဆိုသည့် အမျိုးသမီးတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားသုံးပြားကို ထိုင်းဘတ် ၂၀၀ ဖြင့် ဝယ်ယူခဲ့ပြီး အိုက်စ်အနည်းငယ်အား လက်ဆောင်အဖြစ် ပေးခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ထို့အတူ ၎င်းကို ဘားအံမြို့အတွင်း တံတားစစ်ဆေးရေးဂိတ်များက ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် လူကိုအန္တရာယ်ပြုစေနိုင်သော လက်နက်ကိရိယာအများအပြားကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း ကရင်ပြည်နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

**မင်းသူ(ဘားအံ)**

# မောင်တောမြို့နယ်တွင် ငွေကျပ်သိန်း ၁၈၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မောင်တောခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲက မောင်တောမြို့နယ် မြို့ဦးကျေးရွာအုပ်စု လသာ (အထက်)ကျေးရွာနေ ဟာမိတ်ဒူလ္လာ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၂၈၂၀ (ကာလတန်ဖိုးငွေ ၁၈၅၆ ဒသမ ၄ သိန်း) သိမ်းဆည်းရမိခဲ့သဖြင့် ဟာမိတ်ဒူလ္လာ(၃၀နှစ်)ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ဟာမိတ်ဒူလ္လာအား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ အင်းတော်မြို့နယ် နန့်မကျိုင်းကားလမ်းဆုံ၌ မူးယစ်ဆေးဝါး အမြောက်အမြား သိမ်းဆည်းရမိ

**အင်းတော် ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မြစ်ကြီးနား-ရွှေဘို ပြည်ထောင်စု ကားလမ်းမပေါ်ရှိ နန့်မကျိုင်းကားလမ်းဆုံ၌ ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီခန့်က မော်တော်ယာဉ်နှစ်စီးဖြင့် သယ်ဆောင်လာသည့် ကျပ်သိန်းပေါင်း ၁၃၀၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ ဒုတိယရဲမှူးမျိုးမင်း ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များသည် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ အင်းတော်မြို့နယ် မြစ်ကြီးနား-ရွှေဘို ပြည်ထောင်စုကားလမ်းမပေါ်ရှိ နန့်မကျိုင်းကားလမ်းဆုံ၌ စောင့်ဆိုင်းနေစဉ် အင်းတော်မြို့ဘက်မှ ကွတ်ခိုင်မြို့ အမှတ်(၅)ရပ်ကွက်နေ ရန်ကျော်(ခ)အားလုံ (၂၁နှစ်)နှင့် ကရင်ပြည်နယ် မြဝတီမြို့နေ ချစ်ကို(ခ) ချစ်ကိုနိုင်တို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်နှစ်စီးပေါ်တွင် ယုနိုင်(၂၄နှစ်)၊ မျိုးမြင့်အောင်(ခ)ချောက်မြင့်(၁၈)နှစ်၊ ခိုင်စော(ခ)ရှောက်တီ(၂၁နှစ်)၊ ကျော်ဇေယျ(ခ) စောစည်သူ (၃၅နှစ်)နှင့် မအားကျိန်း (၁၆နှစ်)တို့ လိုက်ပါလာသည်ကိုတွေ့ရှိရပြီး ယာဉ်ကို စစ်ဆေးရှာဖွေနေစဉ် ချစ်ကို(ခ) ချစ်ကိုနိုင်မှာ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်၏ကြမ်းခင်းနှင့် နောက်ဖင်ထိုင်ခုံအောက်တို့တွင် အံဝှက်ပြုလုပ်သယ်ဆောင်လာသည့် ဘိန်းဖြူဆပ်ပြာခွက် ၉၂၄ ခွက် (အလေးချိန် ၉ ဒသမ ၂၄ ကီလို)၊ ဘိန်းဆီခဲ ၄၅ ထုပ် (အလေးချိန် ၄၄ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၂၅၀ စုစုပေါင်း မူးယစ်ဆေးဝါးတန်ဖိုးငွေကျပ် ၁၃၃၄၂ ဒသမ ၅ သိန်းနှင့် လက်ကိုင်ဖုန်းသုံးလုံး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား သုံးခုတို့ကို သိမ်းဆည်းရမိခဲ့သည်။



ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရှိရသူ ထွက်ပြေးလွတ်မြောက်သွားသည့် ချစ်ကို(ခ) ချစ်နိုင် အပါအဝင်ခုနစ်ဦးကို အင်းတော်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# တာချီလိတ်၌ ဆိုင်ကယ်အတွင်း သိုဝှက်သယ်လာသော မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**တာချီလိတ် ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ မူးယစ်ဆေးဝါးများကို ဆိုင်ကယ်အတွင်း သိုဝှက်သယ်ဆောင်လာသော လူငယ်တစ်ဦးကို ဒီဇင်ဘာ ၂၅ ရက် ညနေပိုင်းက အရေးယူဆောင်ရွက်ထားကြောင်း တာချီလိတ်မြို့မရဲစခန်းမှ သိရသည်။

မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ ရဲအုပ်စိုးအောင် ဦးစီးအဖွဲ့သည် တာချီလိတ်မြို့အထွက် လွယ်တော်ခမ်းပူးပေါင်းစစ်ဆေးရေးစခန်းတွင် မိုင်းဆတ်ဘက်မှ တာချီလိတ်ဘက်သို့ ကျလောမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (အလေးချိန်တစ်ကီလို)နှင့် ဖုန်းတစ်လုံးတို့ကို တွေ့ရှိခဲ့သဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမိခဲ့သည်။

အမှုမှ မူးယစ်ဆေးဝါးများနှင့်အတူ လက်ဝယ်တွေ့ရှိ ဖမ်းဆီးရမိသည့် ကျလော(၂၂နှစ်) မိုင်းဆတ်မြို့နယ်နေသူကို ဥပဒေအရ တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# လှိုင်လင်မြို့၌ ဆယ်ဘီးယာဉ်တစ်စီး ဘရိတ်ပေါက်ပြီး ကွန်ကရစ်ဓာတ်တိုင်တိုက်မိ

**လှိုင်လင် ဒီဇင်ဘာ ၂၆**

လှိုင်လင်မြို့၌ ယနေ့နံနက် ၁၀ နာရီခန့်က လှိုင်လင်-တောင်ကြီး ပြည်ထောင်စုလမ်းမကြီးနှင့် လှိုင်လင်-ပင်လုံ ပြည်ထောင်စုလမ်းမကြီးဆုံရာ သုခလမ်းတွင် ဆယ်ဘီးယာဉ်တစ်စီးဘရိတ်ပေါက်၍ လမ်းမီးကွန်ကရစ်တိုင်ကို တိုက်မိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် မြို့တွင်းလျှပ်စစ်ဓာတ်ကို ပြတ်တောက်သွားခဲ့ကြောင်းနှင့် လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း၊ ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်းကို အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးလွင်ဦး(လှိုင်လင်)**

# သထုံမြို့တွင် လိုင်စင်မဲ့ယာဉ်တစ်စီး ဖမ်းမိ

**သထုံ ဒီဇင်ဘာ ၂၆** -သထုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ယာဉ်များအား ရပ်တန့်စစ်ဆေးနေစဉ် သထုံဘက်မှ ဘီးလင်းဘက်သို့ မောင်းနှင်လာသောယာဉ်အား စစ်ဆေးရာမှ လိုင်စင်မဲ့ယာဉ်အဖြစ် တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

သထုံမြို့ နောင်ကုလားကျေးရွာ ပန်းတိမ်ရွာကျောင်းရှေ့ ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမပေါ်တွင် သထုံမြို့မရဲစခန်းမှ ရဲအုပ်တင်မိုးလှိုင် ဦးစီး၍ ယာဉ်များကို ရပ်တန့်စစ်ဆေးနေစဉ် သထုံမှ ဘီးလင်းသို့ ယာဉ်မောင်း စွမ်းရည်ဝင်း(ခ) စောနိုးနိုး (၂၂နှစ်) ဖာပွန်မြို့နယ် ကရင်ပြည်နယ်နေသူ မောင်းနှင်ပြီး ဘေးတွင် တိုးတက်အောင် (၁၉နှစ်)ဖားကပ်ကျေးရွာ ဘားအံမြို့နယ်နေသူ လိုက်ပါစီးနင်းလာသည့် ယာဉ်ကို စစ်ဆေးခဲ့ရာ ယာဉ်နှင့်ပတ်သက်သော အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် ရဲအုပ်တင်မိုးလှိုင်က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**လှိုင်ထွန်းအောင်**

# အစ္စရေးတို့ဘက်မှပစ်ခတ်လာသော ဒုံးကျည်များကို ဆီးရီးယားလေကြောင်းကာကွယ်ရေးအဖွဲ့ ကြားဖြတ်ပစ်ချ

**အလက်ပို ဒီဇင်ဘာ ၂၆**

ဆီးရီးယားလေကြောင်းကာကွယ်ရေးအဖွဲ့သည် အင်္ဂါနေ့ညနေက ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့ အနောက်ဘက်အစွန်အဖျားရှိ ဧရိယာများသို့ ပစ်မှတ်ထားကာ အစ္စရေးဘက်မှ တိုက်ခိုက်လာသည့် ဒုံးကျည်တစ်စင်းကို ကြားဖြတ်ပစ်ချလိုက်ကြောင်း ဆီးရီးယားနိုင်ငံပိုင် ရုပ်မြင်သံကြားက ဖော်ပြခဲ့သည်။

စစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်များကို ကိုးကားလျက် နိုင်ငံပိုင်ရုပ်သံကဖော်ပြခဲ့သည်မှာ လေကြောင်းကာကွယ်ရေးအဖွဲ့သည် အစ္စရေးဒုံးကျည်အများစုကို ပစ်မှတ်များဆီသို့မရောက်မီ ကြားဖြတ်ပစ်ချနိုင်ခဲ့ကြောင်း၊ လက်နက်သိုလှောင်ရုံတစ်ခုသာလျှင် ထိခိုက်ပျက်စီးမှုရှိခဲ့ကြောင်းနှင့် တပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

အစ္စရေးတို့ဘက်မှ ထိုသို့တိုက်ခိုက်မှုကို လက်ဘနွန်လေပိုင်နက်အတွင်းမှ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒမတ်စကတ်မြို့ဆီသို့ဝင်ရောက်လာသည့် ဒုံးကျည်အချို့ကို လက်ဘနွန်ကောင်းကင်ပေါ်၌ ကြားဖြတ်ပစ်ချခဲ့ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားက ဖော်ပြခဲ့သည်။ ဒမတ်စကတ်မြို့ရှိ ဒေသခံများသည် ပေါက်ကွဲသံများကို ဆက်တိုက်ကြားလိုက်ရပြီး လေကြောင်းကာကွယ်ရေးဒုံးကျည်များ ပျံဝဲနေမှုကိုတွေ့မြင်လိုက်ရကြောင်း ပြောကြားခဲ့သည်။



ဒမတ်စကတ်မြို့၏ ကောင်းကင်ပေါ်တွင် လေကြောင်းကာကွယ်ရေးဒုံးကျည်တစ်စင်းကို တွေ့ရစဉ်။

လက်ဘနွန်ဘက်မှ သတင်းရင်းမြစ်များက တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် အင်္ဂါနေ့ညနေပိုင်းတွင် အစ္စရေးတိုက်လေယာဉ်များသည် လက်ဘနွန်လေပိုင်နက်ကို ထိုးဖောက်ဝင်ရောက်လာခဲ့ကြောင်း ပြောကြားခဲ့သည်။ ဆီးရီးယားရှိ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်မှုအဖွဲ့က အစ္စရေးတို့၏ဒုံးကျည်တိုက်ခိုက်မှုသည် ဒမတ်စကတ်အနောက်ပိုင်းနှင့် အနောက်တောင်ပိုင်းအစွန်အဖျားရှိ ဧရိယာများကို ပစ်မှတ်ထားခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒုံးကျည်အများအပြားဝင်ရောက်လာကာ ပစ်မှတ်သုံးခုကိုထိမှန်ခဲ့ကြောင်း၊ ယင်းပစ်မှတ်များမှာ လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာအုပ်စုပိုင်ဆိုင်သည့် လက်နက်သိုလှောင်ရုံများဖြစ်ကြောင်း သိရသည်။ အစ္စရေးတို့၏ ယင်းတိုက်ခိုက်မှုသည် ဆီးရီးယားရှိ တည်နေရာများကို ပစ်မှတ်ထားလုပ်ဆောင်ခဲ့သည့် တိုက်ခိုက်မှုများစွာအနက် နောက်ဆုံးသိရသည့်တိုက်ခိုက်မှုတစ်ခုဖြစ်သည်။ ပြီးခဲ့သည့်လကလည်း ဒမတ်စကတ် အနောက်ပိုင်းအစွန်အဖျားရှိ စစ်တပ်တည်နေရာများကို ပစ်မှတ်ထားသည့် တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။

**ဆင်ဟွာ**

# လစ်ဗျားနိုင်ငံခြားရေးဝန်ကြီးဌာနရုံးတွင် တိုက်ခိုက်မှုဖြစ်ပွား

**ထရီပိုလီ ဒီဇင်ဘာ ၂၆**

လစ်ဗျားနိုင်ငံမြို့တော် ထရီပိုလီရှိ လစ်ဗျား အမျိုးသားညီညွတ်ရေး အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနရုံးတွင် ဒီဇင်ဘာ ၂၅ ရက်က တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနရုံး အနီးတွင် ရပ်နားထားသော မော်တော်ယာဉ်တစ်စီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက်တွင် သေနတ်သမားတစ်စုက နိုင်ငံခြားရေးဝန်ကြီးဌာနရုံးကို ဝင်ရောက်စီးနင်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန် ပစ်ခတ်ခဲ့ကြသည်။ ရုံးအတွင်း၌လည်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

တိုက်ခိုက်မှုများအတွင်း နှစ်ဦးသေဆုံးခဲ့ပြီး တစ်ဦးမှာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းတစ်ဦးဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် တိုက်ခိုက်မှုနှင့်ပတ်သက်၍ မည်သည့်အဖွဲ့အစည်းဖြစ်ကြောင်း မသိရှိရသေးပေ။




တိုက်ခိုက်မှုဖြစ်ပွားသည့် လစ်ဗျားနိုင်ငံခြားရေးဝန်ကြီးဌာနရုံးကို တွေ့ရစဉ်။

၂၀၁၁ ခုနှစ်က လစ်ဗျား၌ ကဒါဖီအစိုးရ ဖြုတ်ချခံခဲ့ရပြီးနောက် လစ်ဗျားနိုင်ငံရေးအခြေအနေများ မတည်မငြိမ်ဖြစ်ခဲ့သည်။ လတ်တလောတွင် နယ်မြေထိန်းချုပ်ရေး ထိပ်တိုက်ရင်ဆိုင်မှုများဖြစ်ပွားလျက်ရှိသည်။ လစ်ဗျားအမျိုးသားညီညွတ်ရေးအစိုးရနှင့် ၎င်းကိုထောက်ခံသည့် လက်နက်ကိုင်အဖွဲ့အစည်းတို့က နိုင်ငံအနောက်ပိုင်းဒေသအချို့ကို ထိန်းချုပ်ထားသည်။

ပြည်သူ့ကိုယ်စားပြု အစည်းအရုံးက နိုင်ငံအရှေ့ပိုင်းရှိ တိုဘရပ်မြို့တွင် အစိုးရအဖွဲ့ ဖွဲ့စည်းကာ ကာလီဖာဟာက်ဖတာဦးဆောင်သည့် ပြည်သူ့စစ်အဖွဲ့နှင့် မဟာမိတ်ဖွဲ့လိုက်ပြီး လစ်ဗျားအရှေ့ပိုင်းနှင့်အလယ်ပိုင်းဒေသများ၊ တောင်ပိုင်းရှိ အချက်အချာမြို့များနှင့် အနောက်ပိုင်းမြို့များကို ထိန်းချုပ်ထားကြောင်း သိရသည်။

**ဆင်ဟွာ**

# ဘတ်စ်ကားတစ်စီးကို စီးနင်းကာ လမ်းသွားလမ်းလာများအား ဝင်တိုက်မှုကြောင့် ရှစ်ဦးသေဆုံး

**ပေကျင်း ဒီဇင်ဘာ ၂၆**

တရုတ်နိုင်ငံ ဖူကျန်းပြည်နယ်တွင် အင်္ဂါနေ့ ညနေခင်းက လူတစ်ဦး ဘတ်စ်ကားတစ်စီးကို လုယက်စီးနင်းကာ လူအုပ်ထဲသို့ ဝင်တိုက်ခဲ့မှုကြောင့် လူရှစ်ဦးသေဆုံးပြီး ၂၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြခဲ့သည်။

ကားဖြင့်ဝင်တိုက်မှုသည် လုံကျန်မြို့အတွင်း၌ ညနေ ၃ နာရီ မိနစ် ၂၀ခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသသတင်းစာတစ်စောင်က ဖော်ပြခဲ့သည်။

သေဆုံးသွားသူများတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးပါဝင်ကြောင်းသိရပြီး ဘတ်စ်ကားအား စီးနင်းခဲ့သူသည် ဓားတစ်လက်ကို ကိုင်ဆောင်ထားခဲ့ပြီး ၎င်းကို ရဲများက ဖမ်းဆီးထိန်းသိမ်းကာ စစ်ဆေးမှုများလုပ်ဆောင်လျက်ရှိသည်။

ထိခိုက်ဒဏ်ရာရသူအများစုမှာ လမ်းသွားလမ်းလာများအား ဝင်တိုက်မိခဲ့သည့် ဘတ်စ်ကားအနီးရှိလမ်းပေါ်တွင် လဲလျောင်းလျက်ရှိနေခဲ့ကြောင်း၊ ကားရှေ့ပိုင်းမှာလည်း ဆိုးဆိုးရွားရွားပျက်စီးသွားခဲ့ကြောင်း အမေရိကန်အခြေစိုက် တရုတ်မီဒီယာတစ်ခုက ဖော်ပြခဲ့သည်။

သံသယရှိသူမှာ အသက် ၄၈နှစ်အရွယ် ဒေသခံအမျိုးသားတစ်ဦးဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ပြည်ပမှ အလုပ်သမားများအဆင်ပြေစေရေး ဆောင်ရွက်ချက်များ ဂျပန်အစိုးရအတည်ပြု

**တိုကျို ဒီဇင်ဘာ ၂၆**

ဂျပန်နိုင်ငံတွင် အလုပ်လုပ်ကိုင်ကြမည့် ပြည်ပနိုင်ငံသားများ ပိုမိုအဆင်ပြေစေရန် မူဝါဒလုပ်ငန်းစဉ်အစီအစဉ်များကို ဂျပန်အစိုးရက အတည်ပြုလိုက်ကြောင်း သိရသည်။

ယင်းအစီအစဉ်ကို အင်္ဂါနေ့က အတည်ပြုခဲ့ပြီး လာမည့်ဧပြီလတွင် အသက်ဝင်လာမည့် လူဝင်မှုကြီးကြပ်ရေး ဥပဒေကို ပြင်ဆင်ခဲ့မှုနှင့်အညီ ရေးဆွဲထားသည့် အဓိကကျသည့် မူဝါဒအပြောင်းအလဲတစ်ခုဖြစ်ကြောင်း သိရသည်။ အစီအစဉ်အရ အရည်အချင်းမြင့် အလုပ်သမားများကိုသာ ခွင့်ပြုထားသည့် နေထိုင်ခွင့်သည် ပိုမိုအရေအတွက်များပြားသည့် အရည်အချင်းနိမ့် အလုပ်သမားများအတွက်လည်း အကျုံးဝင်လာမည်ဖြစ်သည်ဟု ဆိုထားသည်။

လုပ်ငန်းဆောင်ရွက်ချက် ၁၂၆ခုတို့တွင် ပွဲစားများက ပြည်ပအလုပ်သမားများအပေါ် မတရားခေါင်းပုံဖြတ်မှုကို ကာကွယ်ရန်လည်း ပါဝင်ကြောင်းသိရသည်။ မြို့ကြီးများတွင် နိုင်ငံခြားသားများ လိုအပ်သည်ထက်စုဝေးလာမှုကို တားဆီးရန်နှင့် ကျေးလက်ဒေသများတွင် အလုပ်သမားမလုံလောက်မှုကို လျော့ကျစေရန် အစိုးရက မတူညီသည့်ဒေသနှင့်လုပ်ငန်းနယ်ပယ်များမှ ပြည်ပအလုပ်သမားဦးရေနှင့်ပတ်သက်သည့် အချက်အလက်များကို ပုံမှန်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




ဂျပန်နိုင်ငံရှိ လုပ်ငန်းခွင်တစ်ခုတွင် လုပ်ကိုင်နေကြသည့်သူများကို တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### အစ္စရေး၌ လာမည့်ဧပြီလတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပမည်

ဂျေရုဆလင် ဒီဇင်ဘာ ၂၆

အငြင်းပွားဖွယ် ဥပဒေကြမ်းတစ်ရပ်ကို အတည်ပြုနိုင်မည့် လုံလောက်သည့် ထောက်ခံမှုရရှိရန် မဖြစ်နိုင်သည့် အခြေအနေနှင့် ရင်ဆိုင်ခဲ့ရပြီးနောက်တွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု အစိုးရအဖွဲ့သည် ရွေးကောက်ပွဲများကို စောစီးစွာ ကျင်းပရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

နေတန်ယာဟု အစိုးရအဖွဲ့သည် စစ်မှုမထမ်းမနေရ ဥပဒေတစ်ရပ်ကို လွှတ်တော်၌မဲခွဲဆုံးဖြတ်ရန် လုံလောက်သည့်ထောက်ခံမှုမရရှိသည့် အခြေအနေရောက်ရှိခဲ့ပြီးနောက် တနင်္လာနေ့တွင် ထိုသို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေမူကြမ်းသည် စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ရရှိခဲ့သည့် ဂျူးအမျိုးသားများကို စစ်မှုထမ်းစေရေး အငြင်းပွားနေမှုများကို ဖြေရှင်းရန် ရည်ရွယ်လျက် ရေးဆွဲခဲ့ခြင်းဖြစ်သည်။ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် အစိုးရအဖွဲ့အစည်းအဝေးကို ခေါ်ယူခဲ့ပြီး ၎င်း၏ တာဝန်ယူဆောင်ရွက်မှုကာလ မကုန်ဆုံးမီ ရွေးကောက်ပွဲများကို စောစီးစွာကျင်းပရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ မစ္စတာနေတန်ယာဟု အာဏာရရှိခဲ့သည်မှာ ၁၂နှစ် ကြာမြင့်ခဲ့ပြီဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

### အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းပြီးနောက် ဒုက္ခသည်များ ဝင်ရောက်လာမည့်အရေးကို ဆိုက်ပရပ်စ်ပြင်ဆင်

ဝါရှင်တန် ဒီဇင်ဘာ ၂၆

ဆီးရီးယားရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းမည်ဖြစ်ရာ ထိုသို့ ရုပ်သိမ်းပြီးနောက် နိုင်ငံအတွင်းသို့ ဒုက္ခသည်များ ဝင်ရောက်လာနိုင်သည့်အတွက် ပြင်ဆင်ထားကြောင်း လက်ရှိ ဆီးရီးယားအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ကြောင်း သိရသည်။

ဆိုက်ပရပ်စ်အစိုးရ အနေဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များအား ပြန်လည်ရုပ်သိမ်းပြီးနောက်တွင် တိုက်ခိုက်မှုများ တိုးပွားလာမည်ကို စိုးရိမ်မိကြောင်းနှင့် အိမ်နီးချင်းနိုင်ငံများသို့ ဒုက္ခသည်များ ဝင်ရောက်လာနိုင်ကြောင်း ပြောကြားခဲ့သည်။

ဆီးရီးယား၊ တူရကီနှင့် လက်ဘနွန်တို့မှ ရာထောင်ချီသော ရွှေ့ပြောင်းသွားလာသူတို့ကို လက်ခံပေးရသည်မှာ လိုအပ်သည်ထက် လွန်ကဲနေပြီဖြစ်ကြောင်း ဆီးရီးယားအစိုးရ၏ပြောရေးဆိုခွင့်ရှိသူ ပရိုဒရိုမိုစ်က ပြောကြားခဲ့သည်။ ဆိုက်ပရပ်စ်သို့ ဝင်ရောက်လာနေသည့် ဒုက္ခသည်အရေးအတွက်သည် တစ်လလျှင် တစ်ထောင်မကရှိကြောင်း ဒုက္ခ သည်အရေးဖြေရှင်းရန် တာဝန်ရှိသူ ပြည်ထဲရေးဝန်ကြီး ကွန်စတန်တီနပ်စ် ပီထရိုက်စ်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# မဲဆွယ်စဉ်ကာလကတိတွေကို အမေရိကန်သမ္မတ ထရမ့် ဘယ်လောက်အကောင်အထည်ဖော်ပြီးပြီလဲ

**ချိုးစန္ဒီနွေး**

**ဒေါ်နယ်ထရမ့်ဟာ အမေရိကန်ရဲ့ (၄၅)ကြိမ်မြောက် သမ္မတရွေးကောက်ပွဲမှာ မဲဆွယ်စည်းရုံးမှုတွေပြုလုပ်စဉ်အတွင်း ကတိတွေ တသီတတန်းကြီး ပေးခဲ့ပါတယ်။ သူတကယ်သမ္မတဖြစ်လာတဲ့အခါမှာလည်း အမေရိကန်ပြည်ထောင်စုအတွင်း မူဆလင်တွေဝင်ရောက်မှုကို ပိတ်ပင်ခဲ့တဲ့အတွက်ရယ် မက္ကဆီကိုနယ်စပ်မှာ တံတိုင်းဆောက်တဲ့အတွက်ရယ်တို့ကြောင့် တစ်ကမ္ဘာလုံးရဲ့စိတ်ဝင်စားမှုကို ခံရပါတယ်။ သူသမ္မတမဖြစ်ခင် မဲဆွယ်စည်းရုံးစဉ်ကာလက ပေးခဲ့တဲ့ကတိတွေ အခုအချိန်မှာ ဘယ်လောက်အထိ အကောင်အထည် ဖော်ပြီးပြီလဲဆိုတာ ကြည့်ရအောင်။**




**ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုအခမ်းအနားတစ်ခုတွင် သမ္မတထရမ့်ကို တွေ့ရစဉ်။**

### ပါရီရာသီဥတုပြောင်းလဲမှုစာချုပ်

မစ္စတာထရမ့်ဟာ သူသမ္မတလောင်း ဘဝတုန်းက ပါရီရာသီဥတုပြောင်းလဲမှုစာချုပ်ရဲ့စည်းမျဉ်းဥပဒေတွေဟာ အမေရိကန်ရဲ့ တိုးတက်ကြီးပွားမှုကို နှောင့်နှေးစေတဲ့ အရာဆိုပြီး သမုတ်ခဲ့ပါတယ်။ အဲဒီလိုပြောခဲ့ပြီးနောက် သူသမ္မတဖြစ်လာတဲ့ အခါမှာတော့ နိုင်ငံပေါင်း ၂၀၀ ပါဝင်လက်မှတ်ထိုးထားတဲ့ ပါရီရာသီဥတုပြောင်းလဲမှုစာချုပ်ကနေ နုတ်ထွက်ဖို့ ကြေညာခဲ့ပါတယ်။ တရားဝင်နုတ်ထွက်ရေးလုပ်ငန်းစဉ်တွေ လုပ်ဆောင်ဖို့တော့ နှစ်အနည်းငယ်ကြာမြင့်ဦးမှာဖြစ်ပေမယ့် ပြတ်သားတိကျတဲ့ကတိတစ်ခုဖြစ်တာကြောင့် ပါရီ ရာသီဥတုပြောင်းလဲရေး စာချုပ်ကနေ တရားဝင်နုတ်ထွက်ဖို့ကတော့ အသေအချာပါပဲ။

### အိုင်အက်စ်များကို ပုံးကြဲတိုက်ခိုက်မှု

၂၀၁၅ နိုဝင်ဘာလ အောက်လွှတ်တော်မှာ မစ္စတာထရမ့် မိန့်ခွန်းပြောခဲ့စဉ်က အိုင်အက်စ်စစ်သွေးကြွတွေကို အမြစ်ပြုတ် နှိမ်နင်းနိုင်ဖို့အတွက် အပြင်းထန်ဆုံး ပုံးကြဲတိုက်ခိုက်မှုတွေပြုလုပ်မယ်လို့ သတိပေးခဲ့ပါတယ်။ သူသမ္မတဖြစ်လာတဲ့ အခါမှာလည်း အမေရိကန် လက်နက်တိုက်ထဲက နျူကလီးယား အမျိုးအစားထဲက မဟုတ်ဘဲ အခြားအမျိုးအစား အကြီးဆုံးပုံးကို အာဖဂန်နစ္စတန်မှာရှိတဲ့ အိုင်အက်စ်တွေ အခြေချရာနေရာမှာ ဖောက်ခွဲခဲ့ပါတယ်။ အီရတ်နဲ့ ဆီးရီးယားမှာရှိတဲ့ အိုင်အက်စ်တွေကိုတိုက်ထုတ်ခဲ့တဲ့အတွက် ထရမ့်ဟာ အများရဲ့ အသိအမှတ်ပြုတာကိုလည်း ခံရပါတယ်။ အိုင်အက်စ်အကြမ်းဖက်အဖွဲ့ရဲ့ ရုပ်ဝတ္ထုအဆောက်အအုံတွေကို ဖြိုခွင်းနိုင်ပေမယ့် အိုင်အက်စ်ခေါင်းဆောင်ပိုင်းနဲ့ သူ့ရဲ့စစ်သွေးကြွတွေကတော့ ကျန်ရှိနေဆဲပါပဲ။

### အမေရိကန်တပ်ဖွဲ့ဝင်တွေ ပြည်တော်ပြန်ဖို့

မစ္စတာ ထရမ့်ဟာ မဲဆွယ်စည်းရုံးစဉ်ကာလကတည်းက အရှေ့အလယ်ပိုင်းဒေသကနေ အမေရိကန်တပ်ဖွဲ့ဝင်တွေ ဆုတ်ခွာဖို့အရေး ကျယ်ကျယ်လောင်လောင် တောင်းဆိုခဲ့သူပါ။ 'အရှေ့အလယ်ပိုင်းဒေသဟာ အင်မတန်ရှုပ်ထွေးပါတယ်။ အဲဒီဒေသအတွက် အမေရိကန်ဒေါ်လာ ထရီလီယံနဲ့ချီပြီး အကုန်အကျခံနေမယ့်အစား အမေရိကန်နိုင်ငံအတွင်းမှာပဲ အကျိုးရှိအောင်လုပ်ဆောင်သင့်တယ်လို့'ထရမ့်က ပြောဆိုခဲ့ပါတယ်။ နိုင်ငံရပ်ခြားမှာ အမေရိကန်တပ်ဖွဲ့ဝင်တွေ တပ်ဖြန့်ချထားတာကို အဆုံးသတ်ဖို့ သူသမ္မတဖြစ်မလာခင်ကတည်းက ပြောဆိုခဲ့တာပါ။

၂၀၁၃ ခုနှစ်တုန်းက မစ္စတာ ထရမ့်ဟာ 'အမေရိကန်တွေ လေ့ကျင့်ပေးပြီး ဒေါ်လာဘီလီယံပေါင်းများစွာ အကုန်အကျခံပေးထားတဲ့ အာဖဂန်တွေကြောင့်ပဲ အမေရိကန်တပ်ဖွဲ့ဝင်တွေ အသက်ဆုံးရှုံးရတာဖြစ်တယ်။ ဒါဟာ အဓိပ္ပာယ်မရှိဘူး။ အမေရိကန်ကို ပြန်လည် တည်ဆောက်စမ်းပါ'လို့ တွစ်တာစာမျက်နှာပေါ်မှာ ရေးသားခဲ့ပါတယ်။

အဲဒီနောက် ၂၀၁၃ နှစ်ကုန်ပိုင်းမှာပဲ ထရမ့်ဟာ အမေရိကန်ဟာ ဆီးရီးယားစစ်ပွဲမှာ ဝင်မပါသင့်ဘူးလို့ ပြောခဲ့ပြန်ပါတယ်။ ဒါကိုကြည့်မယ်ဆိုရင် ထရမ့်ဟာ အရင်ကတည်းက ပြည်ပမှာတာဝန်ထမ်းဆောင်နေတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေကို ပြန်ခေါ်ချင်ခဲ့တဲ့စိတ်ကူး ရှိပုံပါပဲ။ ထရမ့် သမ္မတဖြစ်လာတဲ့အခါ ၂၀၁၇ စက်တင်ဘာလမှာတော့ သူ့ရဲ့အစိုးရအဖွဲ့ဟာ အာဖဂန်နစ္စတန်မှာ တပ်ဖွဲ့ဝင် ၃၀၀၀ လောက် တပ်ဖြန့်ချထားဖို့ကြေညာခဲ့ပါတယ်။ အားလုံးလည်း အံ့အားသင့်သွားပါတယ်။ ထရမ့်ကတော့ မြေပြင်လက်ရှိအခြေအနေကိုကြည့်ပြီး ဒီလိုဆုံးဖြတ်လိုက်ရတာပါလို့ ပြောပါတယ်။ ဒီလိုပါပဲ ဆီးရီးယားမှာ အမေရိကန်ဦးဆောင်တဲ့ မဟာမိတ်တပ်တွေဟာ ဆီးရီးယားကာ့ဒ်တွေ၊ အာရပ်တိုက်ခိုက်ရေးသမားတွေနဲ့အတူ ပေါင်းပြီး အိုင်အက်စ်တွေကို ဦးဆောင်နှိမ်နင်းခဲ့ပါတယ်။ ၂၀၁၈ ဒီဇင်ဘာလကို ရောက်တဲ့အခါမှာတော့ သမ္မတ ထရမ့်ဟာ ဆီးရီးယားက အမေရိကန်တပ်ဖွဲ့ဝင်တွေအားလုံးကို ပြန်ခေါ်ဖို့ အမိန့်ပေးခဲ့ပါတယ်။ အဲဒီလိုအမိန့်ပေးပြီးနောက်တစ်နေ့မှာတော့ အာဖဂန်နစ္စတန်မှာရှိတဲ့ အမေရိကန်တပ်ဖွဲ့ဝင် အင်အားကို လျှော့ချခဲ့ပါတယ်။ အရင် ၁၄၀၀၀ လောက် အာဖဂန်ကို စေလွှတ်ထားရာကနေ အခုဆိုရင် ၇၀၀၀ ပဲ ဆက်လက်ထားရှိတော့မှာပါ။ အာဖဂန်နစ္စတန်နိုင်ငံအရေး ကျွမ်းကျင်သူတွေကတော့ အမေရိကန်တပ်တွေ နောက်ဆုတ်သွားတာဟာဆိုရင် တာလီဘန်တွေရဲ့ အောင်ပွဲဖြစ်သွားနိုင်တယ်လို့ သတိပေးထားပါတယ်။ သမ္မတထရမ့်ရဲ့ ဆုံးဖြတ်ချက်အပြီးမှာတော့ အမေရိကန်ကာကွယ်ရေးဝန်ကြီးဂျင်မက်တစ်နဲ့ အိုင်အက်စ် တိုက်ဖျက်ရေး မဟာမိတ်အဖွဲ့ အထူးကိုယ်စားလှယ် ဘရက်မက်ဂါးတို့ နှစ်ဦးသားဟာ ရာထူးကနေ နုတ်ထွက်သွားခဲ့ပါတယ်။ တပ်ဖွဲ့ဝင်တွေ ပြည်တော်ပြန်ဖို့ကိစ္စမှာ အပြည့်အဝအကောင်အထည်မဖော်နိုင်သေးပေမယ့် တစ်စိတ်တစ်ပိုင်းတော့ စတင်အကောင်အထည်ဖော်နေပါပြီ။

### ကုန်သွယ်ရေးစာချုပ်များ

မစ္စတာထရမ့်ဟာ သမ္မတဖြစ်မလာခင်က နာဖ်တာကုန်သွယ်ရေးစာချုပ်ကိုလည်း ကပ်ဆိုးတစ်ခုလို့ ခေါ်ဝေါ်ခဲ့ပြီး TPP စာချုပ်ကိုလည်း ဒီထက်ပိုပြီးဆိုးရွားမလာခင် ရပ်တန့်သင့်တယ်လို့ပြောခဲ့ပါတယ်။ သူသမ္မတဖြစ်လာတဲ့အခါမှာတော့ Trans Pacific Partnership (TPP)ကနေ နုတ်ထွက်ဖို့ဆက်လက်လုပ်ဆောင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း နောက်ပိုင်းမှာတော့ တကယ်လို့များ ပိုမိုကောင်းမွန်တဲ့ စာချုပ်တစ်ခုဖြစ်လာခဲ့ရင် TPP စာချုပ်ကို ပြန်ဝင်ဖို့စဉ်းစားမယ်ဆိုပြီး ပြောခဲ့ပါတယ်။ နိုဝင်ဘာ ၃၀ ရက်မှာတော့ နာဖ်တာစာချုပ်နေရာမှာ အစားထိုးဖို့ အမေရိကန်၊ ကနေဒါနဲ့ မက္ကဆီကို သုံးနိုင်ငံပေါင်းပြီး သဘောတူညီမှုပြုလုပ်ခဲ့ပါတယ်။ ဒါပေမယ့် အခုအချိန်ထိတော့ လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပေးဖို့လိုအပ်နေဆဲပါ။ တစ်ချိန်တည်းမှာပဲ အမေရိကန်နဲ့ တရုတ်တို့ရဲ့ ကုန်သွယ်ရေးစစ်ပွဲဟာလည်း ပြင်းထန်လာပါတယ်။ နှစ်ဖက်စလုံးက ကုန်ပစ္စည်းတွေ အပြန်အလှန်အခွန်စည်းကြပ်မှု တွေ ပြုလုပ်လာပါတယ်။ ဒီဇင်ဘာလအတွင်းမှာတော့ နှစ်ဖက်စလုံးဟာ အခွန်တင်းကျပ်မှုတွေကို ရက်ပေါင်း ၉၀ ကြာ ရပ်ဆိုင်းထားမယ်လို့ သဘောတူခဲ့ကြပါတယ်။

ထရမ့်ကတော့ လိုအပ်လာရင် အခွန်စည်းကြပ်မှုတွေ ပိုမိုလုပ်ဆောင်မယ်လို့ ဆက်လက်ခြိမ်းခြောက်ဆဲပါပဲ။ ဒါကလည်း ထရမ့်အနေနဲ့ ကုန်သွယ်ရေးစာချုပ်တွေနဲ့ပတ်သက်ပြီး အပြည့်အဝမဟုတ်ပေမယ့် တစ်စိတ်တစ်ပိုင်း အကောင်အထည်ဖော်မှုတွေပါပဲ။

### မူဆလင်များအပေါ်ပိတ်ပင်ခြင်း

ထရမ့်ဟာ သူသမ္မတမဖြစ်ခင်ကတည်းက မူဆလင်တွေ အမေရိကန်နိုင်ငံအတွင်း ဝင်ရောက်လာတာကို တားမြစ်မယ်လို့ ကတိပေးခဲ့ပါတယ်။ သမ္မတဖြစ်လာတဲ့အခါမှာလည်း ခရီးသွားလာခွင့် ပိတ်ပင်မှုအမျိုးအစား နှစ်ရပ်ကို မိတ်ဆက်ခဲ့ပြီး တရားရုံးတွေမှာလည်း ရှုပ်ထွေးမှုတွေဖြစ်လာပါတယ်။ အမေရိကန်တရားရုံးချုပ်က သမ္မတထရမ့်ရဲ့ မူဆလင်နိုင်ငံခြောက်နိုင်ငံအပေါ် ခရီးသွားလာခွင့်ပိတ်ပင်မှုကို ကြေညာခဲ့ပါတယ်။ ချာ့ဒ်၊ ယီမင်၊ အီရန်၊ လစ်ဗျား၊ ဆိုမာလီ၊ ဆီးရီးယားနဲ့ ယီမင်နိုင်ငံသားတို့ဟာ အမေရိကန်အတွင်း ဝင်ရောက်ခွင့်ကို ပိတ်ပင်ခံရပါတယ်။

### တရားမဝင် ရွှေ့ပြောင်း နေထိုင်သူများကို နေရပ်ပြန်ပို့

မစ္စတာ ထရမ့်ဟာ အမေရိကန်နိုင်ငံအတွင်း အထောက်အထားမဲ့ ရွှေ့ပြောင်းအခြေချနေထိုင်သူ ခန့်မှန်းခြေအားဖြင့် ၁၁ ဒသမ ၃သန်းခန့်ရှိပြီး အဲဒီသူတွေဟာ အမေရိကန်ကနေ ထွက်ခွာသွားရမယ်လို့ သူ့ရဲ့ထောက်ခံသူတွေကို ပြောခဲ့ပါတယ်။ သူတကယ်တမ်း သမ္မတဖြစ်လာတဲ့အခါမှာလည်း အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူတွေကို နေရပ်ပြန်ပို့တာတွေ လုပ်ဆောင်ခဲ့ပါတယ်။

### သံရုံးရွှေ့ပြောင်း

နောက်တစ်ခုကတော့ တဲလ်အဗစ်မြို့က အမေရိကန်သံရုံးကို ဂျေရုဆလင်မြို့ကို ပြောင်းရွှေ့လိုက်တာပါ။ ဒါဟာလည်း သူ့ရွေးကောက်ပွဲကာလ မဲဆွယ်စဉ်ကတည်းက ပေးခဲ့တဲ့ကတိပါ။ တကယ်တမ်း သမ္မတဖြစ်လာတဲ့အခါမှာလည်း အစ္စရေးနဲ့ ပါလက်စတိုင်းတို့နှစ်ပိုင်းခွဲပြီး သူပိုင်တယ်၊ ငါပိုင်တယ်ဖြစ်နေတဲ့ ဂျေရုဆလင်ကို အစ္စရေးနိုင်ငံရဲ့ မြို့တော်အဖြစ် အသိအမှတ်ပြုပြီး အမေရိကန်သံရုံးကို ရွှေ့ပြောင်းခဲ့ပါတယ်။ ဒါတွေအားလုံးကတော့ သမ္မတထရမ့် မဲဆွယ်စဉ်ကာလကတည်းက ပေးခဲ့တဲ့ကတိတွေကို အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းအားဖြင့်သော်လည်းကောင်း ဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့တာတွေပဲ ဖြစ်ပါတယ်။ ။

**ကိုးကား - ဘီဘီစီ**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မိတ္ထီလာဒေသခံတောင်သူ ၅၁၆ ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်ပွဲသို့ တက်ရောက်

**မိတ္ထီလာ ဒီဇင်ဘာ ၂၆**

မိတ္ထီလာမြို့နယ် ကျေးရွာအုပ်စု ၃၃ စုမှ ဒေသခံတောင်သူ ၅၁၆ ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ပေးအပ်ပွဲကို ယနေ့ နံနက်က ကန်တော်မင်္ဂလာခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်ပေးအပ်ကြောင်း သိရသည်။

အဆိုပါပေးအပ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၃ အုပ်စု တောင်သူပေါင်း ၅၁၆ ဦး၊ ဦးပိုင်ပေါင်း ၆၁၁ ခု လယ်ယာမြေ စုစုပေါင်း ၆၉၁ ဒသမ ၇၄ ဧကတို့ကို ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ (၆) နှင့် အညီ စိစစ်ပြီးဖြစ်၍ လယ်ယာမြေနည်းဥပဒေ ၁၄ (က) အရ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) များ ယခုကဲ့သို့ ပေးအပ်ခြင်းဖြစ်ကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်မှ ခံစားပိုင်ခွင့် အကျိုးအမြတ်များကို ခံစားပိုင်ခွင့်၊ လယ်ယာမြေအားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချပေါင်နှံငှားရမ်းလဲလှယ်ပေးကမ်းခွင့်ရှိကြောင်း၊ လယ်ယာမြေတွင် နိုင်ငံခြားသား (သို့မဟုတ်) နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်စသည့်အကျိုးကျေးဇူးများကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိသည့် ဒေသခံတောင်သူများ ခံစားနိုင်မည်ဖြစ်ကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိသည့် တောင်သူများကလည်း မိသားစု လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ရိုးသားကြိုးစားလုပ်ကိုင်၍ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးပြီး အရည်အသွေး အဆင့်အတန်းမြင့်မားသည့် သီးနှံများကို အထွက်နှုန်း ပိုမိုတိုးတက်မြင့်မားအောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်စု ၃၃ အုပ်စု ဦးပိုင်ပေါင်း ၆၁၁ ခု၊ လယ်ယာမြေစုစုပေါင်း ၆၉၁ ဒသမ ၇၄ ဧကအတွက် ဒေသခံတောင်သူ ၅၁၆ ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) များကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ မိတ္ထီလာခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်တို့က အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



# မော်လမြိုင်၌ ပြည်နယ်ဥပဒေချုပ်ရုံးနှင့် အရာထမ်းအိမ်ရာ တည်ဆောက်ရေး ပန္နက်တော်တင်မင်္ဂလာ ကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၂၆**

မွန်ပြည်နယ်ဥပဒေချုပ်ရုံးနှင့် အရာထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်း၏ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်က မော်လမြိုင်မြို့ မောင်ငံရပ်ကွက် တောင်ဝိုင်းလမ်း အကွက်အမှတ် (၇၂)၊ ဦးပိုင်အမှတ် (၁၂/ဏ) ၌ ကျင်းပသည်။

ယင်းအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပန္နက်တိုင် (၁) ကိုလည်းကောင်း၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဒေါ်တင်အိက ပန္နက်တိုင် (၂) ကိုလည်းကောင်း၊ ပန္နက်တိုင် (၃/၄/၅/၆/၇/၈/၉) ကိုပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်တို့ကလည်းကောင်း စိုက်ထူကြပြီး **(ယာပုံ)** ပန္နက်တိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကြသည်။

အဆိုပါ မွန်ပြည်နယ်ဥပဒေချုပ်ရုံး သုံးထပ် အာရ်စီ တစ်လုံးနှင့် အရာထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ် အာရ်စီ တစ်လုံးကို ငွေကျပ် သိန်းပေါင်း ၅၅၀၀ ဖြင့် စုန်ရေဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က တာဝန်ယူဆောက်လုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# ကယားပြည်နယ်ဝန်ကြီးချုပ် ဒေါတချကျေးရွာ ခရစ္စမတ်ပွဲတော်နှင့် လူထုတွေ့ဆုံပွဲသို့ တက်ရောက်

**ဒီးမော့ဆို ဒီဇင်ဘာ ၂၆**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဒေါတမကြီးကျေးရွာအုပ်စု ဒေါတချကျေးရွာတွင် ယမန်နေ့က ကျင်းပသော ခရစ္စမတ်ပွဲတော်နှင့် လူထုတွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ လွှတ်တော် (၃) ရပ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေါတဒါတိုက်နယ်အတွင်းရှိ ခရစ်ယာန်ဘာသာဝင်များနှင့် ဒေသခံများ တက်ရောက်ကြကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ခရစ္စမတ်ပွဲတော်များကို ပြည်နယ်အတွင်းရှိ မြို့နယ်များ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး မြို့ပေါ်တွင်သာ အလေးထားဆောင်ရွက်နေခြင်း မဟုတ်ဘဲ ကျေးရွာအစွန်အဖျားထိ အလေးထားလျက်ရှိကြောင်း၊ အစိုးရ၊ လွှတ်တော်၊ ပြည်သူများ ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် တွေ့ဆုံပွဲကိုလည်း ကျင်းပခြင်းဖြစ်ကြောင်း၊ ကျေးရွာပြည်သူများကလည်း မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ပွင့်ပွင့်လင်းလင်း တင်ပြကြရန်နှင့် တင်ပြချက်အပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများက ကျေးရွာအတွက် သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေး၊ ဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်ပေးနိုင်ရေး၊ ကျေးရွာစာသင်ကျောင်းများ ဆောက်လုပ်ပေးနိုင်ရေး၊ ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ပေးနိုင်ရေး စသည့်အချက်များကို တင်ပြကြပြီး သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ပေးမည့် အစီအမံများကို ပြန်လည်ရှင်းလင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည့် လူငယ်မောင်မယ်များကို ငွေကျပ် တစ်သိန်း၊ ခရစ္စမတ်သီချင်း သီဆိုဖြေဖျော်ခဲ့သည့် အဖွဲ့အတွက် ငွေကျပ် နှစ်သိန်း၊ ဒေါတချကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် အားကစားပစ္စည်း ဝယ်ယူရန် ငွေကျပ် တစ်သိန်း၊ ခရစ္စမတ်ပွဲတော်ကျင်းပရေးအတွက် ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**




**ရီရယ် (ဒီးမော့ဆို)**

# ကရင်ပြည်နယ်၌ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည်

**ဘားအံ ဒီဇင်ဘာ ၂၆**

ကရင်ပြည်နယ်အတွင်း သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ် သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဖွဲ့စည်းကာ ဆောင်ရွက်သွားမည်ဖြစ်ရာ ဒီဇင်ဘာ ၂၄ ရက်က ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန သင်တန်းခန်းမ၌ အသင်းဖွဲ့စည်းခြင်းအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က ကရင်ပြည်နယ်၌ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်အမည်စုံ စိုက်ပျိုးဖြစ်ထွန်းသောကြောင့် တစ်ပြည်နယ်လုံး စိုက်ပျိုးကြသော်လည်း စီးပွားဖြစ် စိုက်ပျိုးခြံကြီးများ မတွေ့ရကြောင်း၊ စနစ်တကျ စိုက်ပျိုးကာ အရည်အသွေးပြည့်မီသော သီးနှံများထုတ်လုပ်နိုင်လျှင် ပြည်နယ်တွင်း မှ စိုက်ပျိုးသူတောင်သူများ ဝင်ငွေတိုးတက်ရရှိစေမည်ဖြစ်ကြောင်း၊ ဒေသအတွင်း အရသာမျိုးစုံရှိသည့် မျိုးရင်းကောင်း ဒူးရင်းသီး၊ မင်းကွတ်သီးများမှာ နိုင်ငံတကာ ဈေးကွက်တွင် ဝယ်လိုအားရှိပြီး ပြည်ပတင်ပို့နိုင်သော အရည်အသွေးပြည့်ဝသဖြင့် တိုးချဲ့တင်ပို့နိုင်ရေးနှင့် အိမ်နီးချင်းနိုင်ငံများထက် သာလွန်သည့် ထုပ်ပိုးမှု၊ စိတ်ကူး စိတ်သန်းများ၊ ဈေးကွက်ရှာဖွေမှုများကို ကြံဆစဉ်းစား ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ကြောင့် ခိုင်မာသည့် အသင်းအဖွဲ့များဖြင့် ဖွဲ့စည်းဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က အသင်းအဖွဲ့ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်သူက အသင်းအဖွဲ့၏ စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်း ပြောကြားသည်။

"ကျွန်တော်တို့ ဆိုင်က ကျွဲကောသီး၊ မာလကာသီး၊ စပျစ်သီး၊ ကြက်မောက်သီး၊ ဒူးရင်းသီး၊ မင်းကွတ်သီး၊ လိမ္မော်သီး၊ ငှက်ပျောသီး စတာတွေကို အဓိကထား ရောင်းပါတယ်။ ဈေးကွက်ကတော့ ရောင်းရပါတယ်။ ယူရောင်းတာကတော့ ပြည်နယ်အတွင်းမှာ ကျွဲကောသီး၊ မာလကာသီးတွေကို ရာသီအလိုက် ဝယ်ရောင်းပါတယ်။ မော်လမြိုင်ကလည်း ယူရောင်းပါတယ်။ ထိုင်းကလာတဲ့ သီးနှံတွေကတော့ ရာသီချိန်မဟုတ်လည်း ရနေတာတွေ့ရတယ်။ ကွာခြားတာက ဒေသအသီးတွေက ကျစ်ကျစ်လျစ်လျစ်နဲ့ အရသာရှိတယ်။ ဘာပဲပြောပြော ကိုယ့်ဆိုင်မှာ သီးနှံစုံအောင်တော့ တင်ထားရတာပေါ့" ဟု သစ်သီးဆိုင်ဖွင့်ရောင်းချသူ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းက ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုချက်ဖြင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းကာ ပြည်နယ်အတွင်းရှိ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစိုက်ပျိုးသူ တောင်သူများနှင့် တွေ့ဆုံ၍ အသင်းဖွဲ့စည်းကာ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

# ကျောက်ဆည်မြို့ပေါ်ရပ်ကွက်များတွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာသုံးလုံး တိုးချဲ့တပ်ဆင်

**ကျောက်ဆည် ဒီဇင်ဘာ ၂၆**

ကျောက်ဆည်မြို့သည် ရပ်ကွက်ကြီး ၁၀ ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပြီး လူဦးရေ ထူထပ်သောမြို့တစ်မြို့ဖြစ်ကာ လျှပ်စစ်မီးသုံးစွဲမှုလည်း များပြားသောကြောင့်၊ လျှပ်စစ်မီးလုံလောက်စွာ၊ သုံးစွဲနိုင်ရေးအတွက် မီးလိုအပ်သောရပ်ကွက်များတွင် ၁၁/၀ ဒသမ ၄ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်ပေးလျက်ရှိကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

ထိုသို့ ထရန်စဖော်မာအသစ်များ တိုးချဲ့ပေးသော ရပ်ကွက်များမှာ ရဲစုရပ်ကွက်၊ မင်းရပ်ရပ်ကွက်နှင့် ဘင်စုရပ်ကွက်တို့ဖြစ်၍ ယခင်က ရဲစုရပ်ကွက်တွင် ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ မင်းရပ်ရပ်ကွက်တွင် နှစ်လုံး၊ ဘင်စုရပ်ကွက်တွင် တစ်လုံးရှိကာ ယခုအခါ လူဦးရေထူထပ်ပြီး လျှပ်စစ်မီးသုံးစွဲမှု ပိုမိုများလာသောကြောင့် ပြည်ထောင်စုငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုငွေဖြင့် တစ်ရပ်ကွက်လျှင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးစီ ထပ်မံတပ်ဆင်ပေးခဲ့ကြောင်း သိရသည်။



လျှပ်စစ်မီးဖြင့် အသေးစားစီးပွားရေးလုပ်ကိုင်နေသော မင်းရပ်ရပ်ကွက်နေ ဦးထွန်းမင်းက “အရင်က လျှပ်စစ်မီးသုံးစွဲရတာ မီးအားမနိုင်တာတွေ၊ မီးမငြိမ်တာတွေရှိတော့ အလုပ်လုပ်ရတာ အခက်အခဲတွေ ရှိခဲ့တယ်။ အခုတော့ လျှပ်စစ်ဌာနက ကျွန်တော်တို့ရပ်ကွက်မှာ ၂၀၀ ကေဗွီအေထရန်စဖော်မာအသစ် နှစ်လုံး ထပ်မံတပ်ဆင်ပေးတော့ လုပ်ငန်းလုပ်ရာမှာ အဆင်ပြေပါတယ်” ဟု ပြောသည်။

ထို့အပြင် မြို့နယ်လျှပ်စစ်ရုံးမှ လျှပ်စစ်ပို့လွှတ်ရာတွင် ဓာတ်အားဆုံးရှုံးမှုများ လျော့နည်းပပျောက်စေရေးအတွက် ကျောက်ဆည်-ရွှေသိမ်တော်၊ ကျောက်ဆည်-ဖွဲ့နုဆီစက်၊ ကျောက်ဆည်-မြစ်သား၊ ကျောက်ဆည်-ဟံမြင့်မိုရ်တို့တွင် သွယ်တန်းထားသော ၁၁ ကေဗွီဓာတ်အားလိုင်း ခြောက်မိုင်အရှည်ကိုလည်း တိုးချဲ့တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# တီးတိန်ဒေသထွက် သဘာဝအရသာရှိ ရွှေဖီ-ရွက်သစ်လက်ဖက်ခြောက်များ ကလေးမြို့ဈေးကွက်သို့ ပိဿာချိန်ထောင်ချီတင်ပို့

**တီးတိန် ဒီဇင်ဘာ ၂၆**

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း စိုက်ပျိုးသည့် လက်ဖက်ခင်းများမှ သဘာဝအရသာရှိ လက်ဖက်ခြောက်များ နိုဝင်ဘာလဆန်းပိုင်းမှစတင်၍ လှိုင်လှိုင်ထွက်ရှိနေပြီး ကလေးမြို့ ဈေးကွက်သို့ ရွှေဖီ- ရွက်သစ်လက်ဖက်ခြောက် ပိဿာ ချိန်ထောင်ချီ တင်ပို့ရောင်းချနေပြီဖြစ်ကြောင်း ကလေးမြို့သဇင်ရပ်ကွက်နေ ချင်းတောင်လက်ဖက်ခြောက်ရောင်းဝယ်ရေးလုပ်ငန်းမှ သိရသည်။



ချင်းတောင်လက်ဖက်ခြောက်ကို တီးတိန်မြို့နယ် မွာလ်ဇန်၊ ထန်စန်၊ တွီးဗျားလ်၊ ဒေါလ်လွင်၊ ဆွောင်းဒွေါ့ကျေးရွာများတွင် လက်ဖက်ပင်စိုက်ပျိုးမှုများပြားပြီး နှစ်စဉ်ကလေးဒေသသို့ လက်ဖက်ခြောက်ပိဿာချိန်ထောင်ချီ တင်ပို့ရောင်းချမှုရှိရာ ကလေးမြို့နယ် ရှားဖို၊ ကျောက်ပြုတ်၊ တင်သား၊ ကံပုလဲ၊ ကျောင်းတိုက်၊ ဆည်တော်ဦး ကျေးရွာများ၊ ကလေးဈေးကွက်မှတစ်ဆင့် ပခုက္ကူ၊ မုံရွာနှင့် ဂန့်ဂေါနယ် နှမ်းခါး၊ မွေ့လယ်ကျေးရွာများသို့ တင်ပို့ရောင်းချကြကာ ယခုရက်ပိုင်း ချင်းတောင်ထွက် ရွှေဖီ - ရွက်သစ် လက်ဖက်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၊ လက်ဖက်အဖန် လှော်ခြောက် ငွေကျပ် ၁၀၀၀၀၊ လက်ဖက်အချို ငွေကျပ် ၆၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

“ တီးတိန်မြို့နယ်ထဲမှာ အရင်က လက်ဖက်စိုက်ခင်းဧက သောင်းချီရှိခဲ့ပါတယ်။ ဒါပေမယ့် အခက်အခဲ အမျိုးမျိုးတွေကြောင့် အခုတော့ ဧကထောင်ချီလောက်ပဲ ရှိပါတော့တယ်။ ဖလမ်း၊ ဟားခါး၊ မင်းတပ်ဒေသတွေမှာလည်း လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု ရှိတော့ရှိတယ်။ လက်ဖက်စိုက်ခင်းတွေ ရှိပေမယ့်လည်း ဈေးကွက်တင်ပို့ရောင်းချနိုင်တဲ့ အနေအထား မရှိပါဘူး။ တီးတိန်နယ်လောက်တော့ မများဘူး။ နှစ်တိုင်းလည်း လက်ဖက်အကြမ်းခြောက် ထွက်ရှိပါတယ်။ လက်ဖက်အချိုခြောက် လုပ်ငန်းနဲ့ လက်ဖက်စိုလုပ်ငန်းကတော့ နည်းပညာလိုအပ်ချက်အရ ထုတ်လုပ်ရောင်းချနိုင်မှု နည်းပါးပါသေးတယ်။ လက်ဖက်ကို မတ် ၁၀ ရက်နဲ့ ဧပြီ ၁၀ ရက်အတွင်းခူးရင် အကောင်းဆုံးဖြစ်ပါတယ်” ဟု ဆွောင်းဒွေါ့ကျေးရွာ လက်ဖက်စိုက်ခင်းပိုင်ရှင် ဦးကျင်ဇာပုမ်းက ပြောသည်။

ချင်းပြည်နယ်မြောက်ပိုင်း ဖလမ်းမြို့နယ်နှင့် တီးတိန်မြို့နယ်တို့တွင် ယခင်ဘိုးဘွားစဉ်ဆက် ကတည်းကပင် လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြရာ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်ကာလက လက်ဖက်စိုက်ဧက သောင်းချီဖြစ်လာစေရန် ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဟု စီမံကိန်းတစ်ရပ်အဖြစ် တွန်းအားပေးအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော်လည်း နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ လက်ဖက်ခြံပြုပြင်ရေးနှင့် ထွက်ရှိလာသည့် လက်ဖက်များအတွက် အရင်းအနှီးများ လိုအပ်ချက်များနှင့် ဈေးကွက်လိုအပ်ချက်များကြောင့် လက်ဖက်စိုက်တောင်သူများ အခက်အခဲမျိုးစုံကြုံတွေ့ခဲ့ပြီး တီးတိန်မြို့နယ်၌သာ လက်ဖက်ခြောက်အများဆုံး အောင်မြင်ဖြစ်ထွန်းခဲ့ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ဘူးသီးတောင်မြို့၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု တစ်လုံးထိုးအင်ဂျင်စက်ပြင်သင်တန်းဆင်း

**ဘူးသီးတောင် ဒီဇင်ဘာ ၂၆**

ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ကျေးလက်ဒေသအသက်မွေးဝမ်းကျောင်း အထောက်အကူပြု တစ်လုံးထိုးအင်ဂျင်စက်ပြင် သင်တန်းဆင်းပွဲကို ဒီဇင်ဘာတတိယပတ်က ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာရန် ရည်ရွယ်ကာ ကျင်းပသော အဆိုပါသင်တန်းတွင် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာများ မှ သင်တန်းသား ၂၅ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၈ ရက်မှ ၂၁ ရက်အထိ ကြာမြင့်ခဲ့ကြောင်း၊ သင်တန်းနည်းပြဆရာသုံးဦးက စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

မိမိတို့ဒေသတွင် ယခုလို အသက်မွေးဝမ်းကျောင်း အထောက်အကူပြု တစ်လုံးထိုးအင်ဂျင်စက်ပြင်သင်တန်းဖွင့်လှစ်ပေးခဲ့သည့်အတွက် ဝမ်းသာမိပါကြောင်း၊ ကြိုးစား၍ လေ့လာသင်ယူပါကြောင်း၊ ရရှိလာသည့်နည်းပညာများကို နည်းစနစ်မှန်ကန်စွာဖြင့် လက်တွေ့အသုံးချသွားမည်ဖြစ်ကြောင်း ဘူးသီးတောင်မြို့နယ် ပြင်ရှည်ကျေးရွာမှ သင်တန်းသား ကိုမောင်ဦးကျော်က ပြောသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၆-၁၂-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၉၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၉၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၉၀/၉၂၀ ကျပ် | ၉၂၀/၉၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၀/၉၃၀ ကျပ် | ၉၃၅/၉၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၉၅/၇၅၀ ကျပ် | ၇၈၀/၈၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၀၀/၈၂၅ ကျပ် | ၈၆၀/၈၆၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၆၆ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၈၅ ・ ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၄၁ ・ ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၈၇ ・ ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၁၅ ・ ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၀၄ ・ ၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၇ ・ ၃၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ ・ ၃၅၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၉ ・ ဝ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၄ ・ ၈၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ဝ၅၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | |
|---|---|
| **စာတည်းမှူးချုပ်** | - အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - ဝင်းကျော် |
| **စာတည်းမှူး** | - မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



# စစ်ပြီးသော်လည်း ခြောက်လှန့်ဆဲမို့ . . .

**သိပ္ပံစာရေးဆရာကိုကိုအောင်**



### စစ်ပွဲဟူသည်

ကမ္ဘာ့ဒေသအသီးသီးတွင် အယူအဆမတူသူများအကြား၌သော်လည်းကောင်း၊ ခံယူချက်မတူသူများအကြား၌သော်လည်းကောင်း၊ နိုင်ငံရေးအမြင်မတူသူများအကြား၌ သော်လည်းကောင်း၊ စစ်ပွဲများဖြစ်ပွားလေ့ရှိကြသည်။ တစ်ခါတစ်ရံ၌မူ အင်အားကြီးသူတို့က အင်အားနည်းသူတို့အပေါ် နိုင်လိုမင်းထက်ပြုမူလိုကြခြင်းနှင့် တစ်ပါးသူတို့၏နယ်မြေဒေသများကို လက်ဝါးကြီးအုပ် ခြယ်လှယ်ကြီးစိုးလိုကြခြင်းတို့၏ သရုပ်သကန်များအဖြစ်လည်း စစ်ပွဲများကို မြင်တွေ့ရနိုင်သည်။ ထူးခြားဖြစ်စဉ်များအနေဖြင့်မူ နိုင်ငံနယ်နိမိတ်အငြင်းပွားရာမျိုးမှတစ်ဆင့် စစ်ပွဲအသွင်ဆောင်လာခဲ့သည်များကိုလည်း တွေ့ရှိနိုင်သည်။

သက်ဦးဆံပိုင်ပဒေသရာဇ်တို့ အုပ်စိုးမင်းမူခဲ့သော ခေတ်ကာလများကမူ နိုင်ငံ့ဦးသျှောင်အရှင်သခင်အချို့က မိဖုရားတစ်ပါးအတွက် နိုင်ငံသားတို့၏အသက်အိုးအိမ်တို့ကိုစတေးကာ စစ်ပွဲများအဖြစ် ဖန်တီးတိုက်ခိုက်စေခဲ့သည်များကိုလည်း ကမ္ဘာ့သမိုင်းစာမျက်နှာများပေါ်၌ အထင်အရှား လေ့လာတွေ့ရှိနိုင်သည်။ နိုင်ငံနှင့်လူမျိုးလွတ်မြောက်ရေးအတွက် အသက်စွန့်တိုက်ခိုက်သော စစ်ပွဲများသည် သူ့ကျွန်ဘဝက လွတ်မြောက်လိုသော မျိုးချစ်သူရဲကောင်းတို့၏ ဂုဏ်ယူဖွယ်ရာဖြစ်ပြီး သူတစ်ပါးနိုင်ငံနှင့် နယ်မြေဒေသကို ကျူးကျော်နယ်ချဲ့လိုသောသဘောဖြင့် စစ်ပွဲဆင်နွှဲသူများ၏ စစ်ဆင်ရေးသည်ကား စက်ဆုပ်ရွံရှာဖွယ်လုပ်ရပ်များအဖြစ် ကမ္ဘာ့သမိုင်း၌ မှတ်တမ်းတင်ကျန်နေခဲ့မည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ အချစ်နှင့်စစ်မှာ မတရားသည်မရှိဆိုသော လူ့လောကဆိုရိုးစကားကိုလည်း ပစ်ပယ်၍မရနိုင်ချေ။ ချစ်ခြင်းမေတ္တာနှင့် ပတ်သက်လာလျှင် ရယူပိုင်ဆိုင်လိုသူများကြောင့် စွန့်လွှတ်အနစ်နာခံရသူများ ရှိလာရသလို စစ်ပွဲနှင့်ပတ်သက်လာလျှင်လည်း အင်အားမမျှသောကြောင့် မတရားသဖြင့်အနိုင်လိုချင်သူများကို အမှန်တရားလက်ကိုင်ပြုထားသူများက အရှုံးပေးလိုက်ရသည်များလည်း ရှိနေသည်။

### စစ်ပွဲနှင့် လက်နက်များ

ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်ကြီးကြောင့် ကမ္ဘာ့ဒေသအတော်များများတွင် ခံစားခဲ့ကြရသော လူမှုဒုက္ခအပေါင်းကို သင်ခန်းစာရယူလျက် စစ်တားဆီးရေးနှင့် ငြိမ်းချမ်းမှုတည်ဆောက်ရေးတို့အတွက် နိုင်ငံအများအပြားပါဝင်သော နိုင်ငံပေါင်းချုပ်အသင်းကြီးကို ဖွဲ့စည်းခဲ့ကြသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် နိုင်ငံအချင်းချင်း တန်းတူရည်တူရှိရေး၊ စစ်ကိုရှောင်ရှားပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးတို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထိုသို့သော ကြိုးပမ်းမှုများကြောင့် ယနေ့အချိန်ကာလအထိ တတိယကမ္ဘာစစ်ကြီးဟူ၍ ဖြစ်ပွားမလာခဲ့သေးသော်လည်း၊ ဒေသတွင်းစစ်ပွဲများ၊ ပြည်တွင်းစစ်ပွဲများသည်ကား နေ့စဉ်လိုလို ဖြစ်ပွားနေဆဲပင်ဖြစ်သည်။

စစ်ပွဲတစ်ရပ်ဖြစ်ပွားလာခဲ့ပြီဆိုလျှင် တတ်နိုင်သမျှ ရနိုင်သမျှသော ခေတ်မီလက်နက်မျိုးစုံတို့ကို သုံးစွဲလေ့ရှိကြသည်။ ရင်ဆိုင်တိုက်ပွဲများအတွက် လက်နက်ကြီး၊ လက်နက်ငယ်များကို သုံးစွဲကြသလို နိုင်ငံဖြတ်ကျော်စစ်ပွဲများအတွက် မြေပြင်မှမြေပြင်ပစ် ဒုံးကျည်များနှင့် မြေပြင်မှ ဝေဟင်ပစ် ဒုံးလက်နက်များကိုလည်း အသုံးပြုလျက်ရှိကြသည်။ ထိုသို့ အသုံးပြုခဲ့ကြသော စစ်လက်နက်မျိုးစုံတို့၏ လုပ်ငန်းတာဝန်မှာ စစ်ပွဲပြီးဆုံးခြင်းနှင့်အတူ တစ်ပါတည်း အဆုံးသတ်သွားရသည်။

### မြေမြှုပ်မိုင်းများ

ပစ်ခတ်တိုက်ခိုက်ခဲ့သောလက်နက်များ၏ အခန်းကဏ္ဍက ပြီးဆုံးသွားသောစစ်ပွဲနှင့်အတူ နိဂုံးကမွတ်အဆုံးသတ်သွားပြီဖြစ်သော်လည်း စစ်အေးခေတ်ကာလသို့ ရောက်ရှိလာသည့်တိုင် ဆက်လက်တိုက်ခိုက်နေသော လက်နက်တစ်မျိုးကတော့ ရှိနေဆဲ၊ လှုပ်ရှားနေဆဲ၊ သတ်ဖြတ်နေဆဲဖြစ်သည်။ ထိုလက်နက်သည်ကား Landmines ခေါ် မြေမြှုပ်မိုင်းများပင် ဖြစ်သည်။

ကိုယ့်နယ်မြေသို့ ကျူးကျော်ဝင်ရောက်လာမည့် ရန်သူများကို အထိရောက်ဆုံး ဟန့်တားနှောင့်ယှက်နိုင်ရန်၊ စစ်ပွဲဖြစ်ပွားရာနယ်မြေအတွင်းသို့ ချင်းနင်းဝင်ရောက်လာသော ရန်သူများကို အင်အားချည့်သွားစေရန်၊ အင်အားမမျှတမှုကြောင့် ခံစစ်ဖြင့်တိုက်နေရစဉ်အတွင်း စစ်ကူရောက်မလာမီ မိမိ၏ခြေကုပ်စခန်းမကျဆုံးစေရန် စသော ရည်ရွယ်ချက်များဖြင့် မြေမြှုပ်မိုင်းများကို အသုံးပြုခဲ့ကြသည်။

ရိုးရှင်းစွာတည်ဆောက်ထားသော မြေမြှုပ်မိုင်းများကို အကောင်းဆုံးသောသက်တော်စောင့်များအဖြစ် စစ်ဗျူဟာရှင်တို့က ယုံကြည်ကြသည်။ ယုံကြည်သည့်အတိုင်းလည်း ကမ္ဘာ့ဒေသအသီးသီးရှိ စစ်ပွဲများ၌ မြေမြှုပ်မိုင်းများကို အမြောက်အမြား အသုံးပြုခဲ့ကြသည်။ စစ်ပွဲတစ်ပွဲ၏အနိုင်အရှုံးကို မြေမြှုပ်မိုင်းများက အဆုံးအဖြတ်မပေးနိုင်သော်လည်း၊ ကြားဖြတ်ဟန့်တားနှောင့်ယှက်လိုမှုအတွက်ကိုမူ မြေမြှုပ်မိုင်းများက အထိရောက်ဆုံး စွမ်းဆောင်ပေးနိုင်ခဲ့သည်။

### မပြီးဆုံးသေးသော လက်နက်

စစ်ပွဲများပြီးဆုံးသွားသည့်အခါ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြသောတပ်ဖွဲ့များက ကိုယ့်နေရာအသီးသီးသို့ ပြန်သွားခဲ့ကြသော်လည်း မြေမြှုပ်မိုင်းများကမူ စစ်ဖြစ်ခဲ့ရာနေရာ၌ပင် ကျန်နေခဲ့ကြရသည်။ နှစ်ကာလကြာရှည်လာသောအခါ စစ်ပွဲဖြစ်ပွားခဲ့သည့် နေရာအတိအကျကို သတိမပြုမိကြတော့ပေ။ ဥတုရာသီပြောင်းလဲမှုများသည် စစ်မက်ဖြစ်ပွားခဲ့သော လွင်ပြင်နှင့် တောင်ကုန်းများကို သဘာဝအလျောက်ပေါက်ရောက်သော အပင်များဖြင့် စိမ်းလန်းစိုပြည်လာစေခဲ့သည်။

ဝမ်းရေးအတွက် သစ်ပင်ခုတ်သူများနှင့် အမဲလိုက်သူများမှသည် စိုက်ပျိုးမြေဖော်ထုတ်သူများနှင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်သူများ အထိတို့သည် မြေမြှုပ်မိုင်းများကိုနင်းမိပြီး ဒုက္ခိတဘဝသို့ ရောက်ကြရသည်။ အသက်ဆုံးကြရသည်။ စစ်ပွဲများပြီးဆုံးခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း မြေမြှုပ်မိုင်းများက ဆက်လက်သတ်ဖြတ်နေဆဲ၊ သတ်ဖြတ်ရန် အသင့်ရှိနေဆဲပင် ဖြစ်သည်။

### မြေမြှုပ်မိုင်းကြောင့် ထိခိုက်သေဆုံးမှုများ

ကမ္ဘာ့ဒေသအသီးသီးတွင် သန်းနှင့်ချီသော မြေမြှုပ်မိုင်းများသည် မြေကြီးထဲ၌ရှိနေဆဲဖြစ်ပြီး နှစ်စဉ် လူပေါင်း ၁၅၀၀၀ မှ ၂၀၀၀၀ အထိသည် မြေမြှုပ်မိုင်းများကြောင့် ဒဏ်ရာရခြင်း၊ ကိုယ်လက်အင်္ဂါပျက်စီးခြင်း၊ သေဆုံးခြင်းများ ဖြစ်ပွားလျက်ရှိနေသည်။ ယင်းပမာဏ၏ ၈၀ ရာခိုင်နှုန်းမှာ အရပ်သားများဖြစ်ကြပြီး ယင်းတို့အနက် သုံးပုံတစ်ပုံမှာ အရွယ်မရောက်သေးသော ကလေးသူငယ်များ ဖြစ်ကြသည်။

ကမ္ဘာ့နိုင်ငံပေါင်းတစ်ရာခန့်တွင် မြေမြှုပ်မိုင်းများကြောင့် ထိခိုက်ဒဏ်ရာရမှုသေဆုံးမှုများ ဖြစ်ကြရကြောင်း သုတေသနပြုတွေ့ရှိရပြီး ယင်းတို့အနက် အင်ဂိုလာ၊ ဘူရွန်ဒီ၊ ဘော့စနီးယား၊ ဟာဇီဂိုးဗီးနား၊ ချေချင်းညာ၊ ကိုလံဘီယာ၊ အီရတ်၊ အာဖဂန်နစ္စတန်၊ ကမ္ဘောဒီးယား၊ နီပေါနှင့် သီရိလင်္ကာတို့တွင် အများဆုံးဖြစ်ပွားကြောင်း တွေ့ရှိရသည်။ ထိုနိုင်ငံများထဲတွင် ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားတို့သည် မြေမြှုပ်မိုင်းအကြွင်းအကျန်ပြဿနာ အကြီးမားဆုံးသော နိုင်ငံများဖြစ်ကြသည်။

၁၉၈၀ ပြည့်လွန်နှစ်များအတွင်း၌ ဘော်လ်ကန်ဒေသ၊ အရှေ့အလယ်ပိုင်းဒေသနှင့် အရှေ့တောင်အာရှဒေသများ၌ ဖြစ်ပွားခဲ့သော ပဋိပက္ခများကိုအကြောင်းပြု၍ မြေကြီးထဲ၌ သန်းနှင့်ချီ၍ရှိနေခဲ့သော မြေမြှုပ်မိုင်းများကြောင့် အသုံးပြု၍မရသော မြေနေရာအများအပြားသည် ဒေသဖွံ့ဖြိုးရေးကို အကြီးအကျယ်ခြိမ်းခြောက်လျက် ရှိနေသည်။

### မြေမြှုပ်မိုင်းတားဆီးရေးလှုပ်ရှားမှုအဖွဲ့

စစ်ပွဲများ၏အကြွင်းအကျန် မြေမြှုပ်မိုင်းများကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ရှင်းလင်းဆောင်ရွက်နိုင်ရန် အစိုးရမဟုတ်သောအဖွဲ့အစည်းခြောက်ခုတို့ ပူးပေါင်းကာ နိုင်ငံတကာ မြေမြှုပ်မိုင်းတားဆီးရေးလှုပ်ရှားမှုအဖွဲ့ (International Campaign to Ban Landmines) ကို ၁၉၉၂ ခုနှစ်က ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့ကြီး၏ မဆုတ်မနစ် ကြိုးပမ်းအားထုတ်မှုကြောင့် ၁၉၉၇ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံပေါင်း ၁၂၂ နိုင်ငံတို့ လက်မှတ်ရေးထိုးခဲ့ကြသော မြေမြှုပ်မိုင်းတားဆီးရေးစာချုပ်သည် နိုင်ငံတကာဥပဒေအဖြစ် အသက်ဝင်လာခဲ့သည်။

ထိုအဖွဲ့ကြီး၏ မြေမြှုပ်မိုင်းရှင်းလင်းရေး လေ့လာစောင့်ကြည့်မှုများကြောင့် ကမ္ဘာ့ဒေသအသီးသီး၏ မြေကြီးအောက်မှ မြေမြှုပ်မိုင်း စုစုပေါင်း ၄၂ သန်းကို ရှင်းလင်းဖျက်ဆီးပစ်နိုင်ခဲ့သည်။ ထိုသို့ ရှင်းလင်းဖျက်ဆီးပစ်နိုင်ခြင်းနှင့်အတူ ကမ္ဘာ့အရပ်ရပ်တွင် မြေမြှုပ်မိုင်းများကြောင့် ထိခိုက်၊ ဒဏ်ရာရ၊ သေဆုံးသူဦးရေသည်လည်း တစ်နှစ်ထက်တစ်နှစ် လျော့ကျလာခဲ့သည်။

### ခေတ်သစ် မြေမြှုပ်မိုင်းနည်းပညာ

အခြားတစ်ဖက်တွင်လည်း မြေမြှုပ်မိုင်း၏ အစွမ်းအာနိသင်ကို ထိန်းချုပ်ကန့်သတ်နိုင်မည့် နည်းလမ်းများကို ရှာဖွေနိုင်ရေးအတွက် တွန်းအားပေးမှုများ မြင့်မားလာခဲ့သည်။ ဤသို့ဖြင့် နှစ်ပေါင်းများစွာ ကြာညောင်းလာသည့်တိုင် အသက်ဝင်နေဆဲဖြစ်သော မြေမြှုပ်မိုင်းများကြောင့် စစ်ပွဲနှင့်မပတ်သက်သည့် အရပ်သားအများအပြား ထိခိုက်၊ သေဆုံးရမှုများမှ ရှောင်လွှဲနိုင်ရန်အတွက် မြေမြှုပ်မိုင်းထုတ်လုပ်သည့် နည်းပညာကိုပြောင်းလဲရန် ကြိုးပမ်းအားထုတ်လာခဲ့ကြသည်။

စမ်းသပ်ရှာဖွေဖော်ထုတ်၍ မရနိုင်အောင် တည်ဆောက်ထားသော မြေမြှုပ်မိုင်းများနှင့် နှစ်ကာလကြာရှည်စွာ အသက်ဝင်နေသော မြေမြှုပ်မိုင်းများနေရာတွင် စစ်ဆင်ရေးကာလအတွင်း ရက်ပိုင်းမျှသာ အသက်ဝင်ပြီး လနှင့်ချီ၍ကြာသွားသည့်အခါ လုံးဝမပေါက်ကွဲနိုင်တော့သော မြေမြှုပ်မိုင်းများနှင့် ကာလကြာသည့်အခါ အလိုအလျောက် အာနိသင်ပျက်ပြယ်သွားသော မြေမြှုပ်မိုင်းများကို လက်နက်ဆိုင်ရာသုတေသီများနှင့် လက်နက်ထုတ်လုပ်သည့် ကျွမ်းကျင်ပညာရှင်များက ပြောင်းလဲထုတ်လုပ်လာခဲ့ကြသည်။ လက်တွေ့စမ်းသပ်ရာ၌လည်း ရည်မှန်းချက်အတိုင်း အောင်မြင်မှုများရရှိနေပြီဖြစ်သည်။

သိပ္ပံနှင့် နည်းပညာများ ပြောင်းလဲတိုးတက်နေသည့်ခေတ်ကာလနှင့် လျော်ညီစွာ တီထွင်ကြံဆ ထုတ်လုပ်နိုင်ကြပြီဖြစ်သော ခေတ်သစ်မြေမြှုပ်မိုင်းများက အပြစ်မဲ့သူတို့ ထိခိုက်ဒဏ်ရာရ သေကျေပျက်စီးရခြင်းတို့ကို ရှောင်လွှဲပေးနိုင်ပြီဖြစ်သည်။ တစ်နည်းဆိုရသော် စစ်ပွဲများအတွင်း၌ သက်တော်စောင့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပေးမည်ဖြစ်သော်လည်း စစ်ပွဲအလွန်ကာလများသို့ ရောက်ရှိလာခဲ့လျှင်မူ စစ်အေးခေတ်၏ လူသတ်သမားအဖြစ်သို့ ရောက်မလာနိုင်တော့သော ခေတ်သစ်မြေမြှုပ်မိုင်းများသည် စစ်ပွဲ၏အကြွင်းအကျန် မြေမြှုပ်မိုင်းပြဿနာကို ဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်နေကြသော အဖွဲ့အစည်းအသီးသီးတို့၏ မြေမြှုပ်မိုင်းအဟောင်းများ ရှင်းလင်းဖျက်ဆီးရေးလုပ်ငန်းစဉ်များကိုလည်း တုံ့ဆိုင်းအားပျော့စေနိုင်တော့မည် မဟုတ်ပေ။

သို့ဖြစ်၍ အနာဂတ်ကမ္ဘာ၌ ကြုံတွေ့လာရဖွယ်ရှိသော ပဋိပက္ခများသည် မလွှဲမရှောင်သာဘဲ စစ်ပွဲအသွင်သို့ဆောင်ခဲ့ပါက စစ်ပွဲအလွန်ကာလများတွင် အပြစ်မဲ့သူတို့ ထိခိုက်သေကျေရမှု မရှိစေရေးအတွက် စစ်ပွဲပြီးဆုံးသည်နှင့် မပေါက်ကွဲနိုင်တော့ဘဲ အလိုအလျောက်ပျက်စီးသွားမည့် ခေတ်သစ်နည်းပညာသုံး မြေမြှုပ်မိုင်းများအသုံးပြုရေးကို တစ်ကမ္ဘာလုံးက ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးသွားကြခြင်းအားဖြင့် အေးချမ်းစွာ နေထိုင်ရှင်သန်လိုကြသည့် အများပြည်သူတို့ကို လူမှုဒုက္ခအပေါင်းမှ ကင်းဝေးစေနိုင်လိမ့်မည်ဖြစ်ပေသည်။ ။

**“ဝမ်းရေးအတွက် သစ်ပင်ခုတ်သူများနှင့် အမဲလိုက်သူများမှသည် စိုက်ပျိုးမြေဖော်ထုတ်သူများနှင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်သူများအထိတို့သည် မြေမြှုပ်မိုင်းများကိုနင်းမိပြီး ဒုက္ခိတဘဝသို့ရောက်ကြရသည်။ အသက်ဆုံးကြရသည်။ စစ်ပွဲများပြီးဆုံးခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း မြေမြှုပ်မိုင်းများက ဆက်လက်သတ်ဖြတ်နေဆဲ၊ သတ်ဖြတ်ရန် အသင့်ရှိနေဆဲပင်ဖြစ်သည်။ ကမ္ဘာ့ဒေသအသီးသီးတွင် သန်းနှင့်ချီသော မြေမြှုပ်မိုင်းများသည် မြေကြီးထဲ၌ရှိနေဆဲဖြစ်ပြီး နှစ်စဉ် လူပေါင်း ၁၅၀၀၀ မှ ၂၀၀၀၀ အထိသည် မြေမြှုပ်မိုင်းများကြောင့် ဒဏ်ရာရခြင်း၊ ကိုယ်လက်အင်္ဂါပျက်စီးခြင်း၊ သေဆုံးခြင်းများ ဖြစ်ပွားလျက်ရှိနေသည်။ ယင်းပမာဏ၏ ၈၀ ရာခိုင်နှုန်းမှာ အရပ်သားများဖြစ်ကြပြီး ယင်းတို့အနက် သုံးပုံတစ်ပုံမှာ အရွယ်မရောက်သေးသော ကလေးသူငယ်များ ဖြစ်ကြသည်”**

# ထိုင်း - မြန်မာနယ်စပ်ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ကော့သောင်း ဒီဇင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးနေထွန်းနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် ယမန်နေ့က ကော့သောင်း ခရိုင် ခမောက်ကြီးမြို့ ထိုင်း - မြန်မာ နယ်စပ် ပါချန်မြစ်ကမ်းဘေး ကျေးရွာများကို ဆက်သွယ်သွားလာမည့် ကျေးရွာ ချင်းဆက်လမ်းများ ဖောက်လုပ်နေမှု အခြေအနေကို လိုက်လံကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ကွင်းဆင်းကြည့်ရှုစစ်ဆေးမှုတွင် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံအား နယ်နိမိတ်အဖြစ် ပိုင်းခြားထားသည့် ပါချန်မြစ်ကမ်းတစ်လျှောက် နယ်စပ် ကျေးရွာများဖြစ်သည့် အောင်ချမ်းသာ၊ ဆိပ်ဖူး၊ မာရမ်း၊ ထုံပရိ၊ ဖော့သုတ်၊ လုံးဖော၊ ပါကလပ်စသည့် ကျေးရွာများသို့ ကော့သောင်းခရိုင် ခမောက်ကြီးမြို့ အမှတ်-၄ရပ်ကွက် ဖောင်ဆိပ်မှတစ်ဆင့် အနီးဆုံးကျေးရွာဖြစ်သည့် ရေတွင်းတောင်ကျေးရွာမှ စတင်ပြီး ကျေးရွာချင်းဆက် မြေသားလမ်းများ ဖောက်လုပ်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လမ်းဖောက်လုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို ပေါင်းစပ်ညှိနှိုင်းအကြံပြု ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာများသို့ ဒေသခံပြည်သူများ ဆက်သွယ်သွားလာရာတွင် ယခင်က ဆီအုန်းကုမ္ပဏီများ၏ ဆီအုန်း စိုက်ပျိုးရေး ဧရိယာများအတွင်းရှိ ဆီအုန်း ထုတ်လုပ်ရာလမ်းများမှတစ်ဆင့် ဆက်သွယ်သွားလာနေကြရသဖြင့် ကျေးရွာများသို့ ကွေ့ဝိုက်ရှည်လျားစွာ သွားလာကြရပြီး အချိန်ကုန်မှုများစွာ ဖြစ်ပေါ်ခဲ့ကြရကာ ကုန်ကျစရိတ်မြင့်မားမှု ကြုံတွေ့ကြရသဖြင့် ယခုကျေးရွာချင်းဆက် လမ်းဖောက်လုပ်ပြီးစီးပါက လမ်းခရီး တိုတောင်းကာ ကုန်ကျစရိတ် သက်သာလာမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု လုပ်ငန်းများတွင် ကုန်စည်စီးဆင်းမှု၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေး ကဏ္ဍများတွင်လည်း များစွာအထောက်အကူ ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# ငမြှောင်တောင်ပိုး ကျရောက်နေသည့် အစေ့ထုတ်ပြောင်းစိုက်ခင်းများအတွင်း စုပေါင်းမီးထောင်ချောက်ထွန်း၍ ကာကွယ်နှိမ်နင်း

**မြင်းခြံ ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၌ အစေ့ထုတ်ပြောင်းစိုက်ခင်းများအတွင်း ငမြှောင်တောင်ပိုးများ ကျရောက်နေ၍ ယမန်နေ့က မြင်းခြံခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်လင်း ဦးဆောင်သော ဝန်ထမ်းများအဖွဲ့က ငမြှောင်တောင်ပိုးကျရောက်သည့် ကျေးရွာများမှ ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ အစေ့ထုတ်ပြောင်း စိုက်ခင်းအတွင်း ငမြှောင်တောင်ပိုး ကျရောက်မှု ကင်းဝေးစေရေး စုပေါင်းမီးထောင်ချောက်ထွန်းခြင်းလုပ်ငန်းဖြင့် ကာကွယ်နှိမ်နင်းမှုများ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ငမြှောင်တောင်ပိုး ကျရောက်နေမှုအပေါ် စဉ်ဆက်မပြတ် ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် သီးနှံ ပျက်စီးဆုံးရှုံးမှုကို လျော့နည်းကျဆင်းစေနိုင်ကြောင်း၊ တောင်သူများ အနေဖြင့် ကာကွယ်နှိမ်နင်းမှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးခဲ့သည်။

ဒေသခံတောင်သူများနှင့် အတူ အစေ့ထုတ်ပြောင်းစိုက်ခင်းများအတွင်း ငမြှောင်တောင်ပိုး ကျရောက်နေမှု လျော့နည်းပပျောက်စေရန် မြင်းခြံမြို့နယ် သဲဖြူဝကျေးရွာအုပ်စု ကျီးပင်ကျေးရွာ အနောက်ဘက်ရှိ မြစ်ကျိုးအင်းတစ်လျှောက် မီးထောင်ချောက် ၁၆၁ တိုင်၊ မီးခွက် ၃၂၂ ခွက် တို့ကို စုပေါင်းထွန်းညှိ၍ ကာကွယ်နှိမ်နင်းခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ငမြှောင်တောင်ပိုး ကျရောက်မှု ဖြစ်ပွားနေသည့် နတ်ညွှန်းကျေးရွာ၊ ဒါးကျွန်း(တ)ကျေးရွာ၊ ဒါးကျွန်း(မ)ကျေးရွာ၊ တန်ဆောင်းကျေးရွာ၊ ညောင်ပင်ကုန်းကျေးရွာများမှ အစေ့ထုတ်ပြောင်းစိုက် တောင်သူ ၃၅ ဦးထံ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)မှ ထောက်ပံ့သည့် ဗိုက်တာနမ်ချပ်ကူ ပိုးသတ်ဆေးဘူးများ၊ ဩဘာကုမ္ပဏီမှ ထောက်ပံ့သည့် ဆိုင်ကလုန်းပိုးသတ်ဆေးနှင့် အလန်းပိုးသတ်ဆေးဘူးများ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ပံ့သည့် တမာပိုးသတ်ဆေးဘူးများကို အစေ့ထုတ်ပြောင်း စိုက်ခင်း ၉၅ ဧကအတွက် ကာကွယ်နှိမ်နင်းမှုများ ပြုလုပ်ဆောင်ရွက်ရန် ထောက်ပံ့ပေးအပ်ခဲ့ပြီး မြင်းခြံမြို့နယ်အတွင်း အစေ့ထုတ်ပြောင်း စိုက်ပျိုးထားရှိမှုမှာ ဧကပေါင်း ၁၂၀၀၀ ခန့်ရှိကာ လက်ရှိ ငမြှောင်တောင်ပိုး ကျရောက်မှုမှာ ကျေးရွာပေါင်းလေးရွာမှ စိုက်ဧက ၆၃ ဧကရှိကြောင်း သိရသည်။



**ရဲဝင်းနိုင် (ညောင်ဦး)**

# စာဖတ်သည့်အလေ့အကျင့်ရရှိစေရန် ခန္တီးလူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်းကျင်းပ

**ခန္တီး ဒီဇင်ဘာ ၂၆**

စာရေးဆရာမ ငြိမ်းငြိမ်းနိုင်၏ 'လီလီပန်းလေးများရဲ့နောက်ကွယ်မှာ' ဆောင်းပါးခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းကို ယနေ့နံနက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ခန္တီး(အထက)ကျောင်းမှ နဝမတန်း ကျောင်းသား ကျောင်းသူ ၁၉ ဦးနှင့် ကျင်းပခဲ့ကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများကို စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ လူအများနှင့် ပြောဆိုသည့်အခါ ပြောရဲ ဆိုရဲ ရှိစေရန်နှင့် ဆောင်းပါးထဲက စာကို ဖတ်မှတ်ထားပြီး တွေးခေါ်တတ်စေရန် စာဖတ်ဝိုင်းကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိက ရှင်းလင်းပြောကြားသည်။

ထို့နောက် ခန္တီး (အထက)ကျောင်းမှ နဝမတန်း ကျောင်းသား ကျောင်းသူများက ဆောင်းပါးထဲမှ ရရှိသည့် သုတ၊ ရသ အသိအမြင်များကို တစ်ဦးနှင့် တစ်ဦး အပြန်အလှန် ဆွေးနွေး ဖလှယ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ယာဉ်၊ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးဆောင်ရွက်ပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိ ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | လယ်ဝေး |
| ၂။ | ကချင်ပြည်နယ် | မိုးကောင်း |
| ၃။ | ကရင်ပြည်နယ် | ဖာပွန်၊ ကမမောင်းမြို့နယ်ခွဲ၊ ကြာအင်းဆိပ်ကြီး |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ဘုတလင်၊ မြောင်၊ ခမ်းပတ်၊ ဝက်လက် |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | လောင်းလုံ၊ တနင်္သာရီ |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ကဝ၊ ပေါက်ခေါင်း၊ မိုးညို |
| ၇။ | မကွေးတိုင်းဒေသကြီး | ရေနံချောင်း၊ ရေစကြို၊ ပွင့်ဖြူ၊ အောင်လံ |
| ၈။ | မန္တလေးတိုင်းဒေသကြီး | စဉ့်ကိုင်၊ မိုးကုတ် |
| ၉။ | မွန်ပြည်နယ် | မုဒုံ |
| ၁၀။ | ရခိုင်ပြည်နယ် | ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ အမ်း |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | မှော်ဘီ၊ ဒလ |
| ၁၂။ | ရှမ်းပြည်နယ် | ညောင်ရွှေ၊ ပင်လောင်း၊ ကွန်ဟိန်း၊ သီပေါ၊ မိုင်းပျဉ်း |
| ၁၃ | ဧရာဝတီတိုင်းဒေသကြီး | မြောင်းမြ၊ ဓနုဖြူ၊ အင်္ဂပူ၊ ကျိုက်လတ် |

**မြန်မာ့အလင်း**

# ကလေးမြို့ မြို့မစည်ပင်ဈေးအတွင်း ရောင်းချနေသော ဝက်သားနှင့် ကြက်သားအရောင်းဆိုင်များသို့ ရှောင်တခင် စစ်ဆေး

**ကလေး ဒီဇင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မြို့မဈေးအတွင်း ဝက်နာသားများ ရောင်းချနေသည်ကို ဈေးစားသုံးသူရေးရာအဖွဲ့ငယ်မှ အဖွဲ့ဝင်တစ်ဦးက လာရောက်စစ်ဆေးပေးပါရန် သတင်းပေးမှုအရ မြို့မစည်ပင်ဈေးသို့ ဒီဇင်ဘာ ၂၄ ရက်က တာဝန်ရှိသူများ ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(အောက်ပုံ)**

ယင်းသို့သွားရောက်စစ်ဆေးရာတွင် မြို့မစည်ပင်ဈေးအတွင်း ရောင်းချနေသော ဝက်သားနှင့် ကြက်သားအရောင်းဆိုင် ၁၇ ဆိုင်သို့ စားသုံးသူရေးရာ ဦးစီးဌာနနှင့် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဦးဆောင်၍ အဖွဲ့ဝင် ၁၅ ဦးဖြင့် သွားရောက်စစ်ဆေးခဲ့ရာ ဝက်သားလက်ကျန် (ရက်လွန်အသား) အေးခဲသား ၁၂ ပိဿာနှင့် ကြက်သားတစ်ပိဿာကို သိမ်းဆည်းပြီးနောက် နောင်တွင် အေးခဲသားများ၊ မလတ်ဆတ်သောအသားများနှင့် ရောဂါကျရောက်နေသာအသားများ မရောင်းချရန်နှင့် တောဝက်သားများ ရောင်းချခွင့်မရှိကြောင်း ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမြင့်ဝင်းက ပြောကြားခဲ့သည်။

အဆိုပါ သိမ်းဆည်းခဲ့သော အသားများကို ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၆)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက် (၁၀/၂၀၁၈)အရ ကလေးခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးရုံးဝင်းအတွင်း မြေမြှုပ်ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား**



# တောင်ဇလပ်ပန်းတို့ ပွင့်ချိန်

**သျှင်နေမင်း - ဂန့်ဂေါ**



ချင်းပြည်နယ်တွင် အာဆီယံအမွေအနှစ်စာရင်းဝင် အမျိုးသား ဥယျာဉ်တည်ရှိရာ ဝိတိုရိယတောင်ခေါ် နတ်မတောင်နှင့် ကနေဒီတောင်ဟူ၍ ထင်ရှားသောတောင်နှစ်ခုတည်ရှိပြီး ထိုတောင်များက ချင်းပြည်နယ်၏ အလှတရားများကို သိမ်းပိုက်ထားသည့် နေရာများဖြစ်သည်။

## နာမည်ကျော်သည့်ပန်း

ဝိတိုရိယတောင်သည် ချင်းပြည်နယ်တောင်ပိုင်း ကန်ပက်လက်မြို့နယ်တွင် တည်ရှိပြီး ကနေဒီတောင်မှာ ချင်းပြည်နယ်မြောက်ပိုင်း တီးတိန်မြို့နယ်တွင် တည်ရှိသည်။ တောင်နှစ်ခုစလုံး၏ တောင်စွယ်တောင်တန်းများတွင် ပြည်နယ်၏ အမှတ်သညာဖြစ်သော တောင်ဇလပ်ပန်းပင်များ ဝေဝေဆာဆာ ဖူးပွင့်သောကြောင့် ချင်းပြည်နယ်တွင် နာမည်ကျော်ကြားလှသည်။

ချင်းပြည်နယ်၏ တော်ဝင်ပန်းများတွင် တစ်ခုအပါအဝင်ဖြစ်သော ချယ်ရီပန်းသည် ဆောင်းဦးရာသီ အချိန်မှစ၍ ပြည်နယ်တစ်ခွင်လုံး ဝေဝေဆာဆာ ဖူးပွင့်ခဲ့ကြပြီး ဖြစ်သည်။ ချယ်ရီပန်းများ ပွင့်ပြီးနောက်တွင် တောင်ဇလပ်ပန်းများသည်လည်း နိုဝင်ဘာနှောင်းပိုင်းမှစ၍ အဖူးအငုံနီနီရဲရဲဖြင့် တစ်ပင်နှင့်တစ်ပင် အပြိုင်အဆိုင်ဝေဝေဆာဆ ဖူးပွင့်နေကြပြီဖြစ်သည်။

ချင်းပြည်နယ်တွင် ခရစ်ယာန်ဘာသာကို အများစုကိုးကွယ်ကြသည် ဖြစ်သောကြောင့် ဒီဇင်ဘာခရစ္စမတ်ကာလရောက်တိုင်း ခရီးသွားဧည့်သည်များဖြင့် စည်ကားလှသည်။ တချို့က ကနေဒီတောင်ကို တိမ်ပင်လယ်ကြည့်ရန် လာရောက်လည်ပတ်ကြသလို ရိဒ်ရေကန်ကို အလည်သွားရောက်ဖို့ရာ တစ်နှစ်တစ်ကြိမ် တစ်ခါဆိုသလို မိမိနေရပ်ဒေသသို့ ပြန်လာတတ်ကြသည်။ ကနေဒီတောင်တန်းသည် ကလေးမြို့မှ ချင်းပြည်နယ် မြို့တော် ဟားခါးမြို့သို့လည်းကောင်း၊ အနောက်ဘက် အိန္ဒိယ နိုင်ငံနယ်စပ်နှင့် ရိဒ်ရေကန်သို့သွားရာ ခရီးလမ်းပေါ်တွင်တည်ရှိသဖြင့် တောင်ဇလပ်ပန်းတို့ပွင့်ချိန်၌ ခရီးသွားများ၏စိတ်ကို သာယာမှု၊ ပျော်ရွှင်မှု၊ ကြည်နူးမှု၊ ဂုဏ်ယူဝင့်ကြွားမှုတို့ဖြင့် တောင်ဇလပ်ပန်းတို့သည် လှချင်တိုင်းလှနေပေတော့သည်။

## ပြည်နယ်၏ အမှတ်အသား

တောင်ဇလပ်ပန်းကို ချင်းလူမျိုးများအနေဖြင့် ပြည်နယ်အတွက် ဂုဏ်ယူဝင့်ကြွားရသောပန်း၊ အမြတ်တနိုးထားရသောပန်းအဖြစ် ခံယူကြသောကြောင့် အမျိုးသားပန်းအဖြစ် သတ်မှတ်ကြရာမှ ပြည်နယ်၏အမှတ်အသားအဖြစ် အသိအမှတ်ပြုလာကြသည်။

"ကနေဒီတောင်ရဲ့သစ်တောပြုန်းတီးမှုက များပြားလာတဲ့အခါမှာ ရာသီဥတုပြောင်းလဲမှုတွေကလည်း သိသာလာတယ်။ သဘာဝဘေးဒဏ်တွေလည်း ကျလာတယ်။ သဘာဝဘေးဒဏ်ကျလာရင် ကလေးဒေသ နေရာတော်တော်များများ ကဒုက္ခရောက်မယ်။ ကလေးဒေသဆိုတာက ချင်းပြည်နယ်တစ်ခုလုံးရဲ့ စပါးကျီလို့ခေါ်လို့ရပါတယ်။ ကနေဒီတောင်တန်း သစ်တောပြုန်းတီးမှုကြောင့် ဖြစ်ပေါ်လာမယ့် ဆိုးကျိုးက ချင်းတောင်မှာရှိတဲ့ ပြည်သူတွေသာမက ကလေးဒေသက လူတွေပါ ထိခိုက်လာနိုင်ပါတယ်။ ဒါကြောင့် ထိန်းသိမ်းရေးလုပ်ဖို့လိုလာပြီဆိုတဲ့ အတွေးကြောင့် သူငယ်ချင်းတွေနဲ့ လူတွေစုပြီး စိတ်ဝင်စားရာ ကနေဒီစိမ်းလန်းစိုပြည်ရေးအဖွဲ့ကို ၂၀၁၂ ခုနှစ် ဇွန်လ ၂၄ ရက်နေ့မှာ စဖွဲ့စည်းခဲ့ပြီး နေသာစာကြည့်တိုက် ဘုန်းဘုန်းတို့ရယ်၊ သစ်တောဦးစီးဌာနတွေနဲ့ပူးပေါင်းပြီး သစ်ပင်စိုက်ပျိုးပွဲတွေ လုပ်ခဲ့ပါတယ်"ဟု ကနေဒီစိမ်းလန်းစိုပြည်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးငင့်ရှင်းခွာလ်က ပြောသည်။

## ပြည်နယ်သင်္ကေတ အောက်ချင်းငှက်

"သစ်ပင်စိုက်ပျိုးပွဲတွေကို ၂၀၁၃ ခုနှစ်မှာလုပ်ခဲ့တယ်။ ၂၀၁၄ ခုနှစ်မှာလုပ်ခဲ့တယ်။ ၂၀၁၅ ခုနှစ်မှာတော့ သဘာဝဘေးဒဏ်ကို ချင်းပြည်နယ်ရော ကလေးဒေသမှာပါ အကြီးအကျယ် ခံခဲ့ရတာကြောင့် မလုပ်နိုင်ခဲ့ဘူး။ ၂၀၁၆ မှာ သစ်တောဦးစီးဌာနနဲ့ပူးပေါင်းပြီး တောင်ဇလပ်သစ်ပင်စိုက်ပျိုးပွဲတွေ လုပ်ခဲ့ပါတယ်။ သဘာဝထိန်းသိမ်းတာက တောင်ဇလပ်ဆိုတာ ချင်းတောင်ဒေသမှာပဲ အမှတ်သညာလိုဖြစ်နေတာ။ တောင်ဇလပ်နဲ့ အောက်ချင်းငှက်ဆိုတာ ချင်းပြည်နယ်ရဲ့ သင်္ကေတပါ။ အောက်ချင်းငှက်ဆိုတာလည်း သစ်တောပြုန်းတီးမှုတွေကြောင့် ပျောက်ကွယ်လုနီးဖြစ်နေပြီ၊ သိပ်မရှိတော့ဘူး။ မမြင်ရမတွေ့ရသလောက်ကို ဖြစ်နေပြီ။ ကျန်နေသေးတဲ့ တောင်ဇလပ်ကို ထိန်းသိမ်းကြဖို့၊ ကျေးရွာတွေကိုဆင်းပြီး ပြည်နယ်ရဲ့အလှကို မဖျက်ဆီးကြဖို့ ပညာပေးတာတွေ လုပ်နေပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ကနေဒီစိမ်းလန်းစိုပြည်ရေးအဖွဲ့အနေဖြင့် အာလွယ်ကျေးရွာတွင် သစ်ပင်များ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ ချယ်ရီ၊ ခါတော်မီ၊ ထင်းရှူးစသည့် အပင်နှစ်သောင်းရှိ ဧကနှစ်ဧကကို ကနေဒီဒေသစိမ်းလန်းစိုပြည်ရေးနှင့် ဒေသခံများ၏ ဘဝနေထိုင်မှု လိုအပ်ချက်အတွက် သစ်တောပြုန်းတီးမှု ဖြစ်ပေါ်နေသည့် နေရာများ၌ ပြန်လည်ပျိုးထောင် စိုက်ပျိုးခြင်းနှင့် လှုံ့ဆော်ထိန်းသိမ်းခြင်းဖြင့်လည်းကောင်း၊ တောင်ဇလပ်နှင့် ချယ်ရီသစ်ပင်ပန်းမန်များ ထိန်းသိမ်းခြင်းဖြင့် လည်းကောင်း ကနေဒီစိမ်းလန်းစိုပြည်ရေးအဖွဲ့က ၂၀၁၂ ခုနှစ်မှစတင်ကာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

## ကနေဒီတောင်

ကနေဒီတောင်သည် ပင်လယ်ရေမျက်နှာပြင်အမြင့် ၈၈၇၁ ပေ ရှိပြီး ချင်းပြည်နယ်မြောက်ပိုင်းတွင် အမြင့်ဆုံးဖြစ်ကာ ဒေသအလှကို အကောင်းဆုံးမြင်တွေ့နိုင်သည့် နေရာဖြစ်သည်။ ချင်းပြည်နယ်အတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေရာ လျာထားချက်များတွင် ကနေဒီတောင်ထိပ်လည်းပါဝင်ကာ ကနေဒီဒေသ သစ်တောပြန်လည်ထူထောင်ရေး အောင်မြင်ရန်အတွက် ဒေသခံများ၏ ပူးပေါင်းပါဝင်မှုကလည်း များစွာလိုအပ်နေပြီဖြစ်သည်။

တောင်ဇလပ်ပန်းများသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၆၅၀၀ အထက်တွင် တွေ့ရတတ်ပြီး သိုင်းငင်းထုတ်လှိုင်လမ်းခွဲအနီးတွင် စတွေ့ရသည်။ သိုင်းငင်းမှ ဖလမ်းသို့သွားရာတွင် ဗားလုံအထိ တောင်ဇလပ်ပင်များကိုတွေ့ရပြီး ဗားလုံအကျော် လုံပန်းတွင် မတွေ့ရတော့ပေ။ ဖလမ်းရောက်ပြီး ဟားခါးသို့သွားရာလမ်းတွင် လုံပီးအနီး၌ ထပ်တွေ့ရပြီး ဟားခါးရောက်မှ ပြန်တွေ့ရသည်။ လမ်းခရီးတွင် တောင်ဇလပ်ပင်များသည် ကျိုးတိုးကျဲတဲသာ တွေ့ရသည်။

"တောင်ဇလပ်ဆိုတာက ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀၀ ကျော်နဲ့ ၆၀၀၀ အထက်မှာ ပွင့်တာဖြစ်ပါတယ်။ ကနေဒီတောင်ကို အလှဆင်တာက တောင်ဇလပ်တစ်မျိုးတည်းက ပိုအဓိကကျပါတယ်။ ကနေဒီတောင်ဆိုတာ ကျွန်တော်တို့ ငယ်ငယ်ကတည်းက ထိတွေ့နေတဲ့ ဒေသဖြစ်ပါတယ်။ ကနေဒီတောင်ကြီးပျက်စီးသွားမှာ တောင်ဇလပ်တွေ ပြုန်းတီးသွားမှာကို မလိုလားပါဘူး။ ၁၉၉၀ ပြည့်နှစ်တုန်းကဆို ကနေဒီတောင်တန်း တွေဟာ သစ်တောထူထပ်တဲ့ဒေသတွေ ဖြစ်ပါတယ်။ ၁၉၉၃ နောက်ပိုင်းကစပြီး သစ်တောတွေ တော်တော်လေးပြုန်းတီးသွားပါတယ်။ သားရဲတိရစ္ဆာန်ဆို မျိုးစုံရှိတယ်။ အခုတော့ သားရဲတွေလည်း မရှိတော့ဘူး။ ရှားပါးတဲ့ငှက်တွေလည်း မရှိတော့ဘူး။ ဒီအထဲကျန်တာဆိုလို့ တောင်ဇလပ်တစ်ခုပဲကျန်တာ။ ဒီကျန်နေသေးတဲ့ တောင်ဇလပ်ကို မပျက်စီးရအောင်၊ မပြုန်းတီးရအောင် ထိန်းသိမ်းတာဖြစ်ပါတယ်"ဟု ကနေဒီစိမ်းလန်းစိုပြည်ရေးအဖွဲ့ဥက္ကဋ္ဌက ပြောသည်။

## တန်ဖိုးကြီးကြီးထား

တောင်ဇလပ်ပင်တို့သည် ကမ္ဘာ့အနှံ့အပြားတွင် တွေ့ရတတ်ပြီး အများအားဖြင့် မြောက်လတ္တီတွဒ် ၈၀ ဒီဂရီနှင့် တောင်လတ္တီတွဒ် ၂၀ ဒီဂရီအတွင်းရှိ ကုန်းမြင့်တောင်တန်းဒေသများတွင် သဘာဝပေါက်ပင်အဖြစ် အစုလိုက်ပေါက်တတ်ကြောင်း သိရသည်။

"တောင်ဇလပ်ပန်းကို ချင်းအမျိုးအနွယ် မိဘဘိုးဘွားတွေ လက်ထက်ကတည်းက တန်ဖိုးထားခဲ့ကြပါတယ်။ ချင်းရိုးရာ သီချင်းကြီးတွေမှာ တွေ့ရပါတယ်။ ချင်းအမျိုးသမီးတွေရဲ့ အလှအပကို ဖွဲ့နွဲ့တဲ့အခါမှာလည်း ဒီတောင်ဇလပ်ပန်းနဲ့ တင်စားပြီး ဖွဲ့နွဲ့ကြပါတယ်။ ဒါကြောင့် ဒီတောင်ဇလပ်ပန်းဆိုတာ ချင်းလူမျိုးတွေ တန်ဖိုးကြီးကြီးထားတယ်ဆိုတာ ဒီအချက်တွေကြည့်ခြင်းအားဖြင့် သိသာပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

တောင်ဇလပ်ပန်းသည် ချင်းလူမျိုးတို့၏ အမြတ်တနိုးထားသောပန်းအဖြစ် သတ်မှတ်ပြီး ချင်းပြည်နယ်တွင် ဒီဇင်ဘာလမှ မတ်လအတွင်း ဖူးပွင့်လေ့ရှိကြောင်း သိရသည်။ တောင်ဇလပ်ပင်များကို ချင်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် အတွေ့ရများကာ မြောက်ပိုင်းတွင် ပေါက်သည့် အပင်များသည် အနီရောင်ပွင့်ပြီး တောင်ပိုင်းတွင်ပေါက်သည့် အပင်များသည် အဖြူရောင် ပွင့်သည်ကို တွေ့ရသည်။

"တောင်ဇလပ်ပန်းတွေကို အကိုင်းအခက်တွေ မချိုးမဖျက်ဆီးဖို့ ပညာပေးတားဆီးတာတွေကို ဒီဇင်ဘာလ ဒုတိယပတ်ထဲမှာလုပ်ဖို့ စီစဉ်ထားပါတယ်။ မတ်လထဲမှာလည်း လုပ်ပါဦးမယ်။လမ်းခရီးတွေမှာ လက်ကမ်းတွေ ဝေမယ်။ ဗီနိုင်းတွေ ချိတ်မယ်။ သစ်ပင်တွေမှာ **ကျွန်ုပ်အလှကို မဖျက်ဆီးပါနဲ့** ဆိုတဲ့ ဆိုင်းဘုတ်လေးတွေ ချိတ်ဆွဲသွားမှာပါ" ဟု ၎င်းက ပြောသည်။

## ဝိုင်းဝန်းထိန်းသိမ်းရန်လို

ပြီးခဲ့သည့်နှစ်များအတွင်း တောင်ဇလပ်ပွင့်သည့် ရာသီချိန်တွင် တောင်ဇလပ်ပင်များ၏အကိုင်းကို ချိုးယူခြင်း၊ အပင်လိုက်ခုတ်ယူခြင်းများအထိ ရှိခဲ့ပြီး ယခုနှစ်တွင် တောင်ဇလပ်ပင်များကို ပိုမိုထိန်းသိမ်းနိုင်ရန်အတွက် ချင်းတက်ကြွလှုပ်ရှားသူ လူငယ်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ဇလပ်ပင်သည် သစ်ပင်ကြီးအုပ်စုတွင် ပါဝင်ပြီး သစ်ပင်အမြင့် အရွယ်ပမာဏမှာ အသေးဆုံး ၀ ဒသမ ၇၉ ပေမှစ၍ အမြင့်ပေ ၂၀ အထိ ကြီးလျက် ၃၉ ပေ အမြင့်အထိ ရှိတတ်ကြောင်း သိရသည်။ တောင်ဇလပ်ပန်းပွင့်တို့သည် အခိုင်အလိုက် ဖူးပွင့်သည်ကို တွေ့ရသည်။

ချင်းလူမျိုးများအနေဖြင့် ပြည်နယ်၏ အမှတ်သညာအထိမ်းအမှတ်အဖြစ် အောက်ချင်းငှက်နှင့် တောင်ဇလပ်ပန်းကို အလေးအနက်ထားသည့်နည်းတူ ပျောက်ဆုံးသွားသော အောက်ချင်းငှက်များ ပြန်လည်ကျက်စားပျော်မွေ့လာရေးနှင့် တောင်ဇလပ်ပန်းများ နောက်ထပ်ပြုန်းတီးမှုမရှိစေရန် တောင်ဇလပ်ပန်းများပွင့်ချိန်တွင် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်နေပြီ ဖြစ်ပါသည်။ ။

> **"တောင်ဇလပ်ပန်းသည် ချင်းလူမျိုးတို့၏ အမြတ်တနိုးထားသောပန်းအဖြစ် သတ်မှတ်ပြီး ချင်းပြည်နယ်တွင် ဒီဇင်ဘာလမှ မတ်လအတွင်း ဖူးပွင့်လေ့ရှိကြောင်း သိရသည်။ တောင်ဇလပ်ပင်များကို ချင်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် အတွေ့ရများကာ မြောက်ပိုင်းတွင်ပေါက်သည့် အပင်များသည် အနီရောင်ပွင့်ပြီး တောင်ပိုင်းတွင်ပေါက်သည့်အပင်များသည် အဖြူရောင် ပွင့်သည်ကိုတွေ့ရ"**

# ရွှေကူမြို့၌ ခရစ္စမတ် မျက်နှာစုံညီ မိတ်ဆုံစားပွဲ ကျင်းပ

**ရွှေကူ ဒီဇင်ဘာ ၂၆**

ကချင်ပြည်နယ် ရွှေကူမြို့ ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းတော်မှ နှစ်စဉ်ကျင်းပမြဲဖြစ်သော ယေရှုခရစ်တော်ဘုရားရှင်မွေးဖွားခြင်းနေ့မြတ် အထိမ်းအမှတ်အဖြစ် ခရစ္စမတ်ပွဲတော်မင်္ဂလာ မျက်နှာစုံညီမိတ်ဆုံစားပွဲကို ယမန်နေ့က ဘောဂဗလရပ် ကချင်နှစ်ခြင်း ခရစ်ယာန်သာသနာ့ဝင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဓမ္မအမှုတော်ဆောင်ဆရာ ဦးတူးထန်က အခမ်း အနားဖွင့် ဆက်ကပ်ဆုတောင်းပြီး အသင်းတော် ဥက္ကဋ္ဌ သိက္ခာတော်ရသင်းအုပ်ဆရာကြီး ဦးဇင်ဝါတောင်လာက ခရစ္စမတ် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ နှစ်ခြင်းခရစ်ယာန် လူငယ်များက ဂုဏ်တော်ချီးမွမ်းခြင်းကို ပြုလုပ်ကြသည်။

ထို့နောက် ဓမ္မအမှုတော်ဆောင်ဆရာ ဦးလာခါးက ခရစ္စမတ် သတင်းကောင်းဝေငှပြီး ဓမ္မအမှုတော်ဆောင်ဆရာ ဦးမရမ်တူးမိုင်က မိတ်ဆုံစားပွဲ ခရစ္စမတ်ညစာအတွက် ကျေးဇူးတော်ချီးမွမ်းဆက်ကပ်ဆုတောင်းသည်။ ထို့နောက် တက်ရောက်လာသူများက "Merry Christmas To You" ဓမ္မသီချင်းကို သံပြိုင်သီဆိုကြပြီး ခရစ္စမတ်ညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားများ ငွေစက္ကူအတုအစစ် ခွဲခြားနိုင်ရန် မြန်မာသံရုံးက အသိပေးချက်ထုတ်ပြန်ထား

**ဗန်ကောက် ဒီဇင်ဘာ ၂၆**

နှစ်သစ်ကူးကာလတွင် မြန်မာနိုင်ငံသို့ပြန်ကြမည့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအနေဖြင့် ငွေကြေးလဲလှယ်ရာတွင် မြန်မာငွေ ကျပ်တစ်သောင်းတန် ငွေစက္ကူအတုများကို လက်ခံမိခြင်း မရှိစေရေးအတွက် ငွေစက္ကူအတုအစစ် ခွဲခြားသိရှိနိုင်မည့် နည်းလမ်းများကိုထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးက ဒီဇင်ဘာ ၂၅ ရက်မှစ၍ အသိပေးထုတ်ပြန်ထားကြောင်း ထိုင်းနိုင်ငံမှလာသည့်သတင်းများအရ သိရသည်။

မြန်မာအလုပ်သမားများအနေဖြင့် ပိတ်ရက် ပြန်ရန်အတွက် အိမ်ပြန်တုံး(Re-entry Visa)ကို လက်ရှိမိမိနေထိုင်ရာမြို့နယ်များရှိ ထိုင်းလဝကရုံးများတွင် သွားရောက်ပြုလုပ်နိုင်ကြောင်း၊ လေဆိပ်အပါအဝင် မြန်မာ-ထိုင်း နှစ်နိုင်ငံ တရားဝင်ဖွင့်လှစ်ထားသည့် နယ်စပ်ဂိတ်များတွင်လည်း ပြုလုပ်နိုင်ကြောင်း၊ Re-entry Visa တုံးမထုဘဲ နေရပ်သို့ပြန်ခဲ့မိပါက ထိုင်းနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခွင့်ရရှိမည်မဟုတ်ကြောင်းနှင့် တရားဝင်လမ်းကြောင်းများမှတစ်ဆင့် နေရပ်သို့ ပြန်နိုင်ကြောင်းကိုလည်း အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။



ပိတ်ရက်အတွင်း နေရပ်ပြန်ရန် တန်းစီနေသည့် မြန်မာအလုပ်သမားများကို တွေ့ရစဉ်။

နေရပ်ပြန်သည့် လမ်းခရီးတစ်လျှောက်တွင် သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများက သက်သေခံစာရွက်စာတမ်းများ စစ်ဆေးရာတွင် အခက်ခဲမရှိ အစစ်အဆေးခံနိုင်ရန်အတွက် အလုပ်သမားများအနေဖြင့် မိမိတို့၏ သက်သေခံ စာရွက်စာတမ်းများကို ပြည့်စုံစွာယူဆောင်သွားကြရန်နှင့် သက်သေခံစာရွက်စာတမ်းများ လမ်းခရီးတွင် ပျောက်ဆုံးမှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နေရပ်ပြန် မြန်မာအလုပ်သမားများအနေဖြင့် အထူးဂရုပြုရမည့် အချက်တစ်ချက်အဖြစ် မိမိတို့ ရရှိထားသည့် ခွင့်ကာလသတ်မှတ်ရက်အတိုင်း လုပ်ငန်းခွင်များသို့ အချိန်မီပြန်လည်ဝင်ရောက်နိုင်ရေး သတိပြုကြရန်လည်း မြန်မာသံရုံးက ထုတ်ပြန်ကြေညာထားသည်။

မြန်မာအလုပ်သမားများအနေဖြင့် နေရပ်ပြန်ရာတွင် တစ်စုံတစ်ရာ အကူအညီလိုအပ်ပါက နယ်စပ်မြို့များရှိ အလုပ်သမားသံအရာရှိများထံသို့ ဖုန်းဆက်သွယ်ခြင်း၊ Line နှင့် Viber တို့ဖြင့် ဆက်သွယ်ခြင်းနှင့် အလုပ်သမားသံအရာရှိရုံး၏ Facebook စာမျက်နှာဖြစ်သည့် LA-Thailand Page မှတစ်ဆင့် ဆက်သွယ်ခြင်းတို့ဖြင့် အကူအညီတောင်းခံနိုင်ကြောင်းကိုလည်း ထိုင်းနိုင်ငံတစ်ဝန်းမှ နှစ်သစ်ကူးအားလပ်ရက်တွင် မြန်မာနိုင်ငံသို့ပြန်ကြမည့် အလုပ်သမားများသိရှိနိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားခွဲရုံများ အဆင့်မြှင့်တင်တည်ဆောက်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် ဗို့အားပြည့်မီစွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက နှစ်စဉ်ဘဏ္ဍာငွေသုံးစွဲခွင့်ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာနှစ်အတွင်း ၆၆/၁၁-၆.၆ ကေဗွီ (Gas Insulated Switchgear- GIS) ဓာတ်အားခွဲရုံများ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ဓာတ်အားခွဲရုံကြီးများ တည်ဆောက်ရေးဌာနက ရန်ကင်းမြို့နယ်တွင် ၆၆/၁၁-၆.၆ ကေဗွီ၊ 2x30 အမ်ဗွီအေ(GIS) ကုက္ကိုင်းဓာတ်အားခွဲရုံ၊ ဗဟန်းမြို့နယ်တွင် ၆၆/၁၁-၆.၆ ကေဗွီ၊ 2x30 အမ်ဗွီအေ (GIS) သုရဲကောင်းဓာတ်အားခွဲရုံ၊ ဒဂုံမြို့နယ်တွင် ၆၆/၁၁-၆.၆ ကေဗွီ၊ 2x30 အမ်ဗွီအေ(GIS) လွှတ်တော်ဓာတ်အားခွဲရုံတို့ကို တည်ဆောက်လျက်ရှိပြီး Barons & Fujikura EPC ကုမ္ပဏီလီမိတက်က လှိုင်မြို့နယ်တွင် ၆၆/၁၁-၆.၆ ကေဗွီ၊ 30 အမ်ဗွီအေ(GIS) လှိုင်တက္ကသိုလ် ဓာတ်အားခွဲရုံ၊ Asia Power Quality Electric ကုမ္ပဏီလီမိတက်က တောင်ဥက္ကလာပမြို့နယ်တွင် ၆၆/၁၁-၆.၆ ကေဗွီ၊ 2x20 အမ်ဗွီအေ(GIS) တောင်ဥက္ကလာဓာတ်အားခွဲရုံကို Turnkey စနစ်ဖြင့် တည်ဆောက်လျက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

ထို့အပြင် ၃၃ ကေဗွီမှ ၆၆/၁၁-၆.၆ ကေဗွီ၊ 2x30 အမ်ဗွီအေ(GIS) ဓာတ်အားခွဲရုံများအဖြစ် အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိသည့် ရန်ကင်းမြို့နယ်မှ ကုက္ကိုင်းဓာတ်အားခွဲရုံမှာ ၆၅ ရာခိုင်နှုန်း၊ ဗဟန်းမြို့နယ်မှ သုရဲကောင်းဓာတ်အားခွဲရုံမှာ ၇၈ ရာခိုင်နှုန်း၊ ဒဂုံမြို့နယ်မှ လွှတ်တော်ဓာတ်အားခွဲရုံမှာ လက်ရှိအချိန်တွင် ၇၆ ရာခိုင်နှုန်း၊ တောင်ဥက္ကလာဓာတ်အားခွဲရုံမှာ ၈၅ ရာခိုင်နှုန်းနှင့် လှိုင်တက္ကသိုလ် ဓာတ်အားခွဲရုံမှာ ၁၀၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



တောင်ဥက္ကလာပမြို့နယ်တွင် GIS ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို တွေ့ရစဉ်။

အဆိုပါဓာတ်အားခွဲရုံများ တည်ဆောက်ပြီးစီးပါက သက်ဆိုင်ရာမြို့နယ်အလိုက်ဖြစ်သော ရန်ကင်းမြို့နယ်ရှိ ကုက္ကိုင်းဓာတ်အားခွဲရုံမှ ရန်ကင်းမြို့နယ်နှင့် ဗဟန်းမြို့နယ်များသို့လည်းကောင်း၊ ဗဟန်းမြို့နယ်ရှိ သုရဲကောင်းဓာတ်အားခွဲရုံမှ ဗဟန်းမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ ဒဂုံမြို့နယ်နှင့် ကမာရွတ်မြို့နယ်များသို့လည်းကောင်း၊ ဒဂုံမြို့နယ်ရှိ လွှတ်တော်ဓာတ်အားခွဲရုံမှ စမ်းချောင်းမြို့နယ်၊ ဒဂုံမြို့နယ်နှင့် အလုံမြို့နယ်များသို့ လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ်ရှိ တောင်ဥက္ကလာဓာတ်အားခွဲရုံမှ တောင်ဥက္ကလာပမြို့နယ်နှင့် သင်္ဃန်းကျွန်းမြို့နယ်များသို့လည်းကောင်း၊ လှိုင်မြို့နယ်ရှိ လှိုင်တက္ကသိုလ်ဓာတ်အားခွဲရုံမှ မရမ်းကုန်းမြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် လှိုင်မြို့နယ်များသို့လည်းကောင်း ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

ထို့အပြင် ၃၃ ကေဗွီမှ ၆၆ ကေဗွီ(GIS) ဓာတ်အားခွဲရုံများအဖြစ် အဆင့်မြှင့်တင်လိုက်ခြင်းကြောင့် လက်ရှိဓာတ်အားပေးနေသော ၆၆ ကေဗွီ RIR ဓာတ်အားခွဲရုံ၊ ၆၆ ကေဗွီ ရန်ကုန်တက္ကသိုလ်ဓာတ်အားခွဲရုံ၊ ၃၃ ကေဗွီ အလယ်ပါရမီဓာတ်အားခွဲရုံတို့မှ ဝန်အားကို မျှပေးနိုင်ခြင်း၊ တက္ကသိုလ်၊ ကျောင်းများ၊ အရေးကြီးနေရာများသို့ ဓာတ်အားပြတ်တောက်မှုမရှိစေဘဲ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ခြင်း၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေခြင်း၊ ဗို့အားပြည့်မီစွာ ဖြန့်ဖြူးပေးနိုင်ခြင်းနှင့် အရေးကြီးနေရာများသို့ ဓာတ်အား အဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပြီး တည်ဆောက်လျက်ရှိသော ၆၆/၁၁- ၆.၆ ကေဗွီ (Gas Insulated Switchgear- GIS) ဓာတ်အားခွဲရုံများမှာ ၂၀၁၉ ခုနှစ် နှစ်ကုန်တွင် တည်ဆောက်ပြီးစီးမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး (မြန်မာ့အလင်း)**

# လွတ်လပ်ရေးနေ့အကြို စာစီစာကုံးပြိုင်ပွဲ ရွှေကျင်မြို့၌ကျင်းပ

**ရွှေကျင် ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးတင်မိုးညွန့်က ပြိုင်ပွဲကျင်းပသည့် ရည်ရွယ်ချက်များ၊ ရွှေကျင်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသန်းဝင်း(စာရေးဆရာ သာထက်အောင်)က အမှတ်ပေးစည်းမျဉ်းများကို ပြောကြားပြီးနောက် စာစီစာကုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကျောင်းငါးကျောင်းမှ ကျောင်းသားကျောင်းသူ ၁၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုချီးမြှင့်ပြီး ရွှေကျင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်သန်းနုကလည်း ဆုများထပ်မံချီးမြှင့်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# ပဲခူးမြို့တွင် လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများ ကျင်းပရန် ညှိနှိုင်းဆွေးနွေး

**ပဲခူး ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနက ဦးဆောင်၍ ပဲခူးမြို့၌ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ ကျင်းပပြုလုပ်သွားရန်အတွက် ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက်က ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အနေဖြင့် ယှဉ်ပြိုင်ကစားကြမည့် အားကစားပြိုင်ပွဲများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများအဖြစ် စစ်တုရင်ပြိုင်ပွဲ၊ မီနီမာရသွန်ပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲ၊ အပြေးပြိုင်ပွဲများ၊ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ တင်းနစ်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ဘိလိယက်/စနူကာပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲနှင့် ချောတိုင်တက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ကြက်တောင်ရိုက်ပြိုင်ပွဲကို ပဲခူးတိုင်းဒေသကြီး အားကစားခန်းမ၌ ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ နေ့စဉ် ည ၇ နာရီမှ ၁၀ နာရီအထိလည်းကောင်း၊ စစ်တုရင်ပြိုင်ပွဲကို ဟင်္သာကုန်းဘုရားရှေ့တွင် ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိလည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းဒေသကြီးအားကစားခန်းမ၌ ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိလည်းကောင်း၊ တင်းနစ်ပြိုင်ပွဲကို ရွှေမော်ဓောဘုရားလမ်းရှိ ဟင်္သာတင်းနစ်ကွင်း၌ ဇန်နဝါရီ ၂ ရက်နှင့် ၃ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း၊ ဘိလိယက်/စနူကာပြိုင်ပွဲကို မြို့တွင်းကြီးရပ်ကွက် ပန်းခြံကုန်းလမ်းမတန်း၌ ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း၊ ပျော်ပွဲရွှင်ပွဲများ၊ အပြေးပြိုင်ပွဲများကို တိုင်းဒေသကြီးအားကစားခန်းမ၌ ဇန်နဝါရီ ၄ ရက်နေ့ နံနက် ၈ နာရီမှ ၁၀ နာရီအထိလည်းကောင်း၊ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ဟင်္သာလမ်းရှိ ရိုးရာခြင်းလုံးရုံ၌ ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီမှလည်းကောင်း၊ ထုပ်ဆီးတိုးနှင့် လွန်ဆွဲပြိုင်ပွဲကို တိုင်းဒေသကြီးအားကစားခန်းမ၌ ဇန်နဝါရီ ၄ ရက် နံနက် ၁၁ နာရီမှစ၍လည်းကောင်း၊ ခေါင်းအုံးရိုက်နှင့် ချောတိုင်တက်ပြိုင်ပွဲကို ရွှေမော်ဓောဘုရား ယာဉ်ရပ်နားကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီအချိန်မှ စတင်၍လည်းကောင်း၊ မီနီမာရသွန်ပြိုင်ပွဲကို ပဲခူးတက္ကသိုလ်မှ တိုင်းဒေသကြီး အား/ကာရုံးရှေ့အထိ ဇန်နဝါရီ ၄ ရက် နံနက် ၆ နာရီအချိန်မှ စတင်၍လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား ဇန်နဝါရီ ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီးအားကစားခန်းမ၌ ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး (ပဲခူး)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**ငွေဆောင် ဒီဇင်ဘာ ၂၆**

ပြည်သူများအနေဖြင့် မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဌာနဆိုင်ရာများသို့ တိုက်ရိုက်တင်ပြနိုင်စေရန်နှင့် ဌာနဆိုင်ရာများကလည်း ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ရည်ရွယ်ချက်ဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ငွေဆောင်မြို့ သလပ်ခွာကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဒီဇင်ဘာ ၂၅ ရက် ညနေပိုင်းက ပြုလုပ်ခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူထွေးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းရှိန်က ပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနများမှ တာဝန်ရှိသူများက မိမိတို့ဌာနများမှ ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ပြည်သူများက မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သိရှိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**



# မြိတ်ငါးပိအကြောင်း တစေ့တစောင်း

**ဇော်မျိုးနိုင်(မြန်/ဆက်)**

မြိတ်ကအပြန် ငါးပိလက်ဆောင်ဝယ်ခဲ့ပါဟူသော စကားသည် မြိတ်သို့အလည်လာပြီး ဇာတိသို့ပြန်မည့်သူတိုင်းကို မိသားစုနှင့် မိတ်ဆွေများက အမှာပါးလေ့ရှိသည့် မရိုးနိုင်သောစကားဖြစ်သည်။ မြိတ်ဟုဆိုလျှင် သူ့ကို အတူတွဲလျက် အမှတ်ရစေလောက်အောင်ပင် မြိတ်ငါးပိက စွမ်းသည်။ မြိတ်မြို့နေသူတိုင်းအတွက် ငါးပိသည် နေ့စဉ်ထမင်းဝိုင်း၏ မပါမဖြစ် ဇာတ်ဆောင်ဖြစ်သည်။ အလှူပွဲများ၏ ထမင်းဝိုင်းတွင် ပွဲလာဧည့်သည်တိုင်း ခံတွင်းတွေ့စေရေးကို ငါးပိသုတ်နှင့် တို့စရာလေးက ဖော်ဆောင်ပေးသည်။ ထိုမျှစွမ်းသော မြိတ်ငါးပိသည် မြိတ်ကိုကျော်ကာ အထက်မြို့ကြီးသူတို့ကိုပင် စွဲလမ်းအောင် စွမ်းဆောင်နိုင်ပေသည်။ အနံ့သင်းသင်းဖြင့် အရသာတစ်မူထူးသော မြိတ်ငါးပိနှင့်အတူ မြိတ်ကလာသော ငံပြာရည်ကား ရှေးယခင်ကတည်းက နိုင်ငံကျော်နေသည်မှာ ယနေ့တိုင်ပင်ဖြစ်၏။

## ငါးပိဘယ်ကစသလဲ

ငါးပိကောင်းတစ်ခုရရှိရေးသည် လွယ်လှသည်တော့မဟုတ်ပေ။ ငါးပိအစ ငွေ့ကဖြစ်၏။ ငွေ့ဟူသည် ဒေသအခေါ်အဝေါ်ဖြစ်ကာ အမှန်စင်စစ်တွင် ရေငန်ပုစွန်အသေးများဖြစ်၏။ အဆိုပါ ငွေ့ခေါ် ရေငန်ပုစွန်အသေးလေးများမှ အစပျိုးကာ ငါးပိကောင်းတစ်ခုဖြစ်လာစေရန်အတွက် အရင်းအနှီးသည်လည်း နည်းလှသည်တော့မဟုတ်ပေ။ လှေငယ်လေးတစ်စင်းနှင့် ငွေလေးသိန်းဝန်းကျင်ခန့်ကုန်ကျသည့် ဝါးဖောင်ပိုက်များဖြင့် ငါးပိကို အစပျိုးရသည်။

လုံးပတ် ၁၈ လက်မခန့်ရှိသော ဝါးပိုးလုံးများကို အရှည် ၂၅ တောင်၊ အနံ ၁၃ တောင်ခန့် ဖောင်လုပ်ကာ ယင်းဖောင်တွင် ပိုက်ကွက်အစိပ် အလျား အတောင် ၃၀၊ အနံ ၁၂ တောင်ဖြင့် ငွေ့ခံရန် တပ်ဆင်ရသည်။ ပိုက်တပ်ဆင်ပြီး အသင့်ဖမ်းယူနိုင်သည့် ဖောင်တစ်ခု၏တန်ဖိုးမှာ ကျပ်လေးသိန်းခန့်ရှိသည်။ ယင်းဖောင်ကို ရေပေါ်တွင်ချထားကာ တပ်ဆင်ထားသောပိုက်ကို ရေအောက်အနက် ၅ တောင်မှ ၁၀တောင်ခန့်အထိ ရေအတက်အကျ အနေအထားအပေါ်မူတည်၍ ချထားရသည်။ ထိုအခါ ချထားသောပိုက်အတွင်းသို့ ငွေ့ကောင်လေးများ (ပုစွန်အသေးများ) သည် ရေစီးနှင့်အတူ မျောလာကာပိုက်အတွင်း ဝင်ရောက်စုမိနေလေ၏။

## ငွေ့ဖမ်းနေရာနှင့်ရာသီ

ငါးပိအတွက် ငွေ့များကို မြစ်ကျဉ်းများ တစ်လျှောက်တွင် ဖောင်ချဖမ်းယူနိုင်ပြီး မြစ်ကျယ်များတွင်မူ သင်္ဘောများ၊ စက်လှေများသွားလာမှု လမ်းကြောင်းအနေအထားအရ ဖမ်းယူခြင်းမရှိပေ။ တစ်နှစ်ပတ်လုံး ဖမ်းယူလုပ်ကိုင်နိုင်သော်လည်း မိုးများသောလများ၊ အထူးသဖြင့် မိုးရာသီကာလများတွင် နေအပူပေးရန် အခက်အခဲရှိသဖြင့် တစ်နှစ်လုံးတွင် မိုးရာသီအတွင်း မိုးများလဉ် လုပ်ငန်းရပ်နားကြသည်။ ငွေ့ခံချိန်တွင် မြစ်အတွင်းဖောင်ချထားပြီး ခြောက်နာရီ တစ်ကြိမ် ဖောင်ကိုဆွဲတင်ကာ ပိုက်အတွင်း ဝင်ရောက်စုမိနေသော ငွေ့ကောင်များကို ထုတ်ယူကြသည်။ ယင်းနောက် ထိုဖောင်ကို ရေပြန်ချခဲ့သည်။

“ငါးပိထုတ်လုပ်နေသူတို့ အသိပညာကြွယ်ဝလာမှုကလည်း စားသုံးသူတို့အတွက် စိတ်ချမ်းမြေ့ဖွယ်ပင်။ ငါးပိကို သန့်ရှင်းသပ်ရပ်စေရန် တီထွင်ကြံဆသည်ချည်းမဟုတ်။ စားသုံးသူများ ဘေးဥပဒ်မဖြစ်စေရေးအတွက် အိုင်အိုဒင်းဆားဖြင့်သာ အသုံးပြုထုတ်လုပ်သည့်အပြင် ဆိုးဆေးကို လုံးဝ (လုံးဝ)မသုံးတော့ဘဲ နဂိုအတိုင်း ငါးပိ၏ အရောင်အဆင်းနှင့် အနံ့အရသာရရှိအောင် ထုတ်လုပ်ရောင်းချနေခြင်းကလည်း စားသုံးသူအတွက် စိတ်ကျေနပ်စရာပင်ဖြစ်၏။ ဆိုးဆေးမသုံးစွဲသင့်ကြောင်းကို ကျန်းမာရေးဌာနများက အသိပညာဖြန့်ဝေမှုကလည်း ငါးပိလုပ်ငန်းခွင်အတွက် ထိရောက်လှသည်”

နေ့ရောညပါ ဒီရေအတက်/အကျအလိုက် တစ်နေ့လျှင်လေးကြိမ်ခန့် ဝါးဖောင်ပိုက်ကို ဆွဲတင်ကာ ငွေ့ကောင်များထုတ်ယူကြပြီး ရရှိသည့် ငွေ့ကောင်များကို အရှည် လေးလံခန့်ရှိ ကိုယ်ပိုင် စက်တပ်လှေငယ်များဖြင့် အိမ်သို့ ပြန်လည်ယူဆောင်ကြပြီး တစ်နေ့လျှင်လေးကြိမ် အိမ်သို့ အသွားအပြန် သယ်ကြရသည်။ လှေငယ်များတွင် ဟွန်ဒါအင်ဂျင်စက်ငယ်များတပ်ဆင်ပြီး လှေနှင့်စက်အတွက် ကာလတန်ဖိုးမှာ ကျပ်လေးသိန်းဝန်းကျင်ခန့်ရှိသည်။ တစ်နိုင်တစ်ပိုင် မိရိုးဖလာလုပ်ကိုင်သော မိသားစုလုပ်ငန်းဖြစ်သောကြောင့် လှေတစ်စင်းတွင် အိမ်ရှိ လူနှစ်ဦးခန့်သာ လိုက်ပါတတ်ကြသည်။ ငွေ့ဖောင်ချသည့်နေရာသည် ငါးပိလုပ်ကိုင်သူများ၏နေအိမ်နှင့် မဝေးလှသော မြစ်ကျဉ်းများတွင် ဖြစ်သည်။

## ပထမအဆင့် သန့်ရှင်းအခြောက်ခံခြင်း

ဖမ်း၍ရသောငွေ့ကောင်များကို ငါးပိပြုလုပ်ရန်အတွက် ပထမအဆင့် အမှိုက်သရိုက်များ ဖယ်ရှားခြင်း၊ ငါးအကောင်သေးများ ရောပါနေမှုကို ဖယ်ရှားခြင်းတို့ဖြင့် သန့်ရှင်းမှုရှိစေရေးဆောင်ရွက်ရသည်။ ထိုနောက် ငွေ့ကောင် ပိဿာတစ်ရာလျှင် အိုင်အိုဒင်းဆား (၅၀ ကီလိုဂရမ်) တစ်အိတ်ကို ရောစပ်ရပြီး ငွေ့နှင့်ဆား မျှအောင် နယ်ပေးရသည်။ မမျှပါက ပုပ်သွားတတ်၏။ ထို့နောက် ထိုဆားရောပြီးသောငွေ့များကို သိုလှောင်ထားကာ ခုနစ်ရက်ကြာမျှ ဖမ်းယူရရှိသည်များကို စုစည်းပြီးမှ ငါးပိပြုလုပ်ရန်အတွက် နေအပူပေး လှန်းကြသည်။ ငါးပိလုပ်ငန်းလုပ်ကိုင်သည့် ဒေသခံများသည် မြစ်ချောင်းများ၏အနီးတွင် နေထိုင်ကြပြီး အများအားဖြင့် ဒေသအခေါ် (ကြပ်)ဟုခေါ်သော ဝါးစင်များကို ခြေတိုင်ရှည်ပြုလုပ်ကာ ဆားနယ်ထားသည့်ငွေ့ကောင်များကို နေလှန်းအခြောက်ခံကြရသည်။

## ငါးပိထောင်းပြုလုပ်ခြင်း

ထို့နောက် ဆားရော နေလှန်းထားပြီး ခြောက်စပြုနေသည့် ငွေ့ကောင်များကို ထောင်းဆုံထဲထည့်ကာ ငါးပိဖြစ်စေရေးအတွက် စတင်၍ ထောင်းကြရသည်။ ထိုအခါ ငါးပိအဖြစ် ပထမအဆင့်ကို စတင်ရောက်ရှိလာပြီး နောက်တစ်ကြိမ်ထောင်းပြီးသော ငါးပိကို နေပူထဲပြန်လှန်း အခြောက်ခံရသည်။ ထို့နောက် နောက်တစ်ကြိမ် ထောင်းဆုံဖြင့်ပြန်ထောင်းရသည်။ ထိုနည်းအတိုင်း သုံးကြိမ်နေလှန်း သုံးကြိမ်ထောင်းပြီးသောအခါ မွှေးရနံ့သင်းသင်းလေးဖြင့် ငါးပိကို ရရှိသွားပြီဖြစ်သည်။

